ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

### ကောင်းမှုကိုပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၄ ရက်၊ တနင်္ဂနွေနေ့။ Sunday 11 November 2018 ၉၄၆၇

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆွေးနွေးဖက်နိုင်ငံများ ဝန်ကြီးအဆင့် အစည်းအဝေးများ တက်ရောက်




ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး(ငြိမ်း) ပရာယုချန်အိုချာနှင့် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ၊ အစည်းအဝေးသို့ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Shangrila Hotel ၌ နိုဝင်ဘာ ၈ ရက်မှ ၉ ရက်အထိ ကျင်းပသော (၂၄)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယား ဆွေးနွေးဖက်နိုင်ငံများဖြင့် ကျင်းပသော ဝန်ကြီးအဆင့် အစည်းအဝေးများသို့ တက်ရောက်သည်။

နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းတွင် (၂၄)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးစတင်ကျင်းပရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး(ငြိမ်း) ပရာယုချန်အိုချာက တက်ရောက်အမှာစကားပြောကြားပြီး

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

### ယနေ့သတင်းအညွှန်း

ယူနက်စကိုစာရင်းဝင် (ဒေသအဆင့်) အပ်နှင်းခြင်းခံရသည့် မြဂနိုင်ရုပ်ရှင်ဇာတ်ကား လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား ကျင်းပ
စာမျက်နှာ » ၃

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ တာဝန်လွှဲပြောင်းလက်ခံခြင်း အခမ်းအနား ကျင်းပ
စာမျက်နှာ » ၄

ဗိုလ်တထောင် စေတီတော်အနီးတွင် လူကူးခုံးကျော်တံတားသစ် ဖွင့်လှစ်လိုက်ပြီ
စာမျက်နှာ » ၈

### မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ငြိမ်းချမ်းရေးရန်ပုံငွေ အမေရိကန်ဒေါ်လာ သုံးသိန်း ပေးအပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၀**

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ငြိမ်းချမ်းရေးရန်ပုံငွေ ဒေါ်လာ သုံးသိန်း ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❂






ကြေးမုံ

# လူမှုမီဒီယာကို အလွဲအသုံးချမှု ဟန့်တားရှုတ်ချ

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ နိုဝင်ဘာလ ၆ ရက်နေ့က ကျင်းပခဲ့သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် ဒေသခွဲအစည်းအဝေး ကျင်းပခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ ဘရူနိုင်းဒါရူဆလမ်၊ ဩစတြေးလျ၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် နယူးဇီလန်နိုင်ငံတို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ကိုယ်စားလှယ်များက ဒေသတွင်းကြီးထွားလာနိုင်ဖွယ်ရှိသော အကြမ်းဖက်မှုအန္တရာယ်များ၊ အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုများ တားဆီးတိုက်ဖျက်ရာတွင် လူမှုအဖွဲ့အစည်းများအနေဖြင့် အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခန်းကဏ္ဍများနှင့် အကြမ်းဖက်ကွန်ရက်များအနေဖြင့် လူမှုမီဒီယာများကို အလွဲသုံးစားပြု အသုံးချနေမှုများအား တားဆီးဟန့်တားရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်အခြေအနေများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မျက်မှောက်ကာလတွင် စိုးရိမ်ဖွယ်ရာရှိနေသော အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုများ၌သာမက ဒေသတွင်းလုံခြုံရေး၊ စည်းလုံးညီညွတ်ရေး၊ တရားဥပဒေစိုးမိုးရေး စသည့်ကိစ္စရပ်များတွင်ပါ လူမှုမီဒီယာများကို အလွဲသုံးစားပြု အသုံးချနေမှုများ ရှိနေသည်ကို မြင်တွေ့ကြားသိကြရမည် ဖြစ်သည်။ အလွဲသုံးစားပြု အသုံးချမှုပြုသည်ဆိုရာ၌ သက်ဆိုင်ရာမီဒီယာက သိလျက်နှင့်ဖြစ်စေ၊ မသိ၍ဖြစ်စေ သတင်းမှားတစ်ခု သို့မဟုတ် ထင်ယောင်ထင်မှားဖြစ်စေသော အမှုတစ်ခုကိုဖော်ပြလိုက်ခြင်းဖြင့် တစ်ဖက်အဖွဲ့အစည်း သို့မဟုတ် အသိုင်းအဝိုင်းကို ထိခိုက်နစ်နာမှုဖြစ်စေခြင်းကို ဆိုလိုသည်။

အလားတူ သတင်းမှားကို ထုတ်လွှင့်ဖော်ပြခဲ့သည့်ဖြစ်စဉ်တစ်ခု ယခုရက်အတွင်းဖြစ်ပေါ်ခဲ့ပြီး ယင်းမှာ ၅-၁၁-၂၀၁၈ ရက်နေ့ထုတ် Daily Star သတင်းစာတွင် အသက် ၁၅ နှစ်အရွယ် Narul Islam အမည်ရှိ လူငယ်သည် နွားကျောင်းနေစဉ် မြန်မာနိုင်ငံ ရေမောင်ခလီလုံခြုံရေးစခန်းဘက်မှ သေနတ်ဖြင့် ၁၇ ချက်ခန့် ပစ်ခတ်ခဲ့သဖြင့် ထိုလူငယ်၏တံတောင်ဆစ်တွင် ဒဏ်ရာရရှိသွားသည်ဟု ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့ကြောင်း AFP သတင်းဌာန၏ သတင်းကို ဖော်ပြခဲ့ခြင်းဖြစ်သည်။ မှန်ကန်မှုမရှိသော အဆိုပါသတင်းဖြစ်စဉ်ကို မီဒီယာတို့အနေဖြင့် သေချာစွာသုံးသပ်စိစစ်ခြင်း မရှိဘဲ ထုတ်ပြန်ဖော်ပြလိုက်ခြင်းသည် နှစ်နိုင်ငံ အထင်အမြင်လွဲမှားမှုကို ဖြစ်စေပါသည်။

မြန်မာနိုင်ငံအနေဖြင့် မကြာမီကာလအတွင်း မြန်မာနိုင်ငံဘက်မှ စိစစ်ပြီးဖြစ်သည့် နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်စတင်တော့မည့်အချိန်တွင် ထိုလုပ်ငန်းစဉ် နှောင့်နှေးကြန့်ကြာပြီး အနှောင့်အယှက်၊ အဟန့်အတားဖြစ်စေပါသည်။ တစ်ဖက်နှင့်တစ်ဖက် အထင်အမြင်လွဲမှားမှုကိုဖြစ်စေနိုင်သည့် ထိုကဲ့သို့သတင်းများ အချိန်ကိုက်ထွက်ပေါ်လာသည်မှာ စိုးရိမ်ပူပန်မှုကိုသာ ဖြစ်စေပါသည်။ ယခုကဲ့သို့ အချက်အလက်သေချာခြင်းမရှိသည့်ကိစ္စမျိုးကို ဖြေရှင်းကန့်ကွက်ပြောဆိုနေရသည်မှာ နှစ်နိုင်ငံနှင့် ပြည်သူများအတွက် အကျိုးရှိစေနိုင်သောကိစ္စမျိုးမဟုတ်ပါ။

သတင်းမီဒီယာသမားများ လိုက်နာရမည့်တာဝန်နှင့် ကျင့်ဝတ်များတွင် သတင်းတိုင်းကို သတင်းအချက်အလက် တိကျမှန်ကန်မှုရှိစေရန်နှင့် တတ်နိုင်သမျှ ပြည့်စုံစေရန် စိစစ်ခြင်း၊ တိကျမှန်ကန်မှုမရှိသော သတင်းကို ဖော်ပြမိ၍ ပြင်ဆင်ရန်လိုအပ်ပါက အမြန်ဆုံးဖော်ပြခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်ပြီး ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ လူမျိုးတစ်မျိုးကို အကြောင်းပြု၍ ပဋိပက္ခဖြစ်စေနိုင်သော လှုံ့ဆော်ရေးသားမှုမှ ရှောင်ကြဉ်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံအချင်းချင်း၊ လူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ထိခိုက်စေသော ရေးသားဖော်ပြမှုများကို ရှောင်ကြဉ်ရန်နှင့် မီဒီယာများ၊ လူမှုမီဒီယာများကိုအသုံးချ၍ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုကို ပျက်ပြားစေနိုင်သော မည်သည့်ကိစ္စရပ်တို့ကိုမဆို ဝိုင်းဝန်းဟန့်တား ရှုတ်ချကြရမည် ဖြစ်ပါကြောင်း။ ။

53rd MEETING OF ASEAN COMMITTEE ON CULTURE AND INFORMATION
aseancoci
12 - 16 NOVEMBER 2018
NAY PYI TAW, MYANMAR.
(၅၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ (ASEAN COCI) အစည်းအဝေးကို
နေပြည်တော်ရှိ Royal Naypyitaw ဟိုတယ်တွင်
(၁၂.၁၁.၂၀၁၈ မှ ၁၆.၁၁.၂၀၁၈) ရက်နေ့အထိ ကျင်းပသွားပါမည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၁၀**

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ကျိုက်ထိုမြို့တွင် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကျင်းပ

**ကျိုက်ထို နိုဝင်ဘာ ၁၀**

မွန်ပြည်နယ်အစိုးရအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကျိုက်ထိုမြို့နယ် စာကြည့်တိုက်များကွန်ရက်တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျိုက်ထိုမြို့ အထက (၁)ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းနှင့် လူရည်ချွန်ကျောင်းသား ကျောင်းသူတို့က ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းက အမှာစကားပြောကြားရာတွင် စိတ်ချမ်းသာ ပျော်ရွှင်သောကလေးများ၊ စာအုပ်စာပေ ချစ်မြတ်နိုးသောကလေးများ၊ လုပ်ငန်းခွင်တွင် အများနှင့် ပေါင်းသင်းဆက်ဆံလုပ်ကိုင်တတ်သောကလေးများ၊ လူတော်လူကောင်းလေးများ ဖြစ်လာစေရန် ရည်ရွယ်၍ ကလေးစာပေပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း၊ ယနေ့အချိန်မှစပြီး ကလေးများအား ပြုစုပျိုးထောင်ပေးစေချင်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ထိုတိုင်းပြည်၏ စာပေထွန်းကားမှုသည် တိုက်ရိုက်အချိုးကျကြောင်း၊ ကလေးများ စာဖတ်ဝါသနာပါစေရန် အားလုံး ဝိုင်းဝန်းပြီး ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူများက ကလေးစာပေပွဲတော်၏ ဖျော်ဖြေရေးအစီအစဉ်များ၊ ပွဲတော်တွင်ခင်းကျင်းပြသထားသည့် ပြခန်းများ၊ စာပေပြိုင်ပွဲများနှင့် ကလေးများ ကစားနည်းမျိုးစုံ ပျော်ရွှင်စွာ ယှဉ်ပြိုင်နေမှုတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါကလေးစာပေပွဲတော်တွင် မွန်၊ ကရင်၊ ပအိုဝ်းတိုင်းရင်းသားယဉ်ကျေးမှုပြခန်းများ၊ အခြေခံပညာကျောင်း ပြခန်းများ၊ စာအုပ်ပြခန်း၊ ကလေးစာဖတ်ခန်း၊ စာအုပ်အရောင်းဆိုင် ၄၀ ခန့်နှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ပျော်ရွှင်စရာကလေးတို့ကမ္ဘာ အစီအစဉ် ကစားနည်းမျိုးစုံတို့ဖြင့် နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြဝတီမြို့၌ စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကျင်းပ

**မြဝတီ နိုဝင်ဘာ ၁၀**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ကျန်ခမ်းနှင့် ဦးသန့်ဇင်အောင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်သိန်းသန်းဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်သိန်းသန်းဌေးက စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



စာအုပ်ပြပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ၊ ရသစာအုပ်များပြသထားပြီး စာအုပ်ဈေးရောင်းပွဲတော်ကို စိတ်ကူးချိုချို စာပေတိုက်မှ စာအုပ်များကို တိုက်ထုတ်ဈေးနှုန်းထက် ၁၀ ရာခိုင်နှုန်းလျှော့ကာ ရောင်းချပေးသွားမည် ဖြစ်သည်။

အဆိုပါ စာအုပ်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို မြဝတီခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စိတ်ကူးချိုချိုစာပေတိုက်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး နိုဝင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ရေနီမြို့တွင် ဖူဆယ်ကွင်းဖွင့်ပွဲ ပြိုင်ပွဲကျင်းပ

**ရေတာရှည် နိုဝင်ဘာ ၁၀။** ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့ တောင်ပိုင်း(၂)ရပ်ကွက်၌ ပထမဦးဆုံးသော ဖူဆယ်ဘောလုံးကွင်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် အသင်း ရှစ်သင်းပါဝင်သည့် ပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် စတင်ခဲ့ကြောင်း သိရသည်။

ကွင်းဖွင့်ပွဲအဖြစ် ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ရေနီမြို့ပေါ်မှ အသင်း လေးသင်းနှင့် အခြားသော ဝါသနာရှင်ဘောလုံးအသင်းလေးသင်းတို့ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ ဆုရအသင်းအား ဆုဖလားနှင့်အားကစားဝတ်စုံများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းရွှေ | |
| **စာတည်းမှူးများ** | - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင် | |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက် | |
| **သတင်းထောက်မှူး** | - ဦးမြင့်စိုး | |
| **ဘာသာပြန်စာတည်းများ** | - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် | |
| **အကြီးတန်းသတင်းထောက်များ** | - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း | |
| **အငယ်တန်းသတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင် | |
| **ဓာတ်ပုံသတင်းထောက်** | - ဦးခင်မောင်ဝင်း | |
| **ပြင်ပသတင်းထောက်** | - ဒေါ်ရှုမဝအောင် | |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇

# ယူနက်စကိုစာရင်းဝင်(ဒေသအဆင့်)အပ်နှင်းခြင်းခံရသည့် မြဂနိုင် ရုပ်ရှင်ဇာတ်ကား လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ ညနေ ၅ နာရီခွဲက ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံ၌ ကျင်းပနေသည့် (၆)ကြိမ်မြောက် Memory! နိုင်ငံတကာ ရုပ်ရှင်အမွေအနှစ်ပွဲတော်၌ ယူနက်စကိုစာရင်းဝင်(ဒေသအဆင့်)အဖြစ် အပ်နှင်းခြင်းခံရသည့် မြဂနိုင် ရုပ်ရှင်ဇာတ်ကား လွှဲပြောင်းပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်သည်။



ရှေးဦးစွာ Memory Cinema အဖွဲ့ဥက္ကဋ္ဌနှင့် တည်ထောင်သူများဖြစ်ကြသည့် Séverine Wemaere နှင့် Gilles Duvern၊ Memory! နိုင်ငံတကာရုပ်ရှင်အမွေအနှစ်ပွဲတော် နာယက ဒေါ်ဆွေဇင်ထိုက်တို့က (၆)ကြိမ်မြောက် Memory! နိုင်ငံတကာ ရုပ်ရှင်အမွေအနှစ်ပွဲတော်ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာတွင် Restoration ပြုလုပ်ပြီး ပြန်လည်ပေးအပ်မည့် "မြဂနိုင်" ရုပ်ရှင်ဇာတ်ကားသည် ၁၉၃၄ ခုနှစ်တွင် "အေဝမ်း"ဖလင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ မောင်တင်မောင်က ရိုက်ကူးခဲ့ပါကြောင်း၊ အဆိုပါဖလင်ကို ၁၉၇၀ ပြည့်နှစ်တွင် မြန်မာ့ရုပ်ရှင်လုပ်ငန်းရှိ ဖလင်ပိဋကတ်တိုက်တွင် စတင်ထိန်းသိမ်းခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် အသစ်ပြန်လည် Copy ကူးယူပြီး ဆက်လက်ထိန်းသိမ်းထားရှိသည့်ဇာတ်ကား ဖြစ်ပါကြောင်း၊ ၎င်း Copy ကို "အေဝမ်း"ဖလင်အပါအဝင် အခြားမည်သည့်နေရာတွင်မျှ ထိန်းသိမ်းထားရှိခြင်းမရှိဘဲ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲတွင်သာ ထိန်းသိမ်းထားသည့် ရှေးကျပြီး နောက်ဆုံးကျန်ရှိသည့် အသံတိတ်ရုပ်ရှင် ဖလင်ဇာတ်ကားတစ်ကား ဖြစ်ပါကြောင်း။

ထို့အတူ Restoration ပြုလုပ်ပြီး ပြန်လည်ပေးအပ်မည့် နောက်တစ်ကားဖြစ်သည့် "ပျို့ချစ်လင်" ဇာတ်ကားသည်လည်း မြန်မာဂန္ထဝင်ဇာတ်ကားတစ်ကားဖြစ်ကာ ၁၉၅၀ ခုနှစ်တွင် ဒါရိုက်တာ ဦးတင်မြင့် ရိုက်ကူးထားပြီး ရန်ကုန်ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်သည့် ဇာတ်ကားတစ်ကားဖြစ်ပါကြောင်း။

"ပျို့ချစ်လင်" ရုပ်ရှင်ဇာတ်ကားသည် ဌာနရှိ ဖလင်ပိဋကတ်တိုက်တွင် သိမ်းဆည်းထားရှိသည့် ဖလင်မဟုတ်ဘဲ ရုပ်ရှင်အရေးကျွမ်းကျင်သူ အကယ်ဒမီ ရုပ်ရှင်ဒါရိုက်တာ ဦးကြည်စိုးထွန်း၏ လက်ဝယ်တွင်ရှိသည့် ရုပ်ရှင်ဇာတ်ကား ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအခြေစိုက် ပြင်သစ်သံရုံးနှင့် Memory Film Festival အဖွဲ့တို့ပူးပေါင်းပြီး "မြဂနိုင်" ရုပ်ရှင်ဇာတ်ကားကို ၂၀၁၅-၂၀၁၆ ခုနှစ်များတွင်လည်းကောင်း၊ "ပျို့ချစ်လင်" ရုပ်ရှင်ဇာတ်ကားကို ၂၀၁၆-၂၀၁၇ ခုနှစ်များတွင် လည်းကောင်း Restoration ပြုလုပ်ပေးခဲ့သည်ဟု သိရှိရပါကြောင်း။

"မြဂနိုင်"ရုပ်ရှင်ဇာတ်ကားကို ကိုရီးယားသမ္မတနိုင်ငံ၊ ဂွမ်ဂျူမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ အာရှ-ပစိဖိတ်ကော်မတီအစည်းအဝေးတွင် UNESCO စာရင်းဝင်(ဒေသအဆင့်)အဖြစ် အပ်နှင်းခြင်းခံခဲ့ရပါကြောင်း၊ "မြဂနိုင်"ရုပ်ရှင်ဇာတ်ကားသည် မြန်မာတို့အတွက် ဂုဏ်ယူစရာ ရှေးဟောင်းအမွေအနှစ် ရတနာတစ်ပါးဖြစ်ပါကြောင်း။

Memory Film Festival ကို ၂၀၁၄ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခု ၂၀၁၈ ခုနှစ်ပွဲတော်နှင့်ပါဆိုလျှင် (၅)နှစ်တိုင်တိုင်ရှိခဲ့ပြီကို တွေ့ရပါကြောင်း၊ ထို့အတူ ပွဲတော်တွင်ပြသသည့် ရုပ်ရှင်ဇာတ်ကားများသည်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ပြသလာနိုင်သည်ကို တွေ့ရပါကြောင်း၊ ယင်းမှာ Memory Cinema အဖွဲ့နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့၏ ပူးပေါင်းမှုသင်္ကေတပင် ဖြစ်ပါကြောင်း။

မြန်မာရှေးဟောင်းအမွေအနှစ် ရုပ်ရှင်ဇာတ်ကားများကို Restoration ပြုလုပ်ပြီး ပွဲတော်တွင် ပြသသည့်အတွက် မြန်မာပရိသတ်အနေဖြင့်လည်း စိတ်ဝင်စားကြ၊ နှစ်ခြိုက်ကြသည်ဟု သိရှိရပါကြောင်း၊ လာမည့် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာ့ရုပ်ရှင်သမိုင်းသည် နှစ်(၁၀၀) ပြည့်တော့မည်ဖြစ်ပါကြောင်း။

ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲအနေဖြင့် ပုဂ္ဂလိကပိုင်ဆိုင်သည့် ရုပ်ရှင်ဇာတ်ကားများကို ထိန်းသိမ်းပေးရေးအတွက်လည်း ဆောင်ရွက်နေသည့်အတွက် ရုပ်ရှင်ဇာတ်ကားများ လှူဒါန်းမှု ပိုမိုများပြားလာသည်ကို တွေ့ရှိရပါကြောင်း။

ယခင်မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ မော်ကွန်းရုပ်ရှင်ရုံးခွဲအနေဖြင့် နှစ်အလိုက်ထွက်ရှိသည့် သတင်းကားများနှင့် ရုပ်ရှင်ဇာတ်ကားများကို စတိုခန်းအတွင်း ထိန်းသိမ်းထားရှိခဲ့ရာမှ နှစ်ကာလကြာလာသည့်အခါ အရေအတွက်များပြားလာပြီး ထားသိုရန်ခက်ခဲလာသည့်အတွက် ဖလင်ပိဋကတ်တိုက်အဆောက်အဦအား ဆောက်လုပ်ရန် တင်ပြခဲ့ရာ ဆောက်လုပ်ခွင့်ရရှိခဲ့ပြီး ၁၉၇၄-၇၅ ဘဏ္ဍာရေးနှစ်မှ စတင်ဆောက်လုပ်ခဲ့ပြီး ၁၉၈၁ ခုနှစ်တွင် အဆောက်အဦအား လွှဲပြောင်းလက်ခံရရှိခဲ့ပြီး ဖလင်ပိဋကတ်တိုက်အဖြစ် စတင်အသုံးပြုခဲ့ပါကြောင်း။

ထို့အပြင် ဖလင်ပိဋကတ်တိုက်အတွင်း ထိန်းသိမ်းထားသောဖလင်များ ရေရှည်တည်တံ့နိုင်ရေး နိုင်ငံတကာမှ နည်းပညာအပါအဝင် အကူအညီအထောက်အပံ့များ လိုအပ်သည့်အတွက် ရရှိရန်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး Christian Lechervy နှင့် (၆)ကြိမ်မြောက် Memory! နိုင်ငံတကာရုပ်ရှင်အမွေအနှစ်ပွဲတော်၏ အထူးဧည့်သည်တော် ပြင်သစ်ရုပ်ရှင်မင်းသမီး H.E. Clotilde Courau တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ Memory Cinema အဖွဲ့က Restoration ပြန်လည်ပြုပြင်ထိန်းသိမ်းထားသည့် ရုပ်ရှင်ဇာတ်ကားနှင့်ပတ်သက်သည်များကို ပြန်ကြားရေးဝန်ကြီးဌာန၊ ဖလင်ပိဋကတ်တိုက်သို့ လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် အကယ်ဒမီ ရုပ်ရှင်ဒါရိုက်တာ ဦးကြည်စိုးထွန်းက "ပျို့ချစ်လင်" ရုပ်ရှင်ဇာတ်ကား ထိန်းသိမ်းထားရှိမှုနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

(၆)ကြိမ်မြောက် Memory! နိုင်ငံတကာရုပ်ရှင်အမွေအနှစ်ပွဲတော်ကို နိုဝင်ဘာ ၉ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့တွင် ကျင်းပနေခြင်းဖြစ်ပြီး ပွဲတော်ရက်များအတွင်း ရုံတွင်းပြသမှုကို ဝဇီရာရုပ်ရှင်ရုံနှင့် ရုံပြင်ပြသမှုအနေဖြင့် မြို့တော်ခန်းမရှေ့၊ မဟာဗန္ဓုလပန်းခြံ၌ မြန်မာနှင့် နိုင်ငံတကာမှ ရုပ်ရှင်ဇာတ်ကားပေါင်း ၇၀ ကျော်ကို အခမဲ့တင်ဆက်ပြသသွားမည်ဖြစ်သည်။ ယနေ့ညတွင် "မြဂနိုင်"ရုပ်ရှင်ဇာတ်ကားကို အထူးပွဲအနေဖြင့် ပြသခဲ့ရာ မဟာဗန္ဓုလပန်းခြံအတွင်း ပရိသတ်များ စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးကြသည်။ **သတင်းစဉ်**

---

✪ **ရှေ့ဖုံးမှ**

ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC)အဆင့်ဆင့်၏ လုပ်ငန်းစဉ်များနှင့် ဆက်ဆောင်ရွက်သွားမည့် JMC လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က "JMC ဟာ လက်နက်ကိုင်အဖွဲ့တွေကြားမှာ ပစ်ခတ်တိုက်ခိုက်မှု မဖြစ်အောင် စောင့်ကြည့်ရတဲ့လုပ်ငန်းကို ဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်။ အဲဒီလိုစောင့်ကြည့်တဲ့နေရာမှာ JMC အဆင့်ဆင့်က အရပ်သားကိုယ်စားလှယ်များကို ပါဝင်စေပြီးမှ အရပ်သားအဖွဲ့အစည်းတွေက စောင့်ကြည့်တဲ့ပုံစံမျိုးနဲ့ ကျွန်တော်တို့ JMC က ဆောင်ရွက်တာ ဖြစ်ပါတယ်။ အခုဆိုရင် စောင့်ကြည့်ရေးလုပ်ငန်းတွေ ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်ဖို့ အရပ်သားစောင့်ကြည့်ရေး ကိုယ်စားလှယ် Local Civilian Monitor ကိုလည်း ဖွဲ့စည်းသွားဖို့ အဆင်သင့်ဖြစ်နေပါပြီ။ သက်ဆိုင်ရာနယ်မြေတွေမှာ ဖွဲ့စည်းပြီး စောင့်ကြည့်ရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားဖို့အတွက် ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပြည်သူလူထုပူးပေါင်းပါဝင်မှုဟာ အလွန်အရေးကြီးပြီး ပြည်သူလူထု ပူးပေါင်းပါဝင်ဖို့အတွက် အသိပညာပေးခြင်းလုပ်ငန်းတွေကိုလည်း သက်ဆိုင်ရာနယ်ပယ်တွေမှာ JMC လုပ်ငန်းတွေ သိရှိအောင် လူထုတွေ့ဆုံမှု အစည်းအဝေးတွေကို ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောသည်။

JMC ယန္တရားလည်ပတ်နိုင်ရေးအတွက် နည်းပညာနှင့် ရန်ပုံငွေများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နော်ဝေနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများက ထောက်ပံ့ပေးလျက်ရှိပြီး ၂၀၁၈-၂၀၁၉ တွင် JMC အဆင့်ဆင့်၏ လုပ်ငန်းများဆောင်ရွက်ရာ၌ ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ သန်းခန့် ကုန်ကျနိုင်မည်ဟု ခန့်မှန်းတွက်ချက်ထားကြောင်း သိရသည်။

တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာစွန်းဂေါ်ရှန်းက "တရုတ်နိုင်ငံက မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အလေးထားပါတယ်။ ကျွန်တော်တို့ ရည်ရွယ်ချက်က ရှင်းလင်းပါတယ်။ ကျွန်တော်တို့ မျှော်လင့်တာက မြန်မာနိုင်ငံအနေနဲ့ တည်ငြိမ်အေးချမ်းရေးရရှိပြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာဖို့ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ တရုတ်နိုင်ငံအနေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားခြင်း မရှိသေးတဲ့ မြန်မာနိုင်ငံမြောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း တတ်နိုင်သလောက် ကြိုးစားသွားမှာ ဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံကို နိုင်ငံရေးအရ ထောက်ခံပေးတဲ့အပြင် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ JMC-U စတဲ့ အဖွဲ့အစည်းတွေကိုလည်း ငွေရေးကြေးရေးအရ ကူညီနေပါတယ်။ အခု JMC ကို လှူဒါန်းတဲ့ငွေဟာ အမေရိကန်ဒေါ်လာ သုံးသန်းပေးအပ်လှူဒါန်းတဲ့ စီမံကိန်းရဲ့ အစိတ်အပိုင်းပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံငြိမ်းချမ်းရေးဖြစ်စဉ် လိုအပ်ချက်အရ၊ JMC-U လိုအပ်ချက်အရ ဆက်လက်ပြီးတော့လည်း ထောက်ပံ့ကူညီဖို့ စဉ်းစားသွားမှာဖြစ်ပါတယ်။ ကျွန်တော်အလေးထားပြီးပြောလိုတာက တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အားကိုးယုံကြည်နိုင်တဲ့ နိုင်ငံပဲဖြစ်တယ်လို့ ပြောချင်ပါတယ်"ဟု ပြောသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးရန်ပုံငွေအတွက် ဒေါ်လာသုံးသိန်းကို တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာစွန်းဂေါ်ရှန်းက ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U)ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က လက်ခံရယူသည်။

ယနေ့အခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော JMC-U ကော်မတီဝင်များ၊ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာစွန်းဂေါ်ရှန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်း- ရဲခေါင်ညွန့်**
**ဓာတ်ပုံ- ဖိုးထောင်**

---



# တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားလူမျိုးစုရေးရာကော်မရှင် ဒုတိယဝန်ကြီး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာနှင့် အမျိုးသားပြတိုက်များသို့ သွားရောက်လေ့လာ

**ရန်ကုန် နိုဝင်ဘာ ၁၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားလူမျိုးစုရေးရာကော်မရှင် ဒုတိယဝန်ကြီး မစ္စတာလီချန်းပင်းနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ သွားရောက်လေ့လာရာ ပြည်ထောင်စုတိုင်းရင်းသားများက "ပြည်ထောင်စုအင်အားသီချင်း"၊ ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လင်းသန်းက အမှတ်တရလက်ဆောင်အဖြစ် မြန်မာတိုင်းရင်းသားလူမျိုးစု ကျောက်စီပန်းချီကားကို ပေးအပ်ပြီး ဒုတိယဝန်ကြီးသည် တိုင်းရင်းသားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ဧည့်သည်တော်မှတ်တမ်းတွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်း လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။**(အပေါ်ပုံ)**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်မြို့ အမျိုးသားပြတိုက် မြေညီထပ်ရှိ ပြခန်းများ၊ စတုတ္ထထပ်ရှိ ဗုဒ္ဓအနုပညာပြခန်းနှင့် တိုင်းရင်းသားယဉ်ကျေးမှုပြခန်းများ၊ ပန်းချီပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာသည်။

ယင်းနောက် ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်လေ့လာကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ဦးဝင်းခိုင် ကမ်းလွန်ရတနာသဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်တို့သည် ယနေ့တွင် မုတ္တမကမ်းလွန်ဒေသလုပ်ကွက် M-5 နှင့် M-6 တွင်တည်ရှိသော ကမ်းလွန်ရတနာ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးစီမံကိန်းကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။



**လှည့်လည်ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့အား ကမ်းလွန် ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းမှ တာဝန်ရှိသူများက သဘာဝဓာတ်ငွေ့ ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုအခြေအနေများနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျော့နည်းအောင် ထိန်းသိမ်းထားမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် အလေးထားဆောင်ရွက်ရန် မှာကြားကာ စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**စတင်တင်ပို့ရောင်းချ**

ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းသည် မုတ္တမကမ်းလွန်ဒေသ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက် M-5 နှင့် M-6 တို့တွင်တည်ရှိပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် Total E&P Myanmar၊ Unocal Co., Ltd.၊ PTTEP ကုမ္ပဏီတို့အကြား ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract, PSC) ကို ၉-၇-၁၉၉၂ ရက်နေ့တွင်ချုပ်ဆို၍ သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးတွင်းတူးဖော်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပြီး ၃၁-၇-၁၉၉၈ ရက်နေ့တွင် ပိုက်လိုင်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့ စတင်တင်ပို့ရောင်းချခဲ့သည်။

**ကုဗပေသန်း ၇၀၀ ခန့် ထုတ်လုပ်လျက်ရှိ**

ကမ်းလွန်ရတနာ သဘာဝဓာတ်ငွေ့စီမံကိန်းတွင် တွင်းထိန်းစင် သုံးခု၊ ရုံးခန်းနှင့် လူနေစင် တစ်ခု၊ ထုတ်လုပ်ရေးစင် တစ်ခုနှင့် ဖိအားမြှင့်တင်ထိန်းချုပ်ရေးစင် တစ်ခုတို့ တည်ဆောက်ထားပြီး စီမံကိန်းဧရိယာအတွင်း လေ့လာရေးတွင်း တစ်တွင်း၊ ထုတ်လုပ်မှုမှပါဝင်လာသော ရေအား ပြန်လည်မောင်းသွင်းသည့် တွင်းတစ်တွင်း၊ သဘာဝဓာတ်ငွေ့သိုက်ဖိအားမြှင့်တင်ရေးအတွက် ရေမောင်းသွင်းနေသည့် တွင်းလေးတွင်း၊ သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးတွင်း ၁၅ တွင်းတို့မှ အောက်တိုဘာလအတွင်း နေ့စဉ်ပျမ်းမျှ သဘာဝဓာတ်ငွေ့ကုဗပေသန်း ၇၀၀ ခန့်ထုတ်လုပ်လျက်ရှိသည်။

ထိုင်းနိုင်ငံသို့ နေ့စဉ်ပျမ်းမျှ ကုဗပေသန်း ၅၁၅ သန်းအား ကမ်းလွန်ရတနာစီမံကိန်းမှ ကမ်းရိုးတန်းသဘာဝဓာတ်ငွေ့လက်ခံစခန်းအထိ ၃၆ လက်မ အချင်းရှိ ပိုက်လိုင်း အရှည် ၂၁၆ မိုင်နှင့် ထိုမှတစ်ဆင့် နှစ်နိုင်ငံနယ်စပ်ရှိ သဘာဝဓာတ်ငွေ့လွှဲပြောင်းရေးစခန်းအထိ ပိုက်လိုင်းအရှည် ၃၉ မိုင် (စုစုပေါင်း ၂၅၅ မိုင်) တည်ဆောက်၍ သဘာဝဓာတ်ငွေ့ ထုတ်လုပ်တင်ပို့လျက်ရှိပြီး ပြည်တွင်းသုံးအတွက် နေ့စဉ်ပျမ်းမျှ ကုဗပေသန်း ၁၅၅ သန်းခန့် ဖြန့်ဖြူးပေးလျက်ရှိသည်။

၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း စီမံကိန်းဧရိယာအတွင်း ထုတ်လုပ်မှုထိန်းသိမ်းနိုင်ရေးနှင့် သဘာဝဓာတ်ငွေ့သိုက်အနေအထားသုံးသပ်ရေးအတွက် 4 Dimension Seismic ၂၂၇ ဒသမ ၇၇ စတုရန်းကီလိုမီတာ တိုင်းတာခဲ့ပြီး ဆက်လက်၍ စီမံကိန်းလုပ်ကွက် M-5 အနောက်ဘက်တွင် 3 Dimension Seismic တိုင်းတာမှုကို ဆောင်ရွက်သွားမည်ဖြစ်သည်။

**အတည်ပြု**

ကမ်းလွန်ရတနာသဘာဝဓာတ်ငွေ့ စီမံကိန်းတွင် TEPM အနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးများ လက်ရှိဆောင်ရွက်ထားရှိမှုအခြေအနေများမှာ လုပ်ကွက် M-5 & M-6 ရတနာစီမံကိန်း၏ Existing Yadana Facilities Environmental Management Plan (Existing Yadana Facilities - EMP) အစီရင်ခံစာကို ၁၆-၁၁-၂၀၁၆ ရက်နေ့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ပေးပို့တင်ပြထားခဲ့ပြီး အဆိုပါ Existing Yadana Facilities -EMP အစီရင်ခံစာကို ၆-၈-၂၀၁၈ ရက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက အတည်ပြုခဲ့သည်။ လုပ်ကွက် M-5 & M-6၊ Exploration Drilling (M-6 B-1 / Aung Yadana Well) ၏ EIA (revised) အစီရင်ခံစာကို ၂၈-၆-၂၀၁၇ ရက်နေ့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (ECD) သို့ တင်ပြခဲ့ပြီး အဆိုပါ (M-6 B-1 / Aung Yadana Well) ၏ EIA (revised) အစီရင်ခံစာကို ပြန်လည်ဖြည့်စွက်တင်ပြရန် ECD က မှတ်ချက်ပြုသဖြင့် ပြန်လည်ဖြည့်စွက်တင်ပြရန် TEPM ကုမ္ပဏီသို့ ၇-၉-၂၀၁၈ ရက်နေ့တွင် ပြန်ကြားခဲ့သည်။ လုပ်ကွက် M-5 & M-6 တို့၏ 3D Seismic Survey IEE (revised) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ၂၂-၅-၂၀၁၈ ရက်တွင် ပေးပို့တင်ပြထားခဲ့ပြီး ၁၀-၈-၂၀၁၈ ရက်နေ့တွင် အဆိုပါ IEE အစီရင်ခံစာအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက အတည်ပြုခဲ့သည်။

**လိုက်နာဆောင်ရွက်လျက်ရှိ**

ကမ်းလွန်ရတနာ သဘာဝဓာတ်ငွေ့စီမံကိန်းသည် နိုင်ငံတကာ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ Sewage နှင့် Gray Water များ စွန့်ပစ်ခြင်းကို MARPOL 73/78 (Annex IV)နှင့် International Sewage Pollution Prevention (ISPP) Certificate နှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊ Putrescible (Food) Waste များ စွန့်ပစ်ခြင်းကို MARPOL 73/78 (Annex V)နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ Blige Water နှင့် Deck Drainage များ စွန့်ပစ်ခြင်းကို MARPOL 73/78 (Annex I)နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ Solid and Hazardous Waste Dischargeနှင့်ပတ်သက်၍ MARPOL 73/78 (Annex IV & V)နှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊ IFC (International Financial Corporation) မှပြဋ္ဌာန်းထားသော General EHS Guidelines & Offshore EHS Guidelines နှင့် IMO (International Maritime Organization)၏ ပင်လယ်ပြင်အတွင်း စွန့်ပစ်ပစ္စည်းနှင့် လိုက်နာရမည့်သတ်မှတ်ချက်များ စသည့် နိုင်ငံတကာ စံချိန်စံညွှန်းသတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ တာဝန်လွှဲပြောင်းလက်ခံခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၀**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ တာဝန်လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို ယနေ့နံနက် ၁၁နာရီက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံးခန်း၌ ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ)က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ (၁) ဒေါက်တာ မျိုးသန့်တင်က တာဝန်လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။





တာဝန်လွှဲပြောင်းပေးအပ်ရာတွင် ကောင်စီဝင်ဟောင်းများကိုယ်စား ဒေါက်တာမျိုးသန့်တင်၊ ဒေါ်သင်းသင်းသာ၊ ဦးမင်းဟန်တို့က ကောင်စီဝင်သစ် ဦးကျော်နိုင်၊ ဦးကျော်စွာမင်း၊ ဦးသိမ်းစိုးတို့ထံ ပထမ သုံးနှစ်တာသက်တမ်းကာလအတွင်း ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ငွေစာရင်းရှင်းတမ်းများ၊ ဘဏ်စာရင်းများနှင့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ သဘာပတိ ဦးအုန်းကြိုင်(ဟံသာဝတီ)က ကောင်စီဝင်အသစ်များအား ကောင်စီအမှတ်တံဆိပ်ရင်ထိုးများပေးအပ်ပြီး အတွင်းရေးမှူး ဦးကျော်စွာမင်းက ပထမသုံးနှစ်တာ သက်တမ်းကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ဒုတိယနှစ် သက်တမ်းကာလအတွင်း ဆောင်ရွက်မည့်ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ (၂) ဦးကျော်နိုင်က ကျေးဇူးတင်စကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကို သတင်းမီဒီယာ ဥပဒေပုဒ်မ ၁၃ အရ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်၊ ၆၈/၂၀၁၅ ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။

သတင်းမီဒီယာဥပဒေအရ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏သက်တမ်းသည် သုံးနှစ်ဖြစ်သည့်အတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယနှစ်သက်တမ်းအတွက် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃၀ ရက်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်၊ ၈၂/၂၀၁၈ ဖြင့် ထုတ်ပြန်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

**သတင်းစဉ်**

**✻ ကျောဖုံးမှ**

ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးကိစ္စများကို ပံ့ပိုးကူညီ နိုင်ရန်ဖြစ်ပါကြောင်း၊ ပထမအသုတ်အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ သဘောတူညီချက်အရ ၂၂၅၁ ဦးကို ပြန်လည်လက်ခံမည်ဖြစ်ပါကြောင်း၊ မလွဲမသွေ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်၍ အောင်မြင်စွာ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဆောင်ရွက်ရမည့် တာဝန်များကို လုပ်ထုံးလုပ်နည်း နှင့်အညီ အကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်ရန်နှင့် ဝိုင်းဝန်းညှိနှိုင်းဆောင်ရွက် ပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်လက်ခံရေးကိစ္စရပ်များ၊ ပြန်လည်နေရာချထားရာတွင် ဆောင်ရွက်ရမည့် လိုအပ်ချက်များကို အသေးစိတ် ညှိနှိုင်း ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီးများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ရှိ smart အထည်ချုပ်စက်ရုံနှင့် ခိုင်ပြည်စိုး အထည်ချုပ်စက်ရုံတို့သို့ သွားရောက်၍ ရခိုင်ပြည်နယ် အတွင်း အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ဦးတည် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအကောင်အထည်ဖော်မှု များကို လေ့လာကြည့်ရှုပြီး လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ရေးညှိနှိုင်းပေးသည်။

အလားတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင် သည် Red Cross Movement အနေဖြင့် ဆောင်ရွက် လျက်ရှိသော IFRC၊ ICRC နှင့် MRCS အဖွဲ့များအား တွေ့ဆုံပြီး ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထား ရေးကိစ္စရပ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီးဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနား တက်ရောက်



**ရန်ကုန် နိုဝင်ဘာ ၁၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် Center for Vocational Training (CVT)တို့ ပူးပေါင်း၍ သယ်န်းကျွန်းမြို့နယ် ဘဝမြင့်မှတ်တိုင်အနီး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနပိုင်မြေ အကျယ် ၁ ဒသမ ၂ ဧက ပေါ်တွင် စာတွေ့လက်တွေ့ သင်တန်းခန်းမများ ပါဝင် သော လက်တွေ့ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ က လူငယ်လူရွယ်များ၏ ဘဝရပ်တည်ရေးအတွက် လိုအပ်သော အသက်မွေးမှုဆိုင်ရာ ကျွမ်းကျင်မှုများကို လက်တွေ့သင်ကြားပေးခြင်းဖြင့် ၎င်းတို့၏ အနာဂတ်ဘဝ လုံခြုံမှုရှိနိုင်ခြင်း၊ လုပ်ငန်းခွင်အတွင်း တီထွင်ဖန်တီးနိုင် သော စွမ်းဆောင်ရည်ပြည့်ဝသည့် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ခြင်း၊ ခေတ်စနစ်နှင့် ကိုက်ညီသော အသိ ပညာနှင့် ကျွမ်းကျင်မှုများ ရရှိခြင်းဖြင့် Training Company များကို ပြန်လည်အကျိုးပြုနိုင်ခြင်း၊ သက်ဆိုင်ရာ ကုမ္ပဏီ များ၏ စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်ရန် အထောက် အကူဖြစ်ခြင်းတို့ကြောင့် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်၍ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းကို အကျိုးပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းဆောင်သစ်ကို ပြည်ထောင်စု ဝန်ကြီးနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ သင်တန်းကျောင်းကို အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနနှင့် Center for Vocational Training (CVT) တို့ ပူးပေါင်း၍ မြန်မာနိုင်ငံရှိ လူငယ်များအတွက် အလုပ် အကိုင် အခွင့်အလမ်းများပိုမိုရရှိရန် အထောက်အပံ့ဖြစ်မည့် အသက်မွေးဝမ်းကျောင်းအတတ်ပညာများ ဖွံ့ဖြိုးတိုးတက်ရန် နားလည်မှုစာချွန်လွှာ (MoU)ရေးထိုး၍ ဘဝမြင့် အိမ်ရာရှိ ဝန်ကြီးဌာနပိုင်မြေနေရာတွင် တည်ဆောက် ခဲ့ခြင်း ဖြစ်သည်။

CVT Myanmar ၏ လေ့ကျင့်ရေးစီမံကိန်းကို ဆွစ်ဇာလန်အစိုးရကိုယ်စား ဆွစ်ဖွံ့ဖြိုးရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ(SDC)က ၂၀၁၃ ခုနှစ်တွင် စတင်ပံ့ပိုးကူညီပေးခဲ့ပြီး အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများတွင် သက်မွေးပညာနည်းပြသင်တန်းများ ဖွင့်လှစ်၍ သင်တန်းတက်ရောက်လိုသူများကို သုံးနှစ် သက်တမ်းရှိ စီးပွားရေးပညာ၊ လျှပ်စစ်ကျွမ်းကျင်မှု၊ ပရိဘောဂပြုလုပ်မှု၊ ဟိုတယ်နှင့်ဧည့်ဝတ်ပြုမှုနှင့် သတ္တု ပစ္စည်းထုတ်လုပ်မှု အတတ်ပညာသင်တန်း ငါးမျိုးကို ပို့ချ ပေးလျက်ရှိသည်။ CVT Myanmar မှ အကောင် အထည်ဖော်နေသော အလုပ်သင်သင်တန်းသားစနစ် (Apprenticeship System)သည် သက်မွေးပညာ လေ့ကျင့်ရေးနှင့် သင်ကြားရေးတွင် အရေးပါသော Dual Vocational Training System ကို မြန်မာနိုင်ငံတွင် စတင်မိတ်ဆက်၍ အကောင်အထည်ဖော်နေခြင်းဖြစ်ပြီး အောင်မြင်မှုများရရှိနေကြောင်း သိရှိရသည်။ **သတင်းစဉ်**



တံခွန်စိုက်ဆုရရှိသည့် ဇော်တောင်(ကချင်ပြည်နယ်)

# တိုင်းဒေသကြီးနှင့် ပြည်နယ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစား နှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံကာယ ဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသည့် ၂၀၁၈ ခုနှစ် (၄၅)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ကာယဗလနှင့် ကာယ ကြံ့ခိုင်မှုအားကစားပြိုင်ပွဲကို ယနေ့ နံနက်ပိုင်း က ရန်ကုန်မြို့ရှိ MCC ခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲ၌ ကာယဗလမောင်ပြိုင်ပွဲ ၆၀ ကီလိုတန်းတွင် ပထမဆုကို စသူလှိုင် (ဧရာဝတီတိုင်းဒေသကြီး)က လည်းကောင်း၊ ၆၅ ကီလိုတန်းတွင် သက်မင်းအောင်(မွန်ပြည်နယ်)က လည်းကောင်း၊ ၇၀ ကီလိုတန်းတွင် ခိုင်မိုးလင်း (ရခိုင်ပြည်နယ်)က လည်းကောင်း၊ ၇၅ ကီလို တန်းတွင် ဇော်တောင်(ကချင်ပြည်နယ်)က လည်းကောင်း၊ ၇၅ ကီလိုတန်းအထက်တွင် ကိုကိုမောင် (မန္တလေးတိုင်းဒေသကြီး)က လည်းကောင်း ပထမဆု အသီးသီးရရှိကြောင်း သိရသည်။

Man Sport Physique ပြိုင်ပွဲတွင်ငြိမ်းချမ်း ဦး(ရန်ကုန်)က လည်းကောင်း၊ အမျိုးသမီး ၁၆၀ စင်တီမီတာအောက် Model Physique ပြိုင်ပွဲ တွင် မသက်သက်ဝေ(ရန်ကုန်)က လည်းကောင်း၊ အမျိုးသမီး ၁၆၀ စင်တီမီတာအထက် Model Physique ပြိုင်ပွဲတွင် မမီမီနိုင်ကျော်(ရန်ကုန်) က လည်းကောင်း ပထမဆု အသီးသီးရရှိကြောင်း သိရသည်။

ထို့အပြင် ကာယဗလမောင်တံခွန်စိုက်ပြိုင်ပွဲ တွင် ပထမဆုရရှိသူငါးဦးယှဉ်ပြိုင်ရာ တံခွန်စိုက် ဆုကို ၇၅ ကီလိုတန်းတွင် ပထမဆုရရှိသည့် ဇော်တောင်(ကချင်ပြည်နယ်)က ရရှိပြီး အသင်းလိုက် တံခွန်စိုက်ဆုကို မန္တလေးတိုင်း ဒေသကြီးကရရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇာနည်မောင်**

**❋ မုန်တိုင်းငယ်မှ**

နောက် ၂၄ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင် သည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ နောက် ၃၆ နာရီအတွင်း နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင် သဖြင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင် သတိပြုနိုင်ပါရန် အကြံပြုထားသည်။ **မိုး/ဇလ**

**○ ရန်ကုန်မှ**

မြန်မာအမျိုးသမီးအသင်းသည် ဘင်္ဂလားဒေ့ရှ်အသင်းနှင့် ယှဉ်ပြိုင်ကစားသည့် ပထမပွဲတွင် ဂိုးပြတ်အနိုင်ရသော်လည်း ပုံစံကောင်းပြသနိုင်ခြင်းမရှိသော ကြောင့် ယခုပွဲတွင် ခြေစွမ်းပိုင်းပိုမိုကောင်းမွန်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ဝင်းသီဂီထွန်းက နှစ်ဂိုး၊ ခင်မိုးဝေ၊ လဲ့လဲ့လှိုင်နှင့် ရီရီဦးတို့က တစ်ဂိုးစီသွင်းယူခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ပထမပွဲတွင် အနိုင်ရခဲ့သောကြောင့် ဒုတိယအဆင့်ခြေစစ်ပွဲတက်ရောက်ရန် အခြေအနေကောင်းသွားပြီး နီပေါအသင်းကို အနိုင်ရပါက ဒုတိယအဆင့်သို့ စောစီးစွာတက်ရောက်ခွင့်ရမည်ဖြစ်သည်။ နီပေါအသင်းသည် ပထမပွဲတွင် အိန္ဒိယအသင်းကို သရေကစားထားရာ မြန်မာအသင်းအနေဖြင့် သတိထား ကစားရမည်ဖြစ်သည်။

ခြေစစ်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီနှင့် အကောင်းဆုံးအုပ်စု တတိယနေရာရ နှစ်သင်းမှာ ဒုတိယအဆင့်သို့ တက်ရောက် ခွင့်ရမည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် နီပေါအသင်းကို အနိုင်ရပါက ဒုတိယအဆင့်ခြေစစ်ပွဲတက်ရောက်ရန် အခွင့်အရေးရှိမည်ဖြစ်သည်။

ပထမအဆင့်ခြေစစ်ပွဲကို အုပ်စုလေးခုခွဲ၍ ကျင်းပလျက်ရှိပြီး နိုဝင်ဘာ ၁၃ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# မြို့နယ်အဆင့် မိုးစပါးစံပြကွက်ရိတ်သိမ်း

**နေပြည်တော် နိုဝင်ဘာ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာန နှင့် ရွှေသီးနှံအာဟာရ ကုမ္ပဏီတို့ပူးပေါင်း၍ ၂၀၁၈-၂၀၁၉ မိုးစပါးမြို့နယ်အဆင့် စံပြကွက် ရိတ်သိမ်းခြင်းအခမ်းအနားကို မောင်းရမ်းအုပ်စု တောင်သူ ဦးကျော်လှ၏ လယ်မြေ၌ ကျင်းပသည်။

"စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ကုမ္ပဏီတွေနဲ့ ပူးပေါင်းတဲ့အခါ တကယ် လိုင်စင်ရှိတဲ့၊ နာမည်ရှိတဲ့ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ စတဲ့ သွင်းအားစု တွေနဲ့ပဲ တောင်သူတွေကို ထိတွေ့ပေးပါတယ်။ အရင်က မြေဩဇာကို လိုလို မလိုလို ဖျန်းလိုက်တာတွေရှိတယ်။ နည်းစနစ်မမှန်တာတွေ၊ သေချာတိကျတဲ့ လုပ်နည်းစနစ်မရှိတာတွေကြောင့် ထိရောက်မှုနဲ့ အထွက်နှုန်း အားနည်းခဲ့တယ်။ ခုကုမ္ပဏီအနေနဲ့က မြေဆီကို ဓာတ်ခွဲစမ်းသပ်ပေးတယ်။ အာဟာရအချိုး အစားတွေကို စားနိုင်တဲ့အချိန်မှာ စားနိုင်တဲ့နှုန်းထားကို လိုအပ်သလောက် ကျွေးနိုင်တဲ့အတွက် တောင်သူတွေအတွက် မမျှော်မှန်းနိုင်တဲ့ အကျိုးရလဒ်တွေ ရရှိလာပါတယ်" ဟု ဥတ္တရသီရိမြို့နယ် မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောသည်။

စံပြစိုက်ခင်းတောင်သူ ဦးအောင်သန်းဇော်က "ဓာတ်မြေဩဇာတွေကို လေးကြိမ်ခွဲပြီး သူ့အချိန်နဲ့သူ အချိုးကျသုံးဖို့ နည်းစနစ်တကျ ကူညီပေးခဲ့တဲ့ အတွက် ပင်ပွားနှုန်းနဲ့ အထွက်နှုန်းပါ သိသိသာသာကောင်းမွန်လာပါတယ်။ အရင်က တစ်ဧကတင်း ၇၀ ထွက်တာကနေ အခုဆို တင်း ၁၃၀ အထိ ထွက်လာ ပါတယ်" ဟု ပြောသည်။ အဆိုပါအခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးပညာပေးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ဦး၊ ဥတ္တရသီရိ မြို့နယ် ခရိုင်ညွှန်ကြားရေးမှူး ဦးထိန်လင်းဟန်၊ မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်၊ ရွှေသီးနှံ အာဟာရကုမ္ပဏီမှ ပညာရှင်များ၊ ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများနှင့် တောင်သူ ၁၅၀ ကျော် တက်ရောက်ကြောင်း သိရသည်။

**ခင်စုစုလှိုင်**

**❒ အာဆီယံမှ**

ယှဉ်ပြိုင်ကစားခဲ့ရသည်။ လက်ရှိချန်ပီယံ ထိုင်းအသင်း သည် တီမောအသင်းကို ခြေအသာဖြင့် ကစားကာ တိုက်စစ်မှူး အဒီဆစ်က တစ်ဦးတည်းခြောက်ဂိုး သွင်းယူ နိုင်ခဲ့သည်။ စင်ကာပူနှင့် အင်ဒိုနီးရှားပွဲမှာ အပြန်အလှန် ရှိခဲ့ပြီး စင်ကာပူအသင်းက ပထမပိုင်းတွင် သွင်းယူသည့် ဂိုးဖြင့် အနိုင်ရခဲ့သည်။ ကမ္ဘောဒီးယားအသင်းသည် အိမ်ကွင်း၌ ပုံစံကောင်းပြသနိုင်သော်လည်း အဆုံးသတ် အားနည်းမှုကြောင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ် အသင်းမှာမူ အဝေးကွင်းဖြစ်သော်လည်း လာအိုအသင်းကို ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး ဂိုးပြတ်အနိုင်ရခဲ့သည်။ ယင်းပြိုင်ပွဲတွင် အုပ်စုနှစ်ခုခွဲ၍ ကျင်းပနေပြီး အုပ်စု (က) တွင် ဗီယက်နမ်၊ မလေးရှား၊ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ အုပ်စု(ခ)တွင် ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တီမောအသင်းတို့ ပါဝင်နေသည်။

အုပ်စုဒုတိယနေ့အဖြစ် နိုဝင်ဘာ ၁၂ ရက်တွင် မြန်မာနှင့် ကမ္ဘောဒီးယား၊ မလေးရှားနှင့် လာအို၊ နိုဝင်ဘာ ၁၃ ရက်တွင် အင်ဒိုနီးရှားနှင့် တီမော၊ ဖိလစ်ပိုင်နှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# အလှူဒါနပြုကြ တန်ဆောင်မုန်းလ

**မောင်စိန်လွင်(မင်းကင်း)**

**သန်မိုးကုန်စဲ နှင်းစဖွဲ့တည့်**
**ခဝဲပွင့်တုန်း တန်ဆောင်မုန်း**

**(ဆီသည်ရွာစား ဦးမောင်ကြီး)**

တန်ဆောင်မုန်းလတွင် ဆီးနှင်းမြူတိမ် မီးခိုးဟူသော လေညစ်ညမ်းမှုကင်းစင်၍ ကောင်းကင်ထဲရှိ နက္ခတ်တာရာအားလုံး မြင်တွေ့နိုင်သောကြောင့် နက္ခတ်သဘင်ပွဲကျင်းပကြသောလလည်း ဖြစ်သည်။ "တန်ဆောင်"သည် မီးရှူးမီးတိုင်၊ ဆီမီးဟု အဓိပ္ပာယ်ရပါသည်။ "မုန်း" တောက်ပခြင်း၊ ထွန်းညှိခြင်းဟု အဓိပ္ပာယ်ရ၏။ တန်ဆောင်မုန်းလသည် ဆီမီးတန်ဆောင်ထွန်းပြောင်လဟူ၏။ တန်ဆောင်မုန်းလကိုဗေဒင်အခေါ်အားဖြင့် ဗြိစ္ဆာရာသီဟုခေါ်သည်။ ဗြိစ္ဆာရာသီဟူသော အနက်အဓိပ္ပာယ်မှာ ကင်းမြီးကောက်ဖြစ်ပြီး ကင်းမြီးကောက်တို့ နှစ်သက်သောရာသီဟု ဆိုလိုဟန်ရှိသည်။ ဤလတွင် စန်းဟုခေါ်သော လမင်းသည် ကြတ္တိကာနက္ခတ်နှင့် ယှဉ်ပြိုင်ထွန်းပပြီး ဤလ၏တာရာမှာ ကြီးတာရာ ဖြစ်သည်။

တန်ဆောင်မုန်းလကို ပုဂံခေတ်ကျောက်စာများတွင် "တန်ဆောင်မှုန်" ဟု ရေးသားခဲ့ကြသည်။ အင်းဝခေတ်ရောက်မှသာ "တန်ဆောင်မုန်း" ဟု ရေးသားခဲ့ကြသည်။ ဝေါဟာရလိနတ္ထဒီပနီကျမ်းတွင်မူ လေ့သင်းအတွင်းဝန်ဦးခြိမ့်က "အမိုက်အမှောင်ကို မီးရှူးတန်ဆောင်ဖြင့် ဖျောက်လွင့်ချေမှုန်းသောလ" ဟု ဖွင့်ဆိုထားပါသည်။

တန်ဆောင်မုန်းလရောက်ပြီးလျှင် တောင်သူများ စိုက်ပျိုးထားသော ကောက်စပါးပင်များနှင့်ပတ်သက်၍ "ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်း" ဟုဆိုရိုးရှိပါသည်။ စပါးခင်းများ၌ စပါးနှံ(စပါးဖုံး)များ မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ပေါ်လာခြင်းကို ဆိုလိုခြင်းဖြစ်သည်။ စပါးနှံများ နို့ရည်ဖြည့်တင်းလာသည်နှင့်အတူ မကြာမီ စပါးသစ်များထွက်ပေါ်လာတော့မည်ဖြစ်သည်။ ထို့ကြောင့် တန်ဆောင်မုန်းလကို "တောင်သူ့ရွှင်ပြုံး တန်ဆောင်မုန်း" ဟုလည်း ခေါ်ဆိုကြသည်။

တန်ဆောင်မုန်းလသည် ပွဲတော်များစုံလှသောကြောင့် မြန်မာလူမျိုးတို့အဖို့ ကုသိုလ်ကောင်းမှုများ ထုံမွမ်းနေသည့် မွေ့လျော်ဖွယ်လတစ်လဖြစ်သည်။ တန်ဆောင်မုန်းလပြည့်ညတွင် "ပံ့သကူ"ပစ်ခြင်းသည် အလှူဒါနပွဲတစ်ခုဖြစ်သည်။ ရဟန်းတော်များ၊ သီလရှင်များက အလှူပစ္စည်းများကို ပံ့သကူစာတန်းရေးထိုးပြီး ကျောင်း၊ ဘုရား၊ စေတီ၊ ဇရပ်များအနီး မြေပေါ်တွင်ထား၍လှူဒါန်းခြင်းတို့မှာ တန်ဆောင်မုန်းလပြည့်ညတွင် ပြုလုပ်သော အလှူပွဲတစ်ခုဖြစ်သည်။

ထို့အပြင် လူတို့ကလည်း မိမိတို့အိမ်ရှေ့မျက်နှာစာလမ်းများပေါ်တွင် ရွှေငွေဥစ္စာပေါများစေလိုသော အတိတ်နိမိတ်ဖြင့် လာဘ်ကောင်းစေခြင်းငှာ လူသူများမရှိခိုက် ပိုက်ဆံများ၊ ပစ္စည်းများ ပံ့သကူပစ်ကြဲချထားကြသည်။ သို့ရာတွင် ဤရိုးရာပွဲသည် လူသိနည်းလာပြီး တိမ်ကောပပျောက်မည့်သဘောရှိသည်။ ပံ့သကူပစ်ခြင်းဖြင့် စီးပွားဥစ္စာများ တိုးတက်ခြင်း၊ ငွေအစုလိုက်အပုံလိုက်ရရှိတတ်ခြင်းစသော အကျိုးများရရှိကြောင်း ရဟန်းသံဃာတော်များက ဟောကြားလေ့ရှိသည်။

တန်ဆောင်မုန်းလပြည့်ညတွင် လူငယ်လူရွယ်တို့၏ပျော်ပွဲဖြစ်သော ကြီးမနိုးပွဲကိုလည်း တွေ့ရသေးသည်။ ကြီးငှက်များ မနိုးထမီ၊ အရုဏ်မတက်မီ အချိန်အတွင်း ပြုလုပ်ရသော ပျော်ပွဲတစ်ခုဖြစ်သည်။ အလွယ်တကူသယ်ယူနိုင်သော အိမ်ပြင်ရှိပစ္စည်းများကို နောက်ပြောင်ကျီစယ်သောသဘောဖြင့် နေရာရွှေ့ထားခြင်း ဖြစ်သည်။ ပစ္စည်းပျောက်သူတို့၏ လှုပ်ရှားမှုကိုကြည့်ပြီး ပျော်ပွဲဖွဲ့ခြင်း ဖြစ်သည်။

တန်ဆောင်မုန်းလပြည့်ည၌ မဲဇလီဖူးသုပ်စားသော ဓလေ့မှာ ယနေ့တိုင်အထင်အရှားသိနေကြသည်။ ကြတ္တိကာနက္ခတ်နှင့်စန်းယှဉ်သော တန်ဆောင်မုန်းလပြည့်ညတွင် ဆေးပင်အပေါင်းကို စောင့်သောနတ်တို့သည် မဲဇလီပင်စောင့်နတ်အား တညီတညွတ်တည်း အခစားရောက်လာကြသည်ဆို၏။ ထို့အတွက်ကြောင့် မဲဇလီပင်သည် ဆေးပေါင်းခသည့်အပင် ဖြစ်သည်ဟု ရှေးအယူအဆရှိကြ၏။ ရှေးဆေးကျမ်းကြီးများတွင်လည်း ညွှန်းပြဆိုထားသည်။

တန်ဆောင်မုန်းလတွင် မြန်မာနိုင်ငံအနှံ့ ယနေ့တိုင် ထူးခြားစွာကျင်းပနေသောပွဲမှာ ကထိန်အလှူပွဲ ဖြစ်သည်။ "ခဝဲပွင့်ချိန် ခင်းကထိန်" အစချီသော ကင်းဝန်မင်းကြီး၏ သံပေါက်လင်္ကာအရ တန်ဆောင်မုန်းလ၏ ရာသီပန်းမှာ ခဝဲပန်းဖြစ်သည်။ ဤလတွင် ပွင့်သောပန်းမှာ နက္ခတ်ကြိုက်ပန်းဟု ဆို၏။

ကထိန်သည် "ကထိန" ဟူသော ပါဠိကို မြန်မာမှုပြုကာ မြန်မာဝေါဟာရဖြင့် အသုံးပြုခြင်းဖြစ်သည်။ ကထိန်၏အနက်အဓိပ္ပာယ်မှာ မြဲမြံခိုင်မာခြင်း၊ တာရှည်တည်တံ့ခြင်းဟူ၍ဖြစ်သည်။ ဂေါတမမြတ်စွာဘုရားလက်ထက်တွင် ပါလေယျတိုင်းသား ဘဒ္ဒဝဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ကထိန်ခင်းခြင်း ပေါ်ပေါက်ခဲ့သည်။ ကထိန်အလှူကို မြတ်စွာဘုရားရှင်ခွင့်ပြုတော်မူခဲ့ခြင်း ဖြစ်သည်။ ကထိန်အလှူသည် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ကထိန်ခင်းခြင်းပြုလုပ်ရသည်။

ကထိန်သင်္ကန်းသည် သံဃာဂုဏ်ကိုသာ အာရုံပြု၍လှူဒါန်းရသော သင်္ကန်းဖြစ်သည်။ ကထိန်ခင်းခြင်းကို ရဟန်းတော်များသာ ဆောင်ရွက်ရသည်။ ကထိန်အလှူရှင်များက ကထိန်လျာသင်္ကန်းကို လှူရုံသာ လှူရသည်။ ပုဂ္ဂိုလ်ကိုစွဲ၍ မလှူရပေ။ တစ်ထည်ကိုသာ ကထိန်သင်္ကန်းအဖြစ်ရည်စူးလှူရသည်။ ထိုသင်္ကန်းကို ဉတ်ကမ္မဝါဖတ်၍ ကထိန်ခင်းရမည့်ရဟန်းသံဃာအား အပ်နှင်းရသောကြောင့် ဉတ်သင်္ကန်းဟု ခေါ်၏။ ကထိန်ခင်းရာ၌လည်း သံဃာကသတ်မှတ်သော ရဟန်းတစ်ပါးတည်းသာ ခင်းရ၏။ ကထိန်သင်္ကန်းအလှူသည် တစ်နှစ်တွင်တစ်လ၊ တစ်လတွင်တစ်ရက်၊ တစ်ရက်တွင်တစ်ကျောင်း၊ တစ်ကျောင်းတွင်တစ်ပါးသာ အလှူပြုလုပ်ရသော ကာလဒါနအလှူမျိုးဖြစ်သည်။

ကထိန်သင်္ကန်းလှူဒါန်းရခြင်းဖြင့် သွားလေရာအရပ်၌ ဘေးအန္တရာယ်ကင်းခြင်း၊ မိမိပိုင်ပစ္စည်းဥစ္စာများကို ရန်သူမဖျက်ဆီးနိုင်ခြင်း၊ စားကောင်းသောက်ဖွယ်ပေါများ၍ အဆိပ်မသင့်ခြင်း၊ မိမိပိုင်ပစ္စည်းများ မေ့လျော့နေခဲ့သော်လည်း မဆုံးပါးခြင်း၊ ပစ္စည်းဥစ္စာ အစုလိုက်အပုံလိုက်ရရှိခြင်းနှင့် ရုပ်ဆင်းအင်္ဂါချောမောလှပခြင်း စသည့် အကျိုးကျေးဇူးတို့ကို ရရှိစေပါသည်။

တန်ဆောင်မုန်းလ၏ ထူးခြားသောပွဲတော်တစ်ခုမှာ မသိုးသင်္ကန်းရက်လုပ်လှူပွဲဖြစ်သည်။ မသိုးသင်္ကန်းရက်လုပ်ပုံမှာ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ နေဝင်သည်နှင့်စတင်ရက်လုပ်ပြီး ရက်မကူးမီ တစ်ရက်အတွင်း အပြီးရက်လုပ်ရသည်။ ရက်လုပ်ပြီးသင်္ကန်းကို ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။ ဤသို့ ပြုလုပ်ခြင်းဖြင့် ဘုရားဝေယျာဝစ္စကို လုပ်ဆောင်တတ်စေခြင်း၊ ရတနာသုံးပါးကို မမေ့မလျော့ ပူဇော်သည့်ဓလေ့ရရှိစေခြင်း၊ မြန်မာ့ရိုးရာဓလေ့ကို ထိန်းသိမ်းရာရောက်ခြင်း စသည့် အကျိုးတရားများရရှိစေသည်။

ဤတန်ဆောင်မုန်းလတွင် ကထိန်သင်္ကန်း၊ မသိုးသင်္ကန်းအပြင် ကြာသင်္ကန်းဟူ၍လည်းရှိသေးသည်။ ကြာသင်္ကန်းဟူသည်မှာ ပဒုမ္မာကြာရိုးမျှင်များဖြင့် ရက်လုပ်ရသောသင်္ကန်းဖြစ်သည်။ ယခုအခါတွင်မူ ရွှေကြာသင်္ကန်းပေါ်လာသည်။ သင်္ကန်းပေါ်တွင် ရွှေရောင်စက္ကူ၊ ရွှေရောင်ဖဲစများဖြင့် ကြာပွင့်ကြီးများထိုးကာ ဘုရားဆင်းတုတော်များတွင် ရစ်ပတ်လွှမ်းခြုံပူဇော်ရသော သင်္ကန်းကို ရွှေကြာသင်္ကန်းဟူ၍ ခေါ်ကြသည်။

> **"ဤတန်ဆောင်မုန်းလတွင် ကထိန်သင်္ကန်း၊ မသိုးသင်္ကန်းအပြင် ကြာသင်္ကန်း ဟူ၍လည်း ရှိသေးသည်။ ကြာသင်္ကန်းဟူသည်မှာ ပဒုမ္မာကြာရိုးမျှင်များဖြင့် ရက်လုပ်ရသော သင်္ကန်း ဖြစ်သည်။ ယခုအခါတွင်မူ ကြာသင်္ကန်းမရှိတော့ဘဲ ရွှေကြာသင်္ကန်း ပေါ်လာသည်။ သင်္ကန်း ပေါ်တွင် ရွှေရောင်စက္ကူ၊ ရွှေရောင်ဖဲစများဖြင့် ကြာပွင့်ကြီးများထိုးကာ ဘုရားဆင်းတုတော် များတွင် ရစ်ပတ်လွှမ်းခြုံပူဇော်ရသော သင်္ကန်းကို ရွှေကြာသင်္ကန်းဟူ၍ ခေါ်ကြသည်"**

တန်ဆောင်မုန်းလ၏ တန်ဆောင်တိုင်မီးထွန်းပွဲသည်လည်း စည်ကားသောပွဲတစ်ပွဲဖြစ်သည်။ တန်ဆောင်တိုင်မီးထွန်းပွဲကျင်းပခြင်းမှာ အဇာတသတ်မင်းသည် တန်ဆောင်မုန်းလပြည့်နေ့ညအချိန်တွင် ရာဇဂြိုဟ်ပြည် သရက်တောဥယျာဉ်၌ သီတင်းသုံးနေသော မြတ်စွာဘုရားရှိရာသို့ သွားရောက်ဖူးမြော်သည်။ အဇာတသတ်နှင့်အတူ လူတိုင်းကိုယ်စီ မီးရှူးတိုင်များ ကိုင်ဆောင်၍ သွားကြသည်။ ဤသို့ မီးရှူးမီးတိုင်များ ထွန်းညှိသွားကြသည့်ထုံးကို နှလုံးမူပြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် ကျင်းပလာခဲ့ခြင်းလည်း ဖြစ်ပေသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် ကျရောက်သောအခါတော်နေ့ကား သာမညဖလအခါတော်နေ့ဖြစ်သည်။ "သာမညဖလ" ၏ အဓိပ္ပာယ်မှာ ရဟန်းပြုရခြင်း၏ အကျိုးပင်ဖြစ်သည်။

အဇာတသတ်မင်းသားသည် ဆရာပေါင်းမှား၍ ခမည်းတော် ဘုရင်ကို သတ်သည်အထိ မိုက်မှားခဲ့သောကြောင့် ညစဉ် အိပ်မပျော်သောရောဂါ စွဲကပ်လာခဲ့သည်။ ထိုရောဂါပျောက်ကင်းအောင် ဆရာဇီဝက အကြံပေးချက်အရ တန်ဆောင်မုန်းလပြည့်နေ့တွင် တရားဒေသနာဟောကြားတော်မူပါရန် မြတ်စွာဘုရားအားလျှောက်ထားရာ မြတ်စွာဘုရားရှင်က ရဟန်းပြုခြင်းအကျိုး "သာမညဖလသုတ္တန်" ဒေသနာကို ဟောကြားတော်မူခဲ့သည်။ ထိုတရားကို နာကြား၍ အိပ်မပျော်သောရောဂါ လုံးဝပျောက်ကင်းသွားတော့သည်။ ထို့ကြောင့် တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့ဟူ၍ ခေါ်ကြခြင်းဖြစ်သည်။

ဤသို့ဖြင့် တန်ဆောင်မုန်းလသည် ရိုးရာပွဲတော်များ အများဆုံးလဟုဆိုနိုင်ပါသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ ယဉ်ကျေးမှုပွဲတော်များ ကျင်းပခွင့်ရသောကြောင့် ကြည်နူးစရာအကောင်းဆုံးလဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပင်လည်ဘူးမြို့၌ စာပေစကားဝိုင်း ကျင်းပ

**ပင်လည်ဘူး နိုဝင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ကြီးမှူး၍ ကျေးလက်ဒေသ စာပေဝါသနာရှင် လူငယ်များ ပါဝင်ဆွေးနွေးသည့် ဝတ္ထုတိုများအပေါ် သုံးသပ်ဆွေးနွေးမှု စာပေစကားဝိုင်းကို နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီခွဲတွင် ပင်လည်ဘူးမြို့ အခြေခံပညာအထက်တန်းကျောင်း ဦးအောင်မြတ်ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ စာရေးဆရာ မောင်လွန်းမြိုင်(ပင်လည်ဘူး)က စာပေစကားဝိုင်း ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ ကျေးရွာပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရန်၊ စာဖတ်သည့် အလေ့အထများ ရရှိလာစေရန်၊ စာအုပ်ထဲက အသိကို စဉ်းစားတွေးခေါ်ပြီး လက်တွေ့ဘဝထဲတွင် အထိရောက်ဆုံး အသုံးချနိုင်ရန်၊ မျိုးဆက်သစ် စာပေဝါသနာရှင် စာရေးဆရာများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကျေးလက်ဒေသစာပေဝါသနာရှင် လူငယ် ခြောက်ဦးက စာရေးဆရာ ဟမ်စိုင်း(ဆေး-မန်း)၏ ဝတ္ထုတိုထဲမှ အဆိပ်နွံ၊ အစုန်အဆန်စီးဆင်းခဲ့သော်လည်း၊ အရိပ်မဲ့မြင်းမိုရ်၊ အမုန်းတရားရဲ့ အကျဉ်းသားနှင့် ဆန်ရေ ခေါင်းစဉ်ပါ ဝတ္ထုတိုများထဲမှ ဇာတ်လမ်း၊ ဇာတ်အိမ်၊ သရုပ်ဆောင် ဇာတ်ကောင်များ၏ ကောင်းကွက်၊ ဆိုးကွက်၊ အားသာချက်၊ အားနည်းချက်များ၊ ဆင်ခြင်တွေးတော မှတ်သားဖွယ်အကြောင်းအရာများနှင့် ဆောင်ရန်၊ ရှောင်ရန်တို့အား ဝေဖန်သုံးသပ်ဆွေးနွေးခဲ့ကြပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါစာပေစကားဝိုင်းတွင် စာရေးဆရာ ဟမ်စိုင်း(ဆေး-မန်း)၏ ဝတ္ထုတိုထဲမှ အကြောင်းအရာများကို ပြည့်ပြည့်စုံစုံနှင့် အကောင်းဆုံး ဝေဖန်အကြံပြုသုံးသပ်ဆွေးနွေးနိုင်သူအား ရွေးချယ်ကာ ပထမ၊ ဒုတိယ၊ တတိယဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၂၁ ရက်တွင် ပင်လည်ဘူးမြို့ အားကစားခန်းမ၌ကျင်းပမည့် နိုင်ငံကျော် စာရေးဆရာ ဦးဘုန်း(ဓာတု)နှင့် စာရေးဆရာ ညီမင်းညိုတို့ဟောပြောမည့် စာပေဟောပြောပွဲတွင် ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် စာရေးဆရာများ၊ မြို့နယ်စာပေစကားဝိုင်း ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ် ပြန်/ဆက်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျေးလက်စာပေဝါသနာရှင်လူငယ်များ၊ ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# မြန်မာနိုင်ငံ CMP လက်ခစားစက်ရုံများတွင် မကြာခဏဖြစ်ပွားနေသော ပဋိပက္ခများကြောင့် လူ့အခွင့်အရေးထိခိုက်နေမှုများ မဖြစ်ပေါ်စေရေး

ယုလွင်အောင်

**(ယမန်နေ့မှအဆက်)**

နိုင်ငံခြားမှ လုပ်ငန်းအပ်နှံသူများသည် လုပ်အားခ သက်သာခြင်းကို စဉ်းစားသည့်အပြင် အောက်ပါအချက်များကိုလည်း ထည့်သွင်းစဉ်းစားပြီးမှ လုပ်ငန်းအပ်နှံလေ့ရှိသည်ဟုလည်း www.emerging textiles.com တွင် ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်-

(က) **ထုတ်လုပ်မှုစွမ်းအား** (Productivity)။ အလုပ်သမားတစ်ဦး၏ ထုတ်လုပ်မှုစွမ်းအား မြင့်မားမှုကို အထူးလေ့လာလေ့ရှိကြပါသည်။ စက်ရုံတစ်ရုံ သို့မဟုတ် အလုပ်သမားတစ်ဦး၏ ထုတ်လုပ်မှုစွမ်းအား မြင့်မားခြင်းသည် လုပ်ငန်းအပ်နှံသူများအတွက် ဆွဲဆောင်မှုတစ်ရပ် ဖြစ်ပါသည်။ ဒေသတွင်း၌ တရုတ်နိုင်ငံ၏ တစ်ဦးကျ ထုတ်လုပ်နိုင်မှုစွမ်းအားသည် အမြင့်ဆုံးဖြစ်သည်ဟု သိရှိရပါသည်။ Labour Productivity တွက်နည်း နှစ်မျိုး ရှိပါသည်-

- တစ်နည်းမှာ Output per Worker ဖြစ်ပါသည်။ မိမိစက်ရုံမှ တစ်နှစ် သို့မဟုတ် တစ်လတွင် ထုတ်ကုန်မည်မျှထွက်သည်ကို အခြေခံ၍ အဆိုပါထုတ်ကုန်ပမာဏကို မိမိစက်ရုံတွင်ရှိသော အလုပ်သမားအင်အားနှင့် စားခြင်းဖြင့် တစ်နှစ် သို့မဟုတ် တစ်လအတွက် စက်ရုံ၏ Labour Productivity နှုန်းကို သိရှိနိုင်ပါသည်။
- နောက်တစ်နည်းမှာ Cost per Unit စနစ်ဖြစ်သည်။ ၎င်းမှာ အလုပ်သမားများအတွက် ပေးရသော တစ်လ လုပ်ခလစာနှင့် အသုံးစရိတ်ပမာဏကို မိမိစက်ရုံမှ တစ်လအတွင်း ထုတ်လုပ်နိုင်သည့် ကုန်ပစ္စည်းအရေအတွက်နှင့် စားခြင်းဖြစ်ပါသည်။
- မြန်မာနိုင်ငံအထည်ချုပ်လုပ်သားများသည် မိမိတို့၏ထုတ်လုပ်မှုစွမ်းအားကို တိုးမြင့်အောင် မကြိုးစားဘဲ လုပ်ခလစာတိုးမြင့်ရရှိရေးကိုသာ ဦးစားပေးတောင်းဆိုနေပါက အလုပ်ရှင်များ အကျပ်တွေ့စေမည်သာဖြစ်ပါသည်။ သို့ဖြစ်၍ အလုပ်သမားတစ်ဦးချင်းစီ၏ စိတ်ဓာတ်၊ အသိပညာ၊ ကျွမ်းကျင်မှု၊ ပြုမူနေထိုင်လေ့ရှိသည့် အလေ့အထ၊ အတွေးအခေါ်၊ အယူအဆ၊ စည်းကမ်းလိုက်နာမှု စသည်တို့မှာလည်း ထုတ်လုပ်မှုစွမ်းအားအပေါ် အကျိုးသက်ရောက်မှု ရှိစေမည်ကို တာဝန်ရှိသူအားလုံး သိရှိနားလည်ပြီး ဝိုင်းဝန်းပူးပေါင်းပြုပြင်ကြရန် အထူးလိုအပ်ပါသည်။

(ခ) **ထုတ်လုပ်မှုအရည်အသွေး (Quality)**။ ထုတ်လုပ်မှုစွမ်းအား မြင့်မားသော်လည်း ထုတ်လုပ်မှုအရည်အသွေးမကောင်းပါက ပေးပို့လိုက်သော ကုန်ပစ္စည်းများကို ပြန်ပို့ခြင်း ခံရနိုင်ပါသည်။ သို့ဖြစ်၍ လုပ်ငန်းအပ်နှံခြင်းခံရသည့် စက်ရုံမှ ထုတ်လုပ်လိုက်သည့် CMP ကုန်ချောထည်ပစ္စည်းများ၏ အရည်အသွေး ကောင်းမွန်မှုမှာလည်း အလွန်အရေးကြီးပါသည်။ တိကျမှု၊ မှန်ကန်မှု၊ သန့်ရှင်းမှု၊ သပ်ရပ်မှုတို့သည် ထုတ်လုပ်မှုအရည်အသွေးများဖြစ်ပါသည်။ ယင်းအချက်မှာလည်း အလုပ်သမားတစ်ဦးချင်းစီ၏ စိတ်ဓာတ်၊ အသိပညာ၊ ကျွမ်းကျင်မှု၊ ပြုမူနေထိုင်လေ့ရှိသည့် အလေ့အထ၊ အတွေးအခေါ်၊ အယူအဆ၊ စည်းကမ်းလိုက်နာမှု စသည်တို့အပေါ် အခြေခံပါသည်။ သို့ဖြစ်၍ အလုပ်သမားများကို ကုန်ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းခွင်သင်တန်းများ ပေးခြင်း၊ အထည်ချုပ်စက်ရုံအတွင်း သနပ်ခါးမလိမ်းရ၊ နှုတ်ခမ်းနီမဆိုးရ၊ ဆံပင်ကို အစွပ်စွပ်ရမည်၊ အလုပ်လုပ်နေစဉ် ဖုန်းမပြောရ၊ စကားမပြောရ၊ အစားအသောက် မစားရ စသည်ဖြင့် စည်းကမ်းများ သတ်မှတ်ထားခြင်းဖြစ်ပါသည်။ ယင်းစည်းကမ်းများကို လူ့အခွင့်အရေးခေါင်းစဉ်တပ်၍ တောင်းဆိုဆန္ဒပြနေခြင်းသည် စက်ရုံ၏ ထုတ်လုပ်မှုအရည်အသွေးနှင့် ကုန်ထုတ်စွမ်းအားကို ထိခိုက်စေပြီး စက်ရုံ၏အရည်အချင်းကျဆင်းကာ ပိတ်သိမ်းသွားစေနိုင်သည့် လုပ်ရပ်များဖြစ်ပါသည်။

(ဂ) **ချုပ်ထည်နှင့် အဓိကသက်ဆိုင်သည့် ပိတ်စနှင့်ဆက်စပ်ပစ္စည်းများ ဝယ်ယူရရှိနိုင်မှုနှင့် ကုန်ကျစရိတ် (Cost of Available Textile Materials)**။ တရုတ်၊ ထိုင်း စသည့် နိုင်ငံအချို့တွင် ချုပ်ထည်နှင့် အဓိကသက်ဆိုင်သည့် ပိတ်စနှင့် ကြယ်သီး၊ အတွင်းခံလိုင်နင်စ၊ အပ်ချည် စသည့်ပစ္စည်းများကို ၎င်းတို့နိုင်ငံအတွင်း၌ ဝယ်ယူရရှိနိုင်ခြင်းကြောင့် ကုန်ကျစရိတ်နည်းပါးသည့်အပြင် အချိန်တိုအတွင်း လွယ်ကူစွာ ဝယ်ယူနိုင်မှု၊ နှစ်သက်ရာ ရွေးချယ်နိုင်မှုစသည့် အားသာချက်များရှိကြပါသည်။ သို့ဖြစ်၍ လုပ်ငန်းအပ်နှံမှာယူသူများသည် ထိုကဲ့သို့ မိမိနိုင်ငံအတွင်း ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နိုင်ခြင်းမရှိသည့်နိုင်ငံများသို့ လုပ်ငန်းအပ်နှံရန် စိတ်အားထက်သန်မှု နည်းပါးကြပါသည်။ သို့ဖြစ်၍ ပြည်တွင်း အသေးစားနှင့် အလတ်စား (SME) စက်ရုံအလုပ်ရုံများအနေဖြင့် အဆိုပါ CMP လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းရန်လိုအပ်သကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း ၎င်းတို့ကို အားပေးကူညီပံ့ပိုးမှုများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။

(ဃ) **စွမ်းအင်ဈေးနှုန်း (Energy Prices)**။ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိသောနိုင်ငံများကို လုပ်ငန်းအပ်နှံမှာယူသူများက ပိုမိုစိတ်ဝင်စားကြောင်း သိရှိရပါသည်။ စက်ရုံများတွင် လျှပ်စစ်မီး မကြာခဏ ပြတ်တောက်ခြင်း၊ မီးအားမပြည့်မီခြင်း၊ မီးမမှန်ခြင်းများသည် CMP လုပ်ငန်းများ အောင်မြင်ရေးကို အဓိကခြိမ်းခြောက်နေသော အချက်များဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်အနေဖြင့် ယင်းအချက်ကို လိုအပ်သလို ဖြည့်ဆည်းပေးခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နိုင်မည်ဖြစ်သည့်အပြင် ပြည်ပမှ CMP ကုန် မှာယူအပ်နှံသူများကိုလည်း ဆွဲဆောင်ပြီး ဖြစ်ပါမည်။

(င) **ထုတ်လုပ်ဖြစ်စဉ်ကြာမြင့်ချိန် (Lead Times)**။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကုန်ကြမ်းတင်ပို့ခြင်းနှင့် ကုန်ချောပြန်လည်သယ်ယူခြင်းအတွက် ခရီးအကွာအဝေးကြောင့် ကြာမြင့်ချိန်များပြားလေလေ ချုပ်လုပ်ရန်ရရှိသည့်အချိန် နည်းပါးလေလေဖြစ်ရာ ခရီးကွာဝေးသောနိုင်ငံသို့ လုပ်ငန်းအပ်နှံရန် စိတ်ဝင်စားမှုနည်းပါးကြသည်ဟု သိရှိရပါသည်။ ဤအချက်သည် ပထဝီအနေအထားကြောင့် ဖြစ်ရသည့်အတွက် မည်သို့မှ ဖြေရှင်းနိုင်မည်မဟုတ်သဖြင့် အခြားကြာမြင့်ချိန်များကို လျှော့ချနိုင်ရေးကိုသာ ဝိုင်းဝန်းစဉ်းစားကြရမည် ဖြစ်ပါသည်။

(စ) **လုပ်ငန်းအပ်နှံမှာယူသူများသို့ ပေးနိုင်သည့်ဝန်ဆောင်မှု (Services Offered to Apparel Importers or Brands)**။ နိုင်ငံအများစုတွင် CMP နှင့် FOB စနစ် ကျင့်သုံးနိုင်ကြခြင်းကြောင့် လုပ်ငန်းအပ်နှံလိုသူများ၊ ပစ္စည်းမှာယူလိုသူများ စိတ်ဝင်စားမှု ပိုမိုရရှိသည်ဟု သိရှိရပါသည်။ FOB စနစ်ဆိုသည်မှာ ကုန်ပစ္စည်းများ သင်္ဘောပေါ်သို့ ရောက်ရှိသည်နှင့် တင်ပို့ရောင်းချသူအနေဖြင့် တာဝန်လုံးဝမရှိတော့သည့်စနစ် ဖြစ်ပါသည်။ ယင်းစနစ်ကို ကျင့်သုံးနိုင်ရေးအတွက် ကုန်မှာသူထံမှ L/C (Letter of Credit) ဖြင့် ပေးပို့သည့်ငွေကို သက်ဆိုင်ရာနိုင်ငံ၏ ဘဏ်မှ အသိအမှတ်ပြုပြီး ထပ်ဆင့် L/C များ ထုတ်ပေးရန် လိုအပ်ပါသည်။ (Back to Back L/C System) ယင်းစနစ်ကို မကျင့်သုံးနိုင်ပါက နောက်ဆုံးဝယ်ယူသူ သို့မဟုတ် ကုန်ချောမှာယူသူများသည် ကြားပွဲစားများမှတစ်ဆင့် FOB စနစ် မကျင့်သုံးနိုင်သော နိုင်ငံများရှိ CMP လုပ်ငန်းရှင်များနှင့် ဆက်သွယ်မှာကြားကြရခြင်းဖြစ်ရာ ယင်းနိုင်ငံများမှာ ဈေးနှိမ်ခံရခြင်း၊ ကြားပွဲစားစရိတ် ပိုမိုကုန်ကျခြင်းများ ကြုံတွေ့ရလေ့ရှိပါသည်။

(ဆ) **EU သို့မဟုတ် အမေရိကန်နိုင်ငံတို့၏ သွင်းကုန်အခွန်ကောက်ခံမှုနှုန်း (Import Tariff Rates in Europe or the US)**။ နောက်ဆုံးဝယ်ယူသူ သို့မဟုတ် ကုန်ချောမှာယူသူများသည် ကမ္ဘာပေါ်တွင် ဝယ်လိုအားဈေးကွက် အများစုပိုင်ဆိုင်သည့် EU သို့မဟုတ် အမေရိကန်နိုင်ငံတို့၏ GSP (Generalized System of Preferences)ဟုခေါ်သည့် အခွန်သက်သာခွင့် အထူးအခွင့်အရေးမျိုးကို များစွာလိုလားလေ့ရှိကြပါသည်။ ယင်းအခွင့်အရေးမျိုးကို ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသို့ ပေးလေ့ရှိကြပါသည်။ ထိုကဲ့သို့ အခွင့်အရေးရရှိသောနိုင်ငံများသို့ လုပ်ငန်းပိုမိုအပ်နှံခြင်း၊ ချုပ်ခဈေးကောင်းမွန်စွာပေးခြင်း စသည့် အားသာမှုများရရှိစေပါသည်။ မြန်မာနိုင်ငံသည် ဂျပန်၊ ကိုရီးယား၊ အာဆီယံခြောက်နိုင်ငံ၊ တူရကီ၊ ကနေဒါ စသည့် နိုင်ငံများထံမှ GSP အခွင့်အရေးရရှိပါသည်။ သို့ရာတွင် EU မှပေးသော GSP သည် အမြင့်ဆုံး ဖြစ်ပါသည်။ EU သည် မြန်မာနိုင်ငံကို ၁၉၉၇ ခုနှစ်ကတည်းက GSP အခွင့်အရေးရုပ်သိမ်းခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ပြန်ပေးခဲ့ပါသည်။ USA မှာ ၂၀၀၃ ခုနှစ်က ရုပ်သိမ်းခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် GSP အခွင့်အရေးကို တစ်ဆင့်ပြီးတစ်ဆင့် ပေးသည်ဟု ဆိုသော်လည်း RMG (Ready Made Garment)များမှာ ၎င်းအခွင့်အရေးကို ရရှိခြင်းမရှိပါ။ ယခုအခါ EU မှ မြန်မာနိုင်ငံသို့ ပေးသော GSP အခွင့်အရေးကို ပြန်လည်ရုတ်သိမ်းရန် စဉ်းစားနေသည်ဟု သိရသည်။ ယင်းအခြေအနေသည် မြန်မာ CMP လုပ်ငန်းများအတွက် များစွာအထိနာမည်ဖြစ်ပြီး အလုပ်သမားများစွာ အလုပ်လက်မဲ့ဖြစ်ခြင်း၊ လုပ်ခလစာလျှော့နည်းရရှိမှုကြောင့် ဆန္ဒပြမှုများ၊ တောင်းဆိုမှုများ ပေါ်ပေါက်လာနိုင်သဖြင့် အထူးသတိပြုရမည့်ကိစ္စဖြစ်ပါသည်။

(ဇ) **ဆိပ်ကမ်းကုန်တင်၊ ကုန်ချစရိတ်(Costs of Freight)**။ ကုန်ကြမ်းပစ္စည်းတင်ပို့ရာတွင်လည်းကောင်း၊ ကုန်ချောပစ္စည်းပြန်လည်သယ်ယူရာတွင်လည်းကောင်း ကုန်တင်ကုန်ချစရိတ်များ သက်သာမှုနှင့် လွယ်ကူအဆင်ပြေမှုရှိသည့် နိုင်ငံများသို့ လုပ်ငန်းအပ်နှံလိုကြပါသည်။

**လတ်တလောဖြစ်ပွားနေသည့်ပြဿနာများ**

ထိုကဲ့သို့ အခက်အခဲများစွာအကြားမှ ရပ်တည်ရုန်းကန်နေကြသော CMP လုပ်ငန်းအချို့သည် အလုပ်သမားဆန္ဒပြသည့်ဖြစ်စဉ်များ အောက်ပါအတိုင်း ဆက်တိုက်ကြုံတွေ့ရင်ဆိုင်နေကြရသည်ကို တွေ့မြင်နေရပါသည်-

(က) **New Twinkle Light Fashion အထည်ချုပ်စက်ရုံ**။ လှိုင်သာယာစက်မှုဇုန် (၅)တွင်ရှိပြီး တရုတ်လူမျိုးပိုင် FDI ၁၀၀ ရာခိုင်နှုန်းဖြင့် အလုပ်သမား ၇၇၉ ဦးလုပ်ကိုင်နေသည့် စက်ရုံဖြစ်ပါသည်။ လစာနှင့် အခြားခံစားခွင့်များ ပို၍လိုချင်သည့် စက်ပြင်အလုပ်သမား ငါးဦး၏ စည်းရုံးလှုံ့ဆော်မှုကြောင့် ၈-၁၀-၂၀၁၈ ရက်နေ့တွင် စတင်၍ အလုပ်သမား ၁၀၀ ခန့်က ဆန္ဒပြခဲ့ပြီး အလုပ်လုပ်လိုသော အလုပ်သမားများကိုလည်း စက်ရုံအတွင်းသို့ ဝင်ခွင့်မပြုသဖြင့် စက်ရုံလုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ပါသည်။ ထို့အပြင် ၁၃-၁၀-၂၀၁၈ ရက်နေ့တွင် ပို့ကုန်တင်ပို့ရန် သယ်ထုတ်သည့် ကုန်ပစ္စည်းများကို ထွက်ခွင့်မပေးဘဲ၊ နိုင်ငံခြားသား Technician များကိုလည်း ဝင်၊ ထွက်ခွင့်မပြုဘဲ ဆန္ဒပြအလုပ်သမားများက ပိတ်ထားခဲ့ပါသည်။ ၁၅-၁၀-၂၀၁၈ ရက်နေ့တွင် ညှိနှိုင်းပြေလည်မှုရရှိခဲ့သည်ဟု သိရပါသည်။

(ခ) **Trinity Apperal အထည်ချုပ်စက်ရုံ**။ လှိုင်သာယာစက်မှုဇုန်(၄)တွင်ရှိပြီး ဘင်္ဂလားဒေ့ရှ်လူမျိုးပိုင် FDI ၁၀၀ ရာခိုင်နှုန်းဖြင့် အလုပ်သမား ၅၀၀ ကျော် လုပ်ကိုင်နေသည့် စက်ရုံဖြစ်ပါသည်။ ဥပဒေပါ ရပိုင်ခွင့်ထက်ပို၍ ရက်မှန်ဆုကြေးတိုးပေးရန် တောင်းဆိုပြီး ၄-၁၀-၂၀၁၈ ရက်နေ့တွင်စတင်၍ အလုပ်သမား ၂၀၀ ခန့်က ဆန္ဒပြသပိတ်မှောက်ခဲ့ပြီး အလုပ်ဆင်းရန်လာသည့် အလုပ်သမားများအား ဟန့်တားခြင်း၊ ဆဲဆိုခြင်း၊ ခြိမ်းခြောက်ခြင်းများပြုလုပ်သည့်အပြင် ၁၆-၁၀-၂၀၁၈ ရက်နေ့မှစ၍ စက်ရုံဝင်ပေါက်ကို တဲထိုးပြီး လုံးဝပိတ်ဆို့လိုက်သဖြင့် အလုပ်လုပ်လိုသော အလုပ်သမားများ အလုပ်မဆင်းနိုင်တော့ဘဲ စက်ရုံလုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ပါသည်။ ယင်းနေ့တွင်ပင် အလုပ်ရှင်နှင့် အလုပ်သမားညှိနှိုင်းပြေလည်မှုရရှိပြီး နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ပါသည်။

(ဂ) **ဖုယွင်အထည်ချုပ်စက်ရုံ**။ ဒဂုံဆိပ်ကမ်းမြို့နယ်တွင်ရှိပြီး တရုတ်လူမျိုးပိုင် FDI ၁၀၀ ရာခိုင်နှုန်းဖြင့် အလုပ်သမား ၁၀၀၀ ကျော်လုပ်ကိုင်နေသည့် စက်ရုံဖြစ်ပါသည်။ ကုန်ထုတ်စွမ်းအား ထိခိုက်ကျဆင်းအောင်ပြုလုပ်သည်ဟု စွပ်စွဲ၍ အလုပ်သမား ၃၀ ကို အလုပ်ထုတ်ပယ်ခဲ့ခြင်းကို အကြောင်းပြု၍ ၂၁-၈-၂၀၁၈ ရက်နေ့တွင် အလုပ်သမား ၁၀၀ ခန့်က စက်ရုံဝင်ပေါက်များကို ပိတ်ဆို့ပြီး စတင်ဆန္ဒပြခဲ့ခြင်းကြောင့် လုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ပါသည်။ အလုပ်လုပ်ကိုင်လိုသော အလုပ်သမားအချို့၏ တောင်းဆိုချက်အရ စက်ရုံအနောက်ဘက်အုတ်တံတိုင်းကို ယာယီဝင်ပေါက်ဖောက်ပေးခဲ့သဖြင့် အလုပ်သမား ၈၀၀ ကျော် ပုံမှန်အလုပ်လုပ်နေခဲ့ပါသည်။ ၁၅-၁၀-၂၀၁၈ ရက်နေ့တွင် အလုပ်လုပ်နေသည့် အလုပ်သမားများအား စက်ရုံအတွင်း မဝင်နိုင်စေရန် ဆန္ဒပြသူများက ပိတ်ဆို့ခဲ့ကြသဖြင့် အချင်းချင်း ရန်ပွဲဖြစ်ပွားပြီး ၃၂ ဦး ထိခိုက်ဒဏ်ရာရရှိ၍ ခုနစ်ဦး ဆေးရုံတက်ခဲ့ရပါသည်။ ယခုအခါ အလုပ်ရှင်နှင့် အလုပ်သမားအကြား နှစ်ဖက်တွေ့ဆုံညှိနှိုင်း၍ အဆင်ပြေသွားပြီဖြစ်ပါသည်။

ဆန္ဒပြတောင်းဆိုမှုများ၊ သပိတ်မှောက်မှုများပြုလုပ်ရာတွင် အလုပ်သမားများအနေဖြင့် မိမိတို့၏အခက်အခဲနှင့်လိုလားချက်များကို အလုပ်ရှင်နှင့် အစိုးရတာဝန်ရှိသူများ သိရှိနိုင်စေရေး ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ပြသသင့်ပါသည်။ လူအုပ်စုဖြင့် ခြိမ်းခြောက်သည့် အသွင်မဆောင်ရန် အရေးကြီးလှပါသည်။

စာမျက်နှာ ၁၀ သို့ ❂

# စာတမ်းဖတ်ပွဲများကျင်းပနေခြင်းမှာ သုတေသနပြုပြီး စာတမ်းများဖတ်ကြားသည့် အလေ့အထ အစဉ်အလာ ပိုမိုထွန်းကားလာစေရန်ဖြစ်

**ရန်ကုန် နိုဝင်ဘာ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံတွင် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ သုတေသနအသင်းအဖွဲ့များ တိုးတက်ပေါ်ပေါက်လာစေရေးနှင့် မြန်မာနိုင်ငံ သုတေသနအသင်းကြီး ပြန်လည်ထူထောင်နိုင်ရန် နည်းလမ်းများရှာဖွေရေးတို့အတွက် ရည်ရွယ်ကျင်းပသည့် သုတေသနဖွံ့ဖြိုးရေးစာတမ်းဖတ်ပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ စုပေါင်းခန်းမ၌ ကျင်းပသည်။





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် သုတေသနဖွံ့ဖြိုးရေးစာတမ်းဖတ်ပွဲတွင် အမှာစကားပြောကြားစဉ်။

### အသိပညာဖြန့်ချိရာ နေရာဌာနများဖြစ်

အဆိုပါ စာတမ်းဖတ်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယနေ့သည် သုတေသနဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် စာတမ်းဖတ်ပွဲ ကျင်းပခြင်းဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ငယ်စဉ်ကတည်းက ရန်ကုန်မြို့ နေရာအနှံ့အပြားတွင် အသင်းအဖွဲ့အမျိုးမျိုးက စာတမ်းဖတ်ပွဲများ ကျင်းပသည်ကို တက်ရောက်နားထောင်လေ့လာဆည်းပူးခဲ့ဖူးပါကြောင်း၊ သုတေသနစာတမ်းဖတ်ပွဲများသည် အသိပညာဖြန့်ချိရာ နေရာဌာနများဖြစ်သည်ဟု မြင်ပါကြောင်း၊ အဆိုပါပွဲများကို တက်ရောက်နားထောင်ခြင်းအားဖြင့် ပညာရှင်များလေ့လာထားသည့် အသိပညာများကို မျှဝေခံစားရရှိသည့်အတွက် အကျိုးကျေးဇူးရှိပါကြောင်း၊ စာတမ်းရှင်၏ အတွေးအခေါ်အယူအဆများ၊ ကျွမ်းကျင်စွာ သုံးသပ်ပိုင်းခြားဝေဖန်ဆွေးနွေးမှုများကို နားထောင်ရသည့်အတွက် အင်မတန်တန်ဖိုးရှိသည်ဟု မြင်ပါကြောင်း။

### မှတ်ကျောက်တင်ပေးသည့် အစီအစဉ်ဖြစ်

စာတမ်းဖတ်ပွဲကျင်းပခြင်းဖြင့် သုတေသီများအနေဖြင့် မိမိ၏ကြိုးပမ်းအားထုတ်မှုကို အများသိအောင်တင်ပြနိုင်သည့် အခွင့်အရေးတစ်ခုရသည်ဟု မြင်ပါကြောင်း၊ တစ်နည်းပြောလျှင် အများကိုမျှဝေပေးခွင့်ရသည်ဟု မြင်ပါကြောင်း၊ စာတမ်းဖတ်ပွဲတွင် စာတမ်းရှင်က စာတမ်းကိုဖတ်ပြီးနောက် ဆွေးနွေးသည့်အပိုင်းမှာလည်း အလွန်တန်ဖိုးရှိသည်ဟု မြင်ပါကြောင်း၊ ဆွေးနွေးသည့်အစီအစဉ်သည် စာတမ်းတစ်ခု၏ ခိုင်မာမှုမခိုင်မာမှု၊ တန်ဖိုးရှိမှုတန်ဖိုးမရှိမှု စသည်ဖြင့် မှတ်ကျောက်တင်ပေးသည့် အစီအစဉ်ဖြစ်သည်ဟု မြင်ပါကြောင်း။

စာတမ်းဖတ်ပွဲများ ကျင်းပနေခြင်းမှာ သုတေသနပြုပြီး စာတမ်းများဖတ်ကြားသည့် အလေ့အထ အစဉ်အလာ ပိုမိုထွန်းကားလာစေရန်ဖြစ်ပါကြောင်း။

### ဝိုင်းဝန်းဆောင်ရွက်ပေး

အဆိုပါ သုတေသနလုပ်ငန်းများကို ဆောင်ရွက်သည့် ပညာရှင်များ၊ အသင်းအဖွဲ့များ ပြန့်ပွားလာစေရန် ရည်ရွယ်ပါကြောင်း၊ တစ်ချိန်က မြန်မာနိုင်ငံတွင် သုတေသနလုပ်ငန်းကို နှစ်ပေါင်းများစွာ ထင်ထင်ရှားရှား ခိုင်ခိုင်မာမာ ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ သုတေသနအသင်းကြီး (သို့မဟုတ်) အဆိုပါ အသင်းကြီးကဲ့သို့ အသင်းကြီးမျိုးတစ်ခု ခိုင်ခိုင်မာမာဖွဲ့စည်းနိုင်ရေးတို့အတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် စာတမ်းဖတ်ပွဲတွင် အမျိုးသားစာပေဆုရွေးချယ်ရေးအဖွဲ့ဝင် ဒေါက်တာအောင်ကြီး (မန္တလေးဆေးတက္ကသိုလ်)နှင့် မြန်မာသမိုင်းအဖွဲ့ဝင် ဒုတိယဥက္ကဋ္ဌ-၂ ဒေါက်တာတိုးလှတို့က သဘာပတိအဖြစ် ဆောင်ရွက်ကြပြီး အမျိုးသားစာပေဆုရွေးချယ်ရေး ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ) က "မြန်မာနိုင်ငံတွင် ဘာသာ၊ စာပေ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပုံ" စာတမ်းနှင့် ဦးဇော်အောင်(ဖွံ့ဖြိုးရေးသုတေသီ)က "မြန်မာနိုင်ငံ သုတေသနဖွံ့ဖြိုးရေး အကြံပြုချက်" စာတမ်းများကို ဖတ်ကြားဆွေးနွေးကြသည်။

ဆက်လက်၍ စာတမ်းဖတ်ပွဲကို မွန်းလွဲပိုင်းတွင် ကျင်းပရာ အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင် ဦးအေးချိုနှင့် အမျိုးသားစာပေဆုရွေးချယ်ရေး ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)တို့က သဘာပတိအဖြစ် ဆောင်ရွက်ကြပြီး ဒေါက်တာကျော်ဝင်း (အငြိမ်းစား-သမိုင်းပါမောက္ခ)က "အမိန့်တော်များထဲမှ မင်းတုန်းမင်းလက်ထက် တရားစီရင်ရေး"စာတမ်းနှင့် ဒေါက်တာတိုးလှ (ဒုတိယဥက္ကဋ္ဌ-မြန်မာသမိုင်းအဖွဲ့)နှင့် ဒေါက်တာတင်လှိုင် (ဘိုးလှိုင်) (မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်)တို့က "မြန်မာနိုင်ငံ၏ သုတေသနအသင်း ပြန်လည်ဖွဲ့စည်းခြင်းနှင့် အလားအလာ" စာတမ်းကို ဖတ်ကြားဆွေးနွေးကြသည်။

အဆိုပါခေါင်းစဉ်များဖြင့် ဆွေးနွေးမှုများကို စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး ပြန်လည်ဆွေးနွေးခဲ့ကြသည်။

စာတမ်းဖတ်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က သဘာပတိနှင့် စာတမ်းရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

စာတမ်းဖတ်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်များ၊ မြန်မာသမိုင်းအဖွဲ့၊ မြန်မာရေးရာ လေ့လာရေးအဖွဲ့၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ စာတမ်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

---

### ❖ ပြည်ထောင်စုဝန်ကြီးမှ

အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။ ထို့နောက် အာဆီယံ၏ တစ်ခုတည်းသော လေကြောင်းဈေးကွက်ဖော်ဆောင်မှု၊ စင်ကာပူ-ကူမင်း ရထားလမ်းစီမံကိန်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်မှု၊ အာဆီယံ အဝေးပြေးလမ်းကွန်ရက်ဖော်ဆောင်မှု၊ အာဆီယံ၏တစ်ခုတည်းသော ရေကြောင်းဈေးကွက်ဖော်ဆောင်မှု၊ အာဆီယံနယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေး၊ အာဆီယံဘက်စုံပို့ဆောင်ရေးနှင့် အာဆီယံနိုင်ငံ ဖြတ်သန်းပို့ဆောင်ရေးစသော မူဘောင်များအပေါ် အကောင်အထည်ဖော်နိုင်မှုများကို အစီအစဉ်များအတိုင်း ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Shangrila Hotel ၌ ကျင်းပသော (၁၇)ကြိမ်မြောက် အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ (၁၆)ကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ (၉)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ တက်ရောက်ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

### အမြင်ချင်းဖလှယ်

ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးကာလအတွင်း မြန်မာ-တရုတ်၊ မြန်မာ-ဂျပန်၊ မြန်မာ-ထိုင်း နှစ်နိုင်ငံဝန်ကြီးအဆင့် အစည်းအဝေးများသို့ တက်ရောက်၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နေမှုများ၊ တွေ့ကြုံရသည့် အခက်အခဲများ၊ အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်း အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗန်ကောက်မြို့၌ရှိနေစဉ်အတွင်း လန်ချဘန်ဆိပ်ကမ်းသို့သွားရောက်၍ ဆိပ်ကမ်းတိုးချဲ့တည်ဆောက်နေမှုများ၊ ဆိပ်ကမ်းလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်း သွားရောက်လေ့လာခဲ့ကြောင်းနှင့် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ဗိုလ်တထောင်စေတီတော်အနီးတွင် လူကူးခုံးကျော်တံတားသစ်ဖွင့်လှစ်လိုက်ပြီ

**ရန်ကုန် နိုဝင်ဘာ ၁၀**

ပြည်သူများ သွားလာမှု အဆင်ပြေချောမွေ့စေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုနှင့်အတူ မြသက်တင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့သည့် ဆိပ်ကမ်းမြို့နယ် ဗိုလ်တထောင် စေတီတော်အနီးရှိ လူကူးခုံးကျော်တံတားသစ်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက အဆိုပါတံတား၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက် အမှာစကားပြောကြားသည်။



အခမ်းအနားတွင် ဝန်ကြီးချုပ်က "ဒီခုံးကျော်တံတားကြီးကို တည်ဆောက်ရတဲ့ ရည်ရွယ်ချက်က ပြည်သူတွေရဲ့ လူမှုဘဝ သွားလာရေး အဆင်ပြေချောမွေ့စေနိုင်ဖို့အတွက် ဖြစ်ပါတယ်။ ဒီလမ်းဆုံဟာ လမ်းအနေအထား ကျယ်ဝန်းသလို လူသွားလာမှုများပြားပြီး အလွန်ကို ကျပ်တည်းတဲ့နေရာတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ဒီနေရာမှာ ခုံးကျော်တံတားရှိခြင်းဟာ ဗိုလ်တထောင်စေတီတော်မြတ်ကြီးကို လာရောက်ဖူးမြော်သူတွေ၊ တစ်ဖက်ကမ်းမှ ရန်ကုန်မြို့ကို လာရောက်အလုပ်လုပ်ကိုင်သူတွေအတွက် သွားလာမှုအဆင်ပြေလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီမျှော်လင့်ချက်ဟာ ပြည်သူတွေ အဆင်ပြေစေဖို့အတွက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူပူးပေါင်းပါဝင်မှုနဲ့အတူ ရန်ကုန်မြို့တော်ကြီးကို ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ဗိုလ်တထောင်စေတီတော်အနီးရှိ လူကူးခုံးကျော်တံတားကို ဖေဖော်ဝါရီ ၂၇ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး စက်တင်ဘာ ၆ ရက်တွင် ပြီးစီးကာ သတ်မှတ်ထားသည့် တည်ဆောက်ကာလ ခုနစ်လခန့်အတွင်း စံချိန်စံညွှန်းပြည့်မီစွာ တည်ဆောက်နိုင်ခဲ့ကြောင်း၊ တံတားအရှည် ၁၇၄ ပေ၊ လူသွားလမ်းအကျယ် ၁၀ ပေနှင့် ယာဉ်သွားလမ်းကင်းလွတ်အမြင့် ၂၀ ပေ ဖြစ်ပြီး စက်လှေကားနှစ်စင်းပါရှိသည့် သံကူကွန်ကရစ် အမျိုးအစားလူကူးခုံးကျော်တံတားဖြစ်ရာ တံတားတည်ဆောက်မှု ကုန်ကျစရိတ်အနေဖြင့် ကျပ် ၇၂၂ ဒသမ ၇၃၅ သန်း ဖြစ်ကြောင်း မြသက်တင်ကုမ္ပဏီမှ သိရသည်။

"ဒီနေရာက လူသွားလာမှု၊ ယာဉ်သွားလာမှု အင်မတန်ရှုပ်ထွေးတဲ့ နေရာဖြစ်ပါတယ်။ လမ်းနှစ်လမ်းကို ဖြတ်ကျော်ရတာဖြစ်တဲ့အတွက် လမ်းသွားလမ်းလာတွေ၊ ဗိုလ်တထောင်စေတီတော်ကို လာရောက်ဖူးမြော်တဲ့သူတွေအတွက် ယာဉ်အန္တရာယ်တွေ ဖြစ်ပွားနိုင်ပါတယ်။ အခုလို ခုံးကျော်တံတားတည်ဆောက်ပေးတဲ့အတွက် ပြည်သူတွေ သွားရလာရတာ အဆင်ပြေချောမွေ့ပြီး ယာဉ်အန္တရာယ် ဖြစ်ပွားမှုတွေ လျော့နည်းသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် တည်ဆောက်ပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်"ဟု ဆိပ်ကမ်းမြို့နယ်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်း လိုအပ်သည့်နေရာများတွင် ချောင်းကူးတံတားများ၊ ကားကူးခုံးကျော်တံတားများနှင့် လူကူးခုံးကျော်တံတားများကို ဆောက်လုပ်ပေးခဲ့ရာ ယခုအချိန်တွင် ချောင်းကူးတံတား ရှစ်စင်း၊ ကားကူးခုံးကျော်တံတား ခုနစ်စင်းနှင့် လူကူးခုံးကျော်တံတား ၁၃ စင်းတို့ကို ဆောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"အန္တရာယ်ကင်းရှင်းအောင် လူကူးခုံးကျော်တံတားတွေကို တည်ဆောက်ပေးနေပေမယ့် တချို့တွေက စည်းကမ်းလိုက်နာမှု အားနည်းနေတာကို တွေ့ရတယ်။ လူကူးခုံးကျော်တံတားရှိနေပေမယ့် တံတားအောက်ကပဲ အလွယ်ဖြတ်သန်းသွားလာနေကြတယ်။ သက်ကြီးရွယ်အိုဘိုးဘွားတွေနဲ့ လှေကားတက်ဖို့ အခက်အခဲရှိတဲ့သူတွေဆိုရင်တော့ ခြွင်းချက်ပေါ့။ စက်လှေကားပါတဲ့ တံတားတွေဆို တက်ရတာ ပိုပြီးတော့တောင် အဆင်ပြေပါတယ်။ တံတားပေါ်က တက်သွားရလို့ ကြာချိန်ကလည်း မိနစ်ပိုင်းလောက်ပါပဲ။ အောက်ကသွားလို့ အချိန်ပိုပြီးတော့လည်း ထူးမသွားပါဘူး။ အခန့်မသင့်ရင် အန္တရာယ်တောင် ဖြစ်နိုင်ပါတယ်။ ဒါကြောင့် လုပ်ပေးတဲ့သူတွေဘက်က လုပ်ပေးသလို လိုက်နာတဲ့သူတွေဘက်ကလည်း စည်းကမ်းတကျ လိုက်နာဆောင်ရွက်ဖို့ လိုပါတယ်"ဟု တံတားတည်ဆောက်မှုအပိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**သတင်း-အေးမင်းသူ၊ ဓာတ်ပုံ-ဇာနည်မောင်**

# သုတေသနဖွံ့ဖြိုးရေးစာတမ်းဖတ်ပွဲမှ စာတမ်းရှင်ပညာရှင်များ၏ ရင်တွင်းစကားသံများ

**သုတေသနဖွံ့ဖြိုးရေးစာတမ်းဖတ်ပွဲကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ စုပေါင်းခန်းမ၌ ကျင်းပရာ စာတမ်းရှင်ပညာရှင်ကြီးများအား မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-**


ဦးဇော်အောင်


ဒေါက်တာကျော်ဝင်း


ဒေါက်တာခင်အေး


ဒေါက်တာတင်လှိုင်


ဒေါက်တာတိုးလှ

**ဦးဇော်အောင်**
**(ဇော်အောင်- ဖွံ့ဖြိုးရေးသုတေသီ)**

"မြန်မာနိုင်ငံ သုတေသနဖွံ့ဖြိုးရေး အကြံပြုချက်"စာတမ်းကို ဖတ်ပါမယ်။ ဖွံ့ဖြိုးရေးနဲ့ပတ်သက်တဲ့ သုတေသနတွေလုပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ၂၀၁၁ ခုနှစ်ကစပြီး နိုင်ငံအပြောင်းအလဲတွေဖြစ်လာခဲ့တာ အခု ၂၀၁၈ ခုနှစ်ဆို ရှစ်နှစ်ရှိပါပြီ။ ဒီကာလတစ်လျှောက်မှာ သုတေသနတွေ လုပ်ခဲ့ပါတယ်။ မြန်မာနိုင်ငံအနှံ့သွားခဲ့သလို အိမ်နီးချင်းနိုင်ငံ ထိုင်းနဲ့ ဂျပန်နိုင်ငံတွေမှာသွားပြီး သုတေသနတွေ လုပ်ခဲ့ပါတယ်။ အဲဒီအတွေ့အကြုံတွေအပေါ် အခြေခံပြီး ဒီအကူးအပြောင်းကာလမှာ လက်တွေ့မြင်ရတဲ့ အနေအထားအပေါ် ခံစားရတာက သုတေသနအခြေပြုတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်ဖို့ အင်မတန်လိုအပ်နေတယ်။ ဒီမှာ လုပ်ငန်းတစ်ခုစမယ်ဆိုတာနဲ့ အားနည်းချက်တွေ ပေါ်လာတာတွေ၊ ဝေဖန်တာတွေနဲ့၊ အဲဒါနဲ့ လုပ်ငန်းမလုပ်ဖြစ်တာတွေ၊ နှေးကွေးသွားတာတွေ၊ ရပ်တန့်သွားတာတွေ ဒါတွေ မကြာခဏတွေ့ရပါတယ်။ ဒါတွေဟာ သုတေသန သေသေချာချာပြုလုပ်ပြီး မလုပ်ဆောင်နိုင်တဲ့ အားနည်းချက်လို့မြင်တယ်။ ဒီနေ့ပွဲမှာ မြန်မာနိုင်ငံမှာ သုတေသန ပြန်လည်ဖွံ့ဖြိုးရှင်သန်ဖို့ အဓိကထား ဆွေးနွေးမှာပါ။

၁၉၈၈ နောက်ပိုင်း နှစ်ပေါင်း ၃၀ နီးပါးမှာ သုတေသန ခါးဆက်ပြတ်ခဲ့တယ်လို့ ကျွန်တော်ယူဆပါတယ်။ တချို့သော မြန်မာနိုင်ငံသားတွေက ကိုယ့်နည်းကိုယ့်ဟန်နဲ့ နိုင်ငံခြားတွေထွက်ပြီး သုတေသနရှာဖွေနေကြတဲ့ ပညာရှင်တွေ တစ်ပုံကြီးရှိပါတယ်။ သူတို့တွေက နေရာအနှံ့ပြန့်ကျဲနေတယ်၊ ဒါကို ကျွန်တော်တို့နိုင်ငံမှာ သုတေသနအသင်းကြီး တစ်ခုပေါ်မယ်၊ ဒီလိုပညာရှင်တွေကို စုစည်းမယ်၊ အစိုးရက သုတေသနကို အားပေးမယ်၊ သုတေသနရန်ပုံငွေတွေ ထူထောင်မယ်ဆိုရင် တိုင်းပြည်ရေရှည်ဖွံ့ဖြိုးရေးအတွက် အကျိုးဖြစ်မယ်လို့ယူဆတဲ့အတွက် ဒီနေ့စာတမ်းထဲမှာ ဒီအကြောင်းအရာတွေကို ထည့်ဆွေးနွေးမှာပါ။

လူငယ်ဆိုတဲ့နေရာမှာ မြို့ပေါ်လူငယ်တွေရှိသလို ကျေးလက်က လူငယ်တွေရှိတယ်။ သုတေသနသင်တန်းတွေလည်း ပေးပါတယ်။ မြို့ပေါ်မှာလည်းပေးတယ်။ ကျေးလက်ဒေသတွေမှာလည်း ပေးတယ်။ တချို့က သုတေသနဆိုတာ တက္ကသိုလ်ထဲမှာ အဆင့်မြင့်ပညာလို့ထင်တယ်။ လူငယ်တွေက သုတေသနဆိုတာ မဆိုင်သလိုပဲ၊ လုပ်လို့မရနိုင်ဘူးဆိုတဲ့ အသိမျိုးရှိတယ်။ ဒီအသိကို အရင်ဆုံး ပြောင်းလဲရတယ်။ ရင်ဆိုင်ရတဲ့ အတွေ့အကြုံတွေထဲက ပထမဆုံး အခက်အခဲပါ။

လူငယ်တွေကို ပြောချင်တာက သုတေသနကို စိတ်ဝင်စားရင် လေ့လာပါ။ လူတိုင်းလေ့လာမယ်ဆိုရင် သုတေသန သဘောတရားကို နားလည်နိုင်မှာဖြစ်သလို ကိုယ်တိုင်လည်း တဖြည်းဖြည်းနဲ့ လေ့ကျင့်ယူပြီး သုတေသီတစ်ဦးဖြစ်အောင် လုပ်လို့ရပါတယ်။ ထိုင်းနိုင်ငံမှာဆိုရင် ကျေးလက်သုတေသနဆိုတာ ရှိတယ်။ ဘယ်သူတွေ လုပ်ကြသလဲဆိုရင် ငါးဖမ်းသမားတွေ၊ လယ်သမားတွေ သုတေသနလုပ်ပါတယ်။ ငါးဖမ်းသမားတွေက သူတို့ဖမ်းတဲ့ ငါးအမျိုးအစား၊ ငါးမျိုးစိတ်တွေကို သုတေသနလုပ်ပါတယ်။ လယ်သမားတွေက သူတို့စိုက်ပျိုးတဲ့သီးနှံတွေရဲ့ အမျိုးအစား၊ အရည်အသွေး၊ အထွက်နှုန်း အကုန်စနစ်တကျ သုတေသနလုပ်ပါတယ်။ လယ်သမားတွေ၊ တံငါသည်တွေ သုတေသနလုပ်နိုင်ဖို့ တက္ကသိုလ်က ပညာရှင်တွေက ကူညီပါတယ်။ ပြောချင်တာက ပညာရေးဆိုတာက တက္ကသိုလ်ထဲမှာပဲ၊ ပရဝဏ်ထဲမှာပဲ ကျင်လည်နေဖို့ မဟုတ်ဘူး။ လူ့အဖွဲ့အစည်းနဲ့ ချိတ်ဆက်ပြီးလုပ်မှသာ တကယ့်ပညာရေးရဲ့ အနှစ်သာရက ပေါ်လွင်မှာဖြစ်ပါတယ်။

ဒါဟာ ပညာရေးက ပညာရေးအတွက်လုပ်တာမဟုတ်ဘဲ လူ့အဖွဲ့အစည်းအတွက် အကျိုးပြုလုပ်ခြင်းဖြစ်တဲ့အတွက်ကြောင့် တက္ကသိုလ်က ပညာရှင်တွေက သက်ဆိုင်ရာ ဒေသရဲ့ လူ့အဖွဲ့အစည်းရဲ့ လူမှုဘဝ၊ စီးပွားရေးဘဝ၊ အကြောင်းအရာမျိုးစုံကို ထဲထဲဝင်ဝင် ဝင်ရောက်လေ့လာပြီး ကူညီတယ်။ အဲဒီလိုနည်းနဲ့ သုတေသနတွေကို ဒေသခံတွေလုပ်နိုင်အောင် ပညာရှင်တွေက ကူညီတာတွေရှိပါတယ်။ အင်မတန်ကောင်းတဲ့ နမူနာတစ်ခုပါ။ ကျွန်တော်တို့နိုင်ငံမှာလည်း အဲဒါမျိုး ဖြစ်စေချင်ပါတယ်။

နောက်တစ်ခုက အဲဒီလိုတက္ကသိုလ်က ပရော်ဖက်ဆာတွေ၊ သုတေသီတွေက ရပ်ရွာထဲဆင်းပြီး လုပ်ခဲ့တဲ့အတွက်ကြောင့် သူတို့ရလာတဲ့ လူမှုဘဝထဲက အတွေ့အကြုံတွေကို တက္ကသိုလ်မှာပြန်ပြီး ကျောင်းသင်ခန်းစာအဖြစ် လက်တွေ့ပြန်သင်ကြားနိုင်တယ်။ အဲဒီအခါကျတော့ ကျောင်းခန်းထဲက ဆွေးနွေးမှုတွေက လက်တွေ့ဆန်သွားတယ်။ လူ့အဖွဲ့အစည်းရဲ့ လက်ရှိဖြစ်နေတဲ့ အခြေအနေတွေကို ထင်ဟပ်တယ်။ ကျောင်းသားတွေကို လက်ရှိဖြစ်နေတဲ့ အဖွဲ့အစည်းရဲ့ အခြေအနေကို သင်ကြားပေးနိုင်တယ်။ အဲဒီကျောင်းသား ဘွဲ့ရပြီး အပြင်လောက ရောက်သွားရင် သင်လာတဲ့ပညာနဲ့ အပြင်လောကက အတွေ့အကြုံတွေက ကွာခြားမနေတော့ဘူး၊ အသုံးချပညာရေးတစ်ခုပေါ့။ လူငယ်တွေကိုမှာချင်တာကတော့ ပထမဆုံးသုတေသနကို စိတ်ဝင်စားဖို့လိုပါတယ်။ သုတေသနဆိုတာ ပညာရှင်တွေလုပ်ရတဲ့ ဘာသာရပ်တစ်ခုလို့ သဘောမထားဘဲ စိတ်ဝင်စားရင် လေ့လာကြည့်ပါ၊ လေ့ကျင့်ကြည့်ပါ။ ကိုယ်ကိုယ်တိုင် တစ်ချိန်မှာ သုတေသီတစ်ဦးဖြစ်နိုင်ပါတယ်လို့ ပြောချင်ပါတယ်။

**ဒေါက်တာကျော်ဝင်း**

"အမိန့်တော်များထဲမှ မင်းတုန်းမင်းလက်ထက် တရားစီရင်ရေး" စာတမ်းကို ဖတ်မှာဖြစ်ပါတယ်။ သမိုင်း အထောက်အထားတွေမှာ အမိန့်တော်တို့၊ စစ်တမ်းတို့ဆိုတာ ပါတယ်။ ပျို့၊ ဧချင်း၊ မော်ကွန်းတို့ထဲက သမိုင်းအထောက်အထားတွေယူပြီး မင်းတုန်းမင်းလက်ထက်မှာ တရားစီရင်ရေးနဲ့ဆိုင်တဲ့ ပြုပြင်ရေးတွေ ဘယ်လိုလုပ်သလဲ၊ လာဘ်ပေးလာဘ်ယူတွေကို မလိုလားဘူး၊ သူ့လက်ထက်မှာ တရားစီရင်ရေးကို လုံးဝပြင်လိုက်တယ်။ သူ့ရဲ့အစ်ကို ပုဂံမင်းလက်ထက်မှာ လာဘ်ပေးလာဘ်ယူတွေများတယ်။ သူ့လက်ထက်မှာ အဲဒီလိုမဖြစ်အောင် တရားစီရင်ရေးမှာ ပြုပြင်မှုတွေ အဆင့်ဆင့် အများကြီးလုပ်ခဲ့တယ်။ တရားကွမ်းဘိုးထိန်းတွေ ခန့်ထားတယ်၊ မင်းမှုထမ်းတွေထဲက တရားစီရင်ခတွေ၊ နှုန်းထားတွေကို အတိအကျသတ်မှတ်ပေးတယ်။ အဲဒါထက် ပိုလို့ရှိရင် ကြီးလေးတဲ့အပြစ်ကို ပေးတယ်။ မြန်မာမင်းများရဲ့ လက်ထက်မှာ အခုလို လာဘ်ပေးလာဘ်ယူ ယူမယ်ဆိုရင် သေဒဏ်အထိတောင် အပြစ်ပေးတယ်။ ဒါပေမယ့် သေဒဏ်အထိတော့ မပေးပါဘူး။ ကြိမ်ဒဏ်တို့၊ ယူထားတဲ့ငွေကို ပြန်ပေးခိုင်းတာတို့၊ မင်းတုန်းမင်းရဲ့ အမိန့်တော်ထဲက တရားစီရင်တဲ့အခါမှာ တရားသူကြီးတွေက အချိန်ဆွဲတာမျိုးတွေ၊ အဲဒါတွေကို အကျင့်ဆိုးတွေ ကွယ်ပျောက်သွားအောင်လို့ ပြုပြင်ခဲ့တယ်ဆိုတာကို ဒီစာတမ်းမှာ အဓိကထား ပြောမှာပါ။

ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ သုတေသနလုပ်ငန်းတွေ ဖွံ့ဖြိုးရေးအတွက် လုပ်တာဖြစ်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံမှာ သုတေသနလုပ်ငန်းဆိုတာ ဘယ်လောက်အရေးကြီးသလဲ၊ ဒီအထောက်အထားတွေပေါ်မှာ အခြေခံပြီး အများမသိသေးတဲ့အရာတွေကို ဖော်ထုတ်ပေးဖို့ဆိုတာ သုတေသနရဲ့ အဓိကအချက်၊ နောင်လာနောက်သားတွေ ပိုမိုသိရှိပြီး သုတေသနလုပ်ငန်းကို စိတ်ဝင်စားလာအောင် ရည်ရွယ်ပါတယ်။

ဒီစာတမ်းဖတ်ပွဲတွေ လုပ်ပေးခြင်းအားဖြင့် တစ်ယောက်နဲ့တစ်ယောက် အသိညဏ်ချင်း ဖလှယ်ခွင့်ရတယ်။ ကျွန်တော်တို့ လေ့လာထားတာလေးတွေကို မျှဝေပေးချင်တယ်၊ သိစေချင်တယ်။ စာတမ်းဖတ်ပွဲတွေက တစ်ခါနဲ့ တစ်ခါလုပ်တာ အကြောင်းအရာချင်း မတူပါဘူး။ ပညာရပ်ဆိုင်ရာတွေပါတယ်။ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စတဲ့ နိုင်ငံတော်မှာ အရေးကြီးတဲ့ကဏ္ဍတွေကို အဓိကထားပြီး စာတမ်းဖတ်ပွဲတွေ ပြုလုပ်ပေးတဲ့အတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ အင်မတန် လျော်ကန်သင့်မြတ်တဲ့ ဆောင်ရွက်ချက်လို့ ပြောချင်တယ်။

**ဒေါက်တာခင်အေး**
**(မောင်ခင်မင်- ဓနုဖြူ)**

"မြန်မာနိုင်ငံတွင် ဘာသာ၊ စာပေ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပုံ"စာတမ်းကို ဖတ်ပါမယ်။ အရင်တုန်းက မြန်မာနိုင်ငံမှာ သုတေသန ဆောင်ရွက်တဲ့ အဖွဲ့အစည်းတွေ၊ ဌာနတွေ၊ အင်နဲ့အားနဲ့ ဆောင်ရွက်ခဲ့တဲ့ သုတေသနအသင်းကြီး စပေါ်ခဲ့တယ်။ အဲဒီလုပ်ငန်းတွေက ၁၉၈၀ ကျော်အထိ သွားတယ်။ ရှေ့ပိုင်းမှာ မြန်မာနိုင်ငံ သုတေသနအသင်းက သုတေသနဂျာနယ်ကို တစ်နှစ်နှစ်ကြိမ်၊ သုံးကြိမ် ထုတ်တယ်။

နှစ် ၇၀ ပြည့်တဲ့အထိ သုတေသနဂျာနယ်တွေထုတ်ခဲ့တော့ သုတေသနဆောင်းပါးတွေ၊ သုတေသန စာတမ်းတွေ အများကြီးလေ့လာခဲ့ရတယ်။ သုတေသနရလဒ်တွေ အများကြီးရခဲ့တယ်၊ အကျိုးရှိပါတယ်။ ပညာရှင်ဆရာကြီးတွေ အစဉ်အဆက် လုပ်ခဲ့တယ်။ ဘာသာစကားဆိုင်ရာ သုတေသနတွေကို အများကြီးလုပ်ခဲ့တယ်။ ၁၉၈၀ ကျတော့ နှစ် ၇၀ ပြည့်မှာ သုတေသနအသင်းကြီး ရပ်စဲသွားတယ်။ သုတေသနဂျာနယ်လည်း ပျက်သွားတယ်။ ၁၉၆၅ ခုနှစ်ကစပြီး မြန်မာနိုင်ငံ သုတေသန ဆွေးနွေးပွဲတွေကို နိုင်ငံတော်အစိုးရကကြီးမှူးပြီး နှစ်စဉ် ရန်ကုန်တက္ကသိုလ်ဝင်းထဲမှာ ဘာသာရပ် ၁၁ ခု ခွဲပြီး သုတေသန စာတမ်းဖတ်ပွဲတွေ ဆက်တိုက်လုပ်ခဲ့တယ်။ ဘာသာစကားဆိုင်ရာ သုတေသနစာတမ်းတွေ နားထောင်တယ်။ ကိုယ်ကိုယ်တိုင် ဖတ်တယ်။ နောက်ပိုင်းမှာ အဖွဲ့အစည်းအလိုက်လုပ်တဲ့ တက္ကသိုလ်ပညာ ပဒေသာစာစောင် နှစ် ၂၀ ကျော်ကြာပြီးတော့ ရပ်သွားပြန်ရော၊ အစဉ်အလာနဲ့ အဖွဲ့အစည်းလိုက်လုပ်လာတဲ့ စာတမ်းဖတ်ပွဲတွေ ရပ်သွားပြန်ရော။ နောက်ပိုင်းမှာ သုတေသနလုပ်တဲ့ အရှိန်အဟုန်နဲ့ လူငယ်တွေ ပြန်လေ့လာတဲ့အခါကျတော့ ရှေ့ပိုင်းတုန်းက ဆောင်ရွက်ခဲ့တဲ့ သုတေသနလုပ်ငန်းတွေ ဘာတွေလုပ်ခဲ့သလဲဆိုတာ သိထားရင် ကိုယ်ဆက်လုပ်ရမယ့် လုပ်ငန်းတွေမှာ အထောက်အကူပြုမယ်၊ ဆက်လုပ်ဖို့ ကောင်းတယ်ဆိုတဲ့ အသိအမြင်တွေ ရလာနိုင်တယ်။ သုတေသနလုပ်ချင်တဲ့ စိတ်တွေ တိုးပွားလာမယ်။ နှိုးဆော်တဲ့အနေနဲ့ ဒါတွေကို ပြန်ပြောင်းသတိရပြီး သုတေသနလုပ်ငန်းတွေ ဘာတွေလုပ်ခဲ့သလဲဆိုတာ ကောင်းနိုးရာ၊ သင့်လျော်ရာ သာဓကလေးတွေပြပြီး ဆွေးနွေးတဲ့စာတမ်းပါပဲ။

မြန်မာနိုင်ငံမှာ သုတေသနလုပ်ငန်းတွေကို ရှေးရှေးကတည်းက အစဉ်အဆက် တောက်လျှောက်လုပ်လာခဲ့တယ်။ အခု ဆက်လက်ပြီး တိုးတက်ဖွံ့ဖြိုးဖို့လိုတယ်။ သို့သော် မြန်မာနိုင်ငံ သုတေသနအသင်းကြီးကို ရှေးရှေးကတည်းက ရှိခဲ့တယ်။ အဲဒီလိုအသင်းမျိုး အသင်းပြန်ဖွဲ့ပြီး သုတေသနလုပ်ငန်းတွေကို အင်နဲ့အားနဲ့ ဆောင်ရွက်ဖို့ လိုအပ်တယ်။ ဆက်လက်ဆောင်ရွက်ကြဖို့လည်း အခြေအနေ၊ အချိန်အခါပေးနေလို့ ဆောင်ရွက်ကြပါလို့ အကြံပေးချင်ပါတယ်။

**ဒေါက်တာတိုးလှ**

"မြန်မာနိုင်ငံ၏ သုတေသနအသင်း ပြန်လည်ဖွဲ့စည်းခြင်းနှင့် အလားအလာ" စာတမ်းကိုဖတ်မှာပါ။ မြန်မာနိုင်ငံ သုတေသနအသင်းက ၁၉၁၀ က စပေါ်တယ်။ စာပေ၊ ယဉ်ကျေးမှုနဲ့ သမိုင်းဘာသာရပ်တွေ၊ နောက်ပိုင်းကျ သမိုင်းဘာသာရပ်၊ ဝိဇ္ဇာဘာသာရပ် တင်မကဘဲ သိပ္ပံဘာသာရပ်တွေပါ အကုန်ဖွံ့ဖြိုးတိုးတက်လာအောင် စာတမ်းတွေဖတ်ကြတယ်။ အဲဒါကို တစ်နှစ်နှစ်ကြိမ်ထုတ်တဲ့ ဂျာနယ်ပါ။ အကြောင်းကြောင်းကြောင့် ၁၉၇၀ ရွှေရတုလုပ်နိုင်ပြီးတဲ့နောက် ၁၉၈၀ ရောက်တော့ ပျက်သွားပါတယ်။ အဲဒါကို ကျွန်တော်တို့ ပြန်လည်ဖော်ထုတ်ဖို့ လိုတယ်။

အဲဒီအတွက် ဒီစာတမ်းကိုတင်သွင်းတာပါ။ အဆင့်မြင့်ပညာရပ် အဆင့်ကနေ ပညာရှင်တွေ ဖတ်ကြားတဲ့ သုတေသန စာတမ်းတွေဖြစ်တဲ့အတွက် နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ အင်မတန်မှ အရေးပါတဲ့ အကြောင်းအရာတွေဖြစ်ပါတယ်။ နိုင်ငံရဲ့ အသိပညာဘက်ကရော၊ အတတ်ပညာဘက်ကရော ဘက်ပေါင်းစုံကနေ ဒီစာတမ်းတွေ ထွက်လာရင်၊ ဂျာနယ်တွေထွက်လာရင် သာမန်ဂျာနယ်မဟုတ်တဲ့အတွက် နိုင်ငံကို အများကြီး အကျိုးပြုပါမယ်။

**ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)**

"မြန်မာနိုင်ငံ၏ သုတေသနအသင်း ပြန်လည်ဖွဲ့စည်းခြင်းနှင့် အလားအလာ"စာတမ်းကိုဖတ်ပါမယ်။ အထူးသဖြင့် စာတမ်းတွေထုတ်ဝေကြပါ၊ ရေးကြပါ၊ သုတေသန လုပ်ကြပါ။ ဘယ်မှာရေးမယ်၊ ဘယ်မှာ ထုတ်ဝေမယ်ဆိုတာ ပြဿနာရှိတယ်။ မြန်မာနိုင်ငံမှာ မြန်မာမှု၊ မြန်မာအကြောင်းအရာနဲ့ပတ်သက်တဲ့ သုတေသနလုပ်ငန်းတွေကို ဘယ်ဂျာနယ်၊ ဘယ်စာစောင်တွေမှာ ထုတ်မှာလဲ။ အဲဒီတော့ ပညာတတ် လောက၊ အဆင့်မြင့်ပညာ လောက က အသိအမှတ်ပြုတဲ့၊ လေးစားတဲ့ မြန်မာနိုင်ငံထုတ် စာစောင် ဂျာနယ်ရှိပါသလားမေးကြရင် မရှိဘူးလို့ပြောရမယ်။ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေရှိပါတယ်။ ဒါတွေက ပေါ်ပြူလာလို့ ခေါ်တယ်။ ဒါတွေက အများဖတ်တွေ၊ ပညာရှင်သီးသန့်ဖတ်တဲ့ ပညာအဆင့်မဟုတ်ဘူး။ အဲဒီထဲမှာ တချို့ပါသွားတာရှိပါလိမ့်မယ်။ သို့သော် ပညာတတ်လောက က မသိဘူး၊ အသိအမှတ်မပြုဘူး၊ အဲဒီတော့ မြုပ်နေတာပေါ့။

အဲဒီတော့ မြန်မာ့ပညာရှင်တွေရဲ့ အခန်းကဏ္ဍကို မြှင့်တင်ဖို့၊ အားပေးဖို့ဆိုရင် ဂုဏ်သရေရှိတဲ့ ပညာတတ်လောက က၊ ကမ္ဘာ့ပညာတတ်လောကက အသိအမှတ်ပြုတဲ့ ဂျာနယ်ကြီးတစ်စောင်၊ အသင်းအဖွဲ့ကြီးတစ်ခု ရှိသင့်တယ်။ မြန်မာနိုင်ငံ သုတေသနအသင်းကြီးဆိုတာ ၁၉၁၀ ပြည့်နှစ်ကတည်းက တည်ထောင်ခဲ့ကြတဲ့ အထဲမှာ အင်္ဂလိပ်လူမျိုးတွေပါတယ်၊ ထင်ပေါ်ကျော်ကြားတဲ့ မြန်မာလူမျိုးတွေ ပါတယ်။ အဲဒီတော့ ပညာကို ဦးထိပ်ထားပြီး အဓိကထားလုပ်ခဲ့တဲ့ အသင်းကြီးပါ။ အင်မတန် တန်ဖိုးရှိတဲ့၊ သုတေသနစာတမ်းတွေ ထုတ်ဝေခဲ့တဲ့ အစဉ်အလာတွေ ရှိပါတယ်။ ကမ္ဘာ့ပညာတတ်လောကကလည်း အသိအမှတ်ပြုတယ်၊ လေးစားတယ်။ အဲဒီဂုဏ်ဒြပ်ကို ဆရာတို့ ပြန်ပြီးမျိုးကူးရမယ်၊ ပြန့်ပွားရမယ်၊ ဒီနေရာမှာ ပြန်စိုက်ရမယ်။ ဒီမျိုးစေ့ကို ပြန်ပြီးရှင်သန်စေချင်တယ်။ ဒါကို ပြန်အသက်သွင်းဖို့၊ ပြန်ပြီး မြေတောင်မြှောက်ဖို့ ဒီနေ့ ဆရာတို့နှစ်ယောက်က ဆော်ဩသူအဖြစ် တိုက်တွန်းနှိုးဆော်ဖို့ ဒီစာတမ်းကို ရေးတာပါ။ ။

**အားလုံးကို ကျေးဇူးတင်ပါတယ်။**

**တွေ့ဆုံမေးမြန်း- ရီရီမြင့်**
**ဓာတ်ပုံ- ဇော်မင်းလတ်**

# ဆူးလေစေတီတော် ဒီပါဝလီ ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်

**ရန်ကုန် နိုဝင်ဘာ ၁၀**

ဟိန္ဒူလူကြီးများ (The Hindu Elders- Myanmar) က ကြီးမှူး၍ ဟိန္ဒူတို့၏ နေ့ထူးနေ့မြတ်ပွဲတော်ကြီး တစ်ရပ်ဖြစ်သော ဒီပါဝလီပွဲတော် အထိမ်းအမှတ်အဖြစ် ဆူးလေစေတီတော်မြတ်ကြီးအား ဒီပါဝလီ ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက စေတီတော်ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ဆူးလေစေတီတော်ဂေါပက အဖွဲ့ဝင်များ၊ The Hindu Elders -Myanmar နာယက ဦးတင်မောင်ဝင်း၊ ဥက္ကဋ္ဌ ဦးဘနီနှင့် အမှုဆောင်များ၊ ဟိန္ဒူအဖွဲ့အစည်းအသီးသီးမှ အမှုဆောင်များ၊ ဘာသာပေါင်းစုံမှ တာဝန်ရှိသူများ၊ ဟိန္ဒူမိသားစုများ၊ ဗုဒ္ဓဘာသာဝင်များ တက်ရောက်ကြသည်။

"ကျွန်တော်တို့ ဆီမီးထွန်းပွဲကို ပထမဆုံးအကြိမ် ကျင်းပတာဖြစ်ပါတယ်။ ဒီပါဝလီဆိုတာက ဆီမီးထွန်းညှိပူဇော်ရခြင်းဖြစ်ပါတယ်"ဟု နာယက ဦးတင်မောင်ဝင်းက ပြောသည်။



ရှေးဦးစွာ ဒီပါဝလီဆီမီးကို ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးဇော်အေးမောင်၊ ဟိန္ဒူလူကြီးများ အသင်းနာယက ဦးတင်မောင်ဝင်း၊ ဥက္ကဋ္ဌ ဦးဘနီနှင့် သနန္တရနဓမ္မပါလ အဖွဲ့ချုပ်သာသနာပြုဆရာ အကျိုးတော်ဆောင် ဒေါက်တာ ဦးလှထွန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ၊ မင်္ဂလာတောင်ညွန့် ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့နာယက ဦးခင်မောင်ဆွေ၊ ကပ္ပတိန် ဟင်နရီခင်မောင်တို့က ဆီမီးထွန်းညှိပူဇော်ပေးပြီး တက်ရောက်လာသူများက ဆီမီးထွန်းညှိ၍ ဓမ္မတေးများဖြင့် သီဆိုပူဇော်ကြသည်။

**မြင့်စိုး**







မြန်မာနိုင်ငံ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာ ကွန်ရက်အသင်း၏ ဂုဏ်ပြုပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် ညပိုင်းက Gandamar Wholesale ၌ ကျင်းပရာ မြန်မာနိုင်ငံ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာ ကွန်ရက်အသင်းဥက္ကဋ္ဌ ဦးစောလုလုထော်က အဖွင့်အမှာစကားပြောကြားစဉ်။ ဖိုးသော်ဇင်

❂ စာမျက်နှာ ၇ မှ

မိမိနှင့် ဆန္ဒမတူညီသော အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများကို ခြိမ်းခြောက်စည်းရုံးခြင်း၊ အခြားအလုပ်သမားများ အလုပ်မလုပ်နိုင်စေရန်၊ ကုန်ကြမ်းပစ္စည်းများ စက်ရုံအတွင်းသို့ မတင်ပို့နိုင်စေရန်၊ ကုန်ချောပစ္စည်းများ စက်ရုံအတွင်းမှ သင်္ဘောဆိပ်သို့ မတင်ပို့နိုင်စေရန် ရည်ရွယ်ချက်ဖြင့် စက်ရုံဝင်ပေါက်ကို လူအင်အားအသုံးပြု၍ ပိတ်ပင်ထားခြင်းပြုလုပ်ခြင်းသည် ဥပဒေချိုးဖောက်ရာရောက်ပါသည်။ အထူးသဖြင့် စက်ရုံအတွင်းရှိ နိုင်ငံခြားသား Technician ဝင်၊ ထွက်မှု မပြုနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ပိတ်ပင်ခြင်းသည် နိုင်ငံ၏ဂုဏ်သိက္ခာ ကျဆင်းစေနိုင်ပါသည်။ ယင်းဖြစ်စဉ်သတင်းများ ပြည်ပသို့ရောက်ရှိပါက နောက်ထပ်ဝင်လာမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ လာရောက်ရန် တွန့်ဆုတ်စေနိုင်သည့်အပြင် လက်ရှိရင်းနှီးမြှုပ်နှံနေသူများပင်လျှင် ပြန်လည်ထွက်ခွာသွားစေနိုင်ပါသည်။

ယခုအခါ CMP အထည်ချုပ်စက်ရုံ၊ အလုပ်ရုံများတွင်သာမက ဟိုတယ်လုပ်ငန်းများတွင်ပါ အလားတူဖြစ်နေသည်ကို တွေ့မြင်ကြားသိနေရပါသည်။ ယင်းကဲ့သို့ ဖြစ်ရသည့်အကြောင်းရင်းများကို လေ့လာရာ -

(က) အချိန်ပိုလုပ်ခအပါအဝင် လက်ရှိရရှိနေသည့် လုပ်ခဝင်ငွေသည် အခြေခံစားကုန်ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက နည်းပါးနေခြင်းကြောင့် စားဝတ်နေရေးအတွက် လုံလောက်မှုမရှိခြင်း၊

(ခ) အလုပ်ရှင်အချို့နှင့် စက်ရုံ၊ အလုပ်ဌာန၏ စီမံခန့်ခွဲမှုဆိုင်ရာ တာဝန်ရှိသူများ၏ ဆက်ဆံရေး အဆင်မပြေခြင်း၊

(ဂ) အလုပ်ရှင်အချို့က အလုပ်သမားဥပဒေများကို လိုက်နာမှုမရှိခြင်း၊

(ဃ) အခြေအနေကို ပိုမိုရှုပ်ထွေးရန်ပြုလုပ်လိုသူအချို့က မြောက်ပင့်သွေးထိုးမှုများ ရှိနေခြင်း၊

(င) အလုပ်သမားအချို့၏ စည်းကမ်းဖောက်ဖျက်မှုများတွင် အလုပ်သမားသမဂ္ဂအချို့၏ ပယောဂပါနေခြင်း၊

(စ) အလုပ်သမားသမဂ္ဂခေါင်းဆောင်အချို့နှင့် အလုပ်သမားအချို့က ဥပဒေနှင့်မညီသော တောင်းဆိုမှုများကို တောင်းဆိုနေခြင်း၊ (ဥပမာ- သန့်ရှင်းမှုလိုအပ်သော အထည်ချုပ်စက်ရုံတွင် သနပ်ခါးလိမ်းခွင့်၊ နှုတ်ခမ်းနီဆိုးခွင့်၊ ဖုန်းပြောခွင့်၊ သီချင်းဆိုခွင့် စသည်ဖြင့်)

(ဆ) စက်ရုံတစ်ရုံတွင် အလုပ်သမားဆန္ဒပြမှုဖြစ်ပါက အခြားစက်ရုံများမှ အလုပ်သမားသမဂ္ဂအဖွဲ့ဝင်များက လာရောက်ပူးပေါင်း၍ အင်အားဖြင့် တောင်းဆိုသည့် အစဉ်အလာဖြစ်ပေါ်နေခြင်း၊

(ဇ) လုပ်ငန်းများဝင်ငွေမကောင်းသဖြင့် လုပ်သားအင်အား လျှော့ချရမည့် အခြေအနေဖြစ်ပေါ်နေခြင်း။

အထက်ပါအခြေအနေများကို ပြန်လည်သုံးသပ်၍ ကုစားခြင်း တစ်စုံတစ်ရာ မပြုလုပ်ပါက CMP လုပ်ငန်းရှင်များအနေဖြင့် ဆက်လက်လုပ်ကိုင်ရန် အကျပ်အတည်းများ ပိုမိုကြုံတွေ့လာရပြီး လုပ်ငန်းပိတ်သိမ်းမှုများ အဆက်မပြတ် ဖြစ်ပေါ်လာနိုင်သည်ဟု သုံးသပ်ရရှိပါသည်။ လုပ်ငန်းပိတ်သိမ်းမှုများပြားလာသည်နှင့်အမျှ အလုပ်လက်မဲ့ဦးရေ တိုးတက်များပြားလာနိုင်ပါသည်။ အလုပ်လက်မဲ့ဦးရေ တိုးတက်လာသည်နှင့်အမျှ အခြေခံလူတန်းစားများ၏ စားဝတ်နေရေးနှင့် ဘဝရပ်တည်မှုကို များစွာထိခိုက်လာနိုင်ပါသည်။ ယင်းအခြေအနေသည် နိုင်ငံတော်၏စီးပွားရေးကို ထိခိုက်စေနိုင်သည့်အပြင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိုပါ အတိုင်းအတာတစ်ရပ်အထိ ထိခိုက်စေနိုင်သည်ဟု သုံးသပ်ရရှိပါသည်။ ထို့အပြင် အလုပ်ရှင်ဘက်မှ ဥပဒေနှင့်အညီ ဆောင်ရွက်ပေးသည်ကို လိုက်နာမှုမရှိဘဲ တစ်ဖက်သတ် ဆန္ဒပြနေသော ဖြစ်စဉ်များကို မထိန်းချုပ်နိုင်ပါက ထပ်မံဝင်ရောက်လာနိုင်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံလိုသူများအတွက် ဥပဒေအကာအကွယ် အားနည်းနေခြင်းကို စိုးရွံ့ပြီး ရင်းနှီးမြှုပ်နှံရန် နောက်တွန့်သွားနိုင်သည်ဟု သုံးသပ်ရပါသည်။

လက်ရှိအချိန်တွင် အထက်ပါအခြေအနေအရပ်ရပ်ကြောင့် နိုင်ငံတွင်းရှိ CMP လုပ်ငန်းများမှာ အခြားလုပ်ငန်းတူနိုင်ငံများထက် ကုန်ပစ္စည်းအမှာစာများ ရရှိမှုနည်းပါးခြင်း၊ ဈေးနှုန်းအနှိမ်ခံရခြင်း၊ အခွန်ဆိုင်ရာ အထူးအခွင့်အရေး (GSP) များ ပိုမိုရရှိရန် လိုအပ်နေခြင်းအပါအဝင် အခြားသော အတားအဆီးအနှောင့်အယှက်များ ကြုံတွေ့နေရပါသည်။ သို့ဖြစ်၍ CMP လုပ်ငန်းများအပါအဝင် လုပ်အားအခြေပြုလုပ်ငန်းများတွင် ဖြစ်ပေါ်နေသော ပြဿနာများအား သာမန်သဘောမထားဘဲ အလေးအနက်ထား၍ ဖြေရှင်းပေးရန်နှင့် ၎င်းတို့ကြုံတွေ့နေရသည့် အခက်အခဲများကို နိုင်ငံတော်ဘက်မှ အားပေးကူညီမှုနှင့် ချီးမြှင့်မြောက်စားမှု၊ လိုအပ်ပါက လိုအပ်သလို ဥပဒေနှင့်အညီ အရေးယူမှုများ ဆောင်ရွက်ပေးရန် အထူးလိုအပ်နေသည်ကို တွေ့ရှိရပါသည်။

## ဖြေရှင်းသင့်သည့် အကြံပြုချက်များ

CMP အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ များစွာရှိပါသည်။ သို့ရာတွင် လတ်တလောဖြစ်ပွားနေသော အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများနှင့် ဆန္ဒပြမှုများကို အမြန်ဆုံးဖြေရှင်းပေးနိုင်ရေးမှာ လက်ရှိ အရေးကြီးနေပါသဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် အောက်ပါတို့ကို အလေးအနက်ထား၍ ဆောင်ရွက်စေသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်-

(က) အလုပ်ရှင်များနှင့် စီမံခန့်ခွဲသူများအား အလုပ်သမားများ၏ အခက်အခဲများ(သောက်သုံးရေ သန့်ရှင်းလုံလောက်စွာရရှိမှု၊ ထမင်းစားသောက်ချိန် လုံလောက်မှု၊ အိမ်သာ လုံလောက်မှု၊ အိမ်သာရေသုံးစွဲမှု၊ ဖယ်ရီသွားလာမှုစနစ် အဆင်ပြေမှု)ကို အခြေခံကျကျသိနားလည်ပြီး အတတ်နိုင်ဆုံး ဖြေရှင်းပေးခြင်းဖြင့် လုပ်ငန်းခွင်ဆက်ဆံရေးကို တည်ဆောက်စေရန် ဆွေးနွေးအသိပညာပေးသင့်ပါသည်။

(ခ) အလုပ်ရှင်များအား လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေကို သုံးသပ်ပြပြီး လုပ်ခလစာပေးသည့်ပုံစံနှင့် စနစ်ကိုပြင်ဆင်ခြင်း၊ မိမိတတ်နိုင်သမျှ လုပ်ခတိုးမြှင့်ပေးစေသင့်ပါသည်။

(ဂ) လက်ရှိဆန္ဒပြနေမှုများဖြစ်ပေါ်ပါက အစိုးရကိုယ်စားလှယ်၊ အလုပ်ရှင်ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်များပါဝင်သည့် အထူးအဖွဲ့ ဖွဲ့စည်းပေးပြီး ဖြစ်စဉ်ကို သမာသမတ်ကျစွာ စစ်ဆေးစေသင့်ပါသည်။ အလုပ်ရှင်မှားကြောင်းတွေ့ရှိပါက အလုပ်ရှင်က တောင်းဆိုချက်ကို လိုက်လျောပေးရန်၊ အလုပ်သမားဘက်မှ မှားယွင်းကြောင်း တွေ့ရှိနေပါက ဆန္ဒပြခြင်းကို ရပ်ဆိုင်းရန် ဆုံးဖြတ်ပေးရပါမည်။ ယင်းဆုံးဖြတ်ချက်ကို မလိုက်နာပါက မည်သူ့ကိုမဆို ဥပဒေအရ ထိရောက်စွာ အရေးယူခြင်းဖြင့် ပြဿနာကို အမြန်ပြီးပြတ်စေရေးဆောင်ရွက်သင့်ပါသည်။

အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများ ဖြစ်ပွားရခြင်း အကြောင်းရင်းများအား လေ့လာသုံးသပ်ရာတွင် အလုပ်သမားများသည် အလုပ်ရှင်များနှင့် စီမံခန့်ခွဲသူများ၏ ဆက်ဆံရေး ညံ့ဖျင်းအားနည်းရိုင်းပျမှု၊ လုပ်ငန်းခွင်အခြေအနေအဆင်မပြေမှု၊ ဥပဒေနှင့်မညီညွတ်ဘဲ နားရက်/နားချိန်နည်းပါးစွာ လုပ်ကိုင်ရမှုများအပြင် အဓိကအကျဆုံးတွေ့ရှိရသည်မှာ လက်ရှိရရှိနေသော လုပ်ခလစာနှင့် စားဝတ်နေမှု လုံလောက်မှုမရှိခြင်းကြောင့် လုပ်ခလစာနှင့် ငွေကြေးဆိုင်ရာ ခံစားခွင့်များ တောင်းဆိုမှု အများဆုံးဖြစ်သည်ကို တွေ့ရပါသည်။ အလုပ်ရှင်ဘက်ကလည်း လတ်တလောအကျိုးအမြတ်ပိုမိုရရှိမှုကိုသာ အဓိကထားရှုမြင်နေကြပြီး အချိန်ကာလတစ်ခုအထိ အနစ်နာခံလိုက်ပါက ရေရှည်တွင် မည်ကဲ့သို့ အကျိုးစီးပွားများ ဖြစ်လာမည်ဆိုသည်ကို မတွေးမြင်ကြသည့် အလုပ်ရှင်များရှိနေကြပါသည်။ ထို့အတူ အလုပ်သမားဘက်မှလည်း လတ်တလော လုပ်ခလစာတိုးမြှင့်ရရှိရန်သာ စိတ်အားထက်သန်နေကြပြီး အလုပ်ရှင်၏ ကြုံတွေ့နေရသော အခက်အခဲများ၊ အတားအဆီးများ၊ ပြဿနာများကို ထည့်သွင်းစဉ်းစားခြင်း မရှိကြခြင်းကြောင့် ယခုကဲ့သို့ အလုပ်ရှင်၊ အလုပ်သမား ပြဿနာများ ဖြစ်ပွားရသည်ဟု တွေ့ရှိရပါသည်။

အလုပ်သမားများက စားဝတ်နေရေးအတွက် လုံလောက်သော လစာမရရှိခြင်းကြောင့် အခက်အခဲများတွေ့နေရသကဲ့သို့ တစ်ဖက်တွင်လည်း အလုပ်သမားများတောင်းဆိုသည့် လုပ်ခလစာကို တိုးမြှင့်ပေးရန် လုံးဝမတတ်နိုင်တော့သည့် အခြေအနေရောက်နေသည့် အလုပ်ရှင်များလည်း ရှိနေကြပါသည်။ ယင်းကဲ့သို့ နှစ်ဖက်အကျပ်အတည်း အခက်အခဲဖြစ်နေသည့် အခြေအနေတွင် ပုဂ္ဂလိကခံစားချက်များကို ရှေ့တန်းတင်၍ ပြဿနာဖြေရှင်းနေကြခြင်းကြောင့် ပိုမိုဆိုးရွားသောအခြေအနေသို့ မရောက်သင့်ဘဲ ရောက်နေခြင်းသာ ဖြစ်ပါသည်။

သို့ဖြစ်၍ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများ လျော့နည်းစေရေးအတွက် ဥပဒေလိုက်နာမှုအားနည်းသော အလုပ်ရှင်များအား ထိရောက်သော အရေးယူမှုများပြုလုပ်ခြင်း၊ အမည်ခံလုပ်ငန်းရှင်များ ဖော်ပြ၍ နောက်ကွယ်မှ ရင်းနှီးမြှုပ်နှံကာ ကြိုးကိုင်နေသော နိုင်ငံခြားသားလုပ်ငန်းရှင်များအား အဖွဲ့ဖြင့် စိစစ်ဖော်ထုတ်ပြီး လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိစေရေး စည်းရုံးဆောင်ရွက်ခြင်း၊ အချိန်ပေးစည်းရုံးဆောင်ရွက်၍ လိုက်နာခြင်းမရှိဘဲ ဆက်လက် စည်းကမ်းဖောက်ဖျက်နေသော နိုင်ငံခြားသားများနှင့် ၎င်းတို့နှင့် ဆက်စပ်လုပ်ကိုင်နေသော အမည်ခံလုပ်ငန်းရှင်တို့အား ထိရောက်စွာ အရေးယူခြင်း၊ အမှန်တကယ် လုပ်ခတိုးမြှင့်ပေးရန် အခက်အခဲရှိနေသော လုပ်ငန်းရှင်များ၏ အခက်အခဲများကို သိရှိရန်လေ့လာပြီး ဝိုင်းဝန်းကူညီဖြေရှင်းပေးခြင်း၊ ဥပဒေနှင့်မညီသော ဆန္ဒပြတောင်းဆိုမှုများကို ထိရောက်စွာ တားမြစ်ခြင်း၊ ထိုကဲ့သို့ တားမြစ်သော်လည်း လိုက်နာမှုမရှိပါက ဥပဒေအရ ထိရောက်သော အရေးယူမှုပြုလုပ်ခြင်း၊ အလုပ်သမားသမဂ္ဂများအနေဖြင့် မိမိတို့၏ အလုပ်သမားများကို ဥပဒေဘောင်အတွင်းမှ ဆန္ဒပြတောင်းဆိုတတ်စေရန်နှင့် ဥပဒေကိုလေးစားရန် ဆွေးနွေးညှိနှိုင်းစေခြင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့်ဖြစ်စေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများမှ အလုပ်သမားရေးရာနှင့် ဆက်စပ်တာဝန်ယူရသည့်ဝန်ကြီးတို့သည် မိမိတို့နယ်မြေအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ၌ အလုပ်ရှင်၊ အလုပ်သမား လုပ်ငန်းခွင် ဆက်ဆံရေး အဆင်မပြေမှုသတင်းများ စတင်ကြားသိလျှင် ကြားသိချင်း အချိန်နှင့်တစ်ပြေးညီ သွားရောက်ညှိနှိုင်းဆွေးနွေးဖြေရှင်းခြင်းဖြင့် ပြဿနာကို မကြီးထွားမီ ကြိုတင်ဖြေရှင်းခြင်းအားဖြင့် အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများသည် အတိုင်းအတာတစ်ရပ်အထိ လျော့နည်းပြီး အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်စလုံး၏ အခြေခံလူ့အခွင့်အရေး ထိခိုက်နစ်နာမှုများမှ ကာကွယ်တားဆီးနိုင်မည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။ ။

**မှတ်ချက်။ ။** SME: Small and Medium Enterprise
GSP: (Generalized System of Preferences) အခွန်သက်သာခွင့် အထူးအခွင့်အရေး၊

# သက်သေခံပစ္စည်းအပါအဝင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့် မှုခင်းဆေးပညာဆိုင်ရာ သက်သေခံပစ္စည်းအမျိုးအစား ကိုင်တွယ်ဖြေရှင်းမှုဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၀**
ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် JICA တို့ပူးပေါင်းကျင်းပသည့် သက်သေခံပစ္စည်းအပါအဝင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့် မှုခင်းဆေးပညာဆိုင်ရာ သက်သေခံပစ္စည်းအမျိုးအစား ကိုင်တွယ်ဖြေရှင်းမှုဆိုင်ရာဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲက မန္တလေးမြို့ ၆၇ လမ်း ၃၂ × ၃၃ လမ်းကြားရှိ Sakura Princess Hotel ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးအောင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။





ဆွေးနွေးပွဲတွင် JICA မှ Chief Advisor Mr.Kazunori Nose နှင့် Legal Advisor Ms. Tomoko Nakashima တို့က ဦးဆောင်ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဖက်စပ်စာချုပ်နှင့် မြေငှားရမ်းခြင်းစာချုပ်စိစစ်ခြင်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပွဲကို ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါက်တာကြည်ကြည်သန်းအောင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာရေဝတာတို့က ဦးဆောင်ဆွေးနွေး ပို့ချသွားမည်ဖြစ်ကြောင်း၊ အဆိုပါဆွေးနွေးပွဲသို့ တိုင်းဒေသကြီးအတွင်းရှိ သင်တန်းသား ဥပဒေအရာရှိ ၄၀ တက်ရောက်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၀**
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PC Myanmar (Hong Kong) Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-12/ M-13/M-14 တို့တွင် တွင်းတူးဖော်ရေးလုပ်ငန်းများကို တွင်းတူးစက် Semi-Submersible Tender Assisted Drilling Rig "WEST VENCEDOR"(Call Sign: 3FLT6)ဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။

တွင်းတူးဖော်ရေးလုပ်ငန်းဆောင်ရွက်မည့် တည်နေရာကို ဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်းဖြစ်သည်။

| Sr.No | Latitude | Longitude |
| --- | --- | --- |
| Yetagun Platform | 13.02 '57.563"N | 96.52 '07.736"E |

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-12/M-13/M-14 တို့တွင် တွင်းတူးဖော်ရေးလုပ်ငန်းများကို တွင်းတူးစက် Semi-Submersible Tender Assisted Drilling Rig "WEST VENCEDOR" (Call Sign: 3FLT6) ဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ငါးမိုင်ပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက်အား ထုတ်ပြန်ကြေညာထားသည်။

**သတင်းစဉ်**

## မိုးယွန်းကြီးဘေးမဲ့တောအခြေပြု ကျေးရွာများဖွံ့ဖြိုးရေး သင်တန်းပို့ချ

**ဒိုက်ဦး နိုဝင်ဘာ ၁၀**
ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မိုးယွန်းကြီးဘေးမဲ့တော ထိန်းသိမ်းရေးအတွက် ဒေသခံပြည်သူ အခြေခံသည့် သစ်တောလုပ်ငန်းစီမံကိန်းမှ ဒေသဖွံ့ဖြိုးရေးအတွက် ငါးလုပ်ငန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်းကို နိုဝင်ဘာ ၆ ရက်က ပဲခူးမြို့နယ် သုံးအိမ်စုကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် Community Development Action(CDA) မှ ဒုတိယဥက္ကဋ္ဌ ဦးသန်းထွန်းက သင်တန်းပို့ချခြင်းဖြင့် ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်နှင့် အသိပညာတိုးပွားစေရန် ရည်ရွယ်ပို့ချခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ နည်းပညာရပ်များနှင့် ဇီဝမြေသြဇာသုံးစွဲခြင်းနှင့် မှိုစိုက်ပျိုးနည်းလုပ်ငန်းများကို ဆွေးနွေးပို့ချကြပြီး သင်တန်းသို့ မိုးယွန်းကြီးဘေးမဲ့တောအခြေပြုကျေးရွာများဖြစ်သော ပျဉ်ပုံအရှေ့ပိုင်း၊ ဖလောက်တန်း၊ သုံးအိမ်စုတာဆုံအရှေ့ပိုင်းကျေးရွာများမှ သင်တန်းသား ၆၀ တက်ရောက်ကြောင်း သိရသည်။

**ကျော်ကျော် (ဒိုက်ဦး)**

## ပန်းတနော်မြို့နယ်၌ အမှိုက်ကင်းစင်ကျေးရွာ စတင်ဆောင်ရွက်

**ပန်းတနော် နိုဝင်ဘာ ၁၀**
ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး၍ ကျေးလက်ဒေသများတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာရည်မှန်းချက်နှင့်အညီ ပန်းတနော်မြို့နယ်အတွင်း အမှိုက်ကင်းစင်ကျေးရွာများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်ပြီး ကျုံတုံးကလေးကျေးရွာအုပ်စု တလိုင်းစုကျေးရွာတွင် နိုဝင်ဘာ ၉ ရက်က စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တလိုင်းစုကျေးရွာမှာ အိမ်ခြေ ၉၇ လုံး၊ လူဦးရေ ၄၃၀ ရှိပြီး ရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ကာ စွန့်ပစ်အမှိုက် သိမ်းဆည်းခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ ပညာပေးဗီနိုင်းပိုစတာများ စိုက်ထူခြင်း၊ ဦးစီးဌာနရှိ ရုံးဝန်ထမ်းများ၊ အမှိုက်ကင်းစင်ရေးအဖွဲ့ ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများစုပေါင်း၍ ကျေးရွာတွင်းလမ်းများအား စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြပြီး စုပေါင်းသန့်ရှင်းရေးအား အပတ်စဉ် သောကြာနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၀**
မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ကမ္ဘာ့ဝူရှူး(ထောက်လု)ပြိုင်ပွဲ မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၀**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ ဝူရှူးအားကစားအဖွဲ့ချုပ်နှင့်အပြည်ပြည်ဆိုင်ရာဝူရှူးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ဒုတိယအကြိမ်မြောက် ကမ္ဘာ့ဝူရှူး (ထောက်လု) ပြိုင်ပွဲကို မြန်မာနိုင်ငံက ပထမဆုံးအကြိမ်အဖြစ် သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ၌ ကျင်းပခြင်း စာနယ်ဇင်းရှင်းလင်းပွဲကို**(ယာပုံ)** ယနေ့နံနက်ပိုင်းက Myanmar Sports Hotel ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသစ္စာ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။




"မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ်ကျင်းပတဲ့ ပြိုင်ပွဲကြီးဖြစ်လို့ မြန်မာဝူရှူး အားကစားလောကအတွက် ဂုဏ်ယူစရာဖြစ်ပါတယ်။ နိုဝင်ဘာ ၁၆ ရက် ညနေပိုင်းမှာ ဖွင့်ပွဲအခမ်းအနားကို ကျင်းပပြီးတော့ နိုဝင်ဘာ ၁၇ ရက်နဲ့ ၁၈ ရက်တွေမှာ ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်"ဟု ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးသစ္စာက ပြောသည်။

အဆိုပါ ကမ္ဘာ့ဝူရှူး အားကစားပြိုင်ပွဲကြီးသို့ အိမ်ရှင်မြန်မာအပါအဝင် ဘရာဇီး၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီတလီ၊ ဂျပန်၊ မကာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ရုရှား၊ ကိုရီးယား၊ စင်ကာပူ၊ တိုင်ပေ၊ ဆွစ်ဇာလန်၊ စပိန်၊ အမေရိကန်၊ ယူကရိန်း၊ ဟောင်ကောင်နှင့် ဗီယက်နမ်နိုင်ငံတို့မှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဝူရှူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များ၊ နိုင်ငံပေါင်း ၂၁ နိုင်ငံမှ အားကစားသမား၊ အုပ်ချုပ်သူ၊ နည်းပြများ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

"ဒီပြိုင်ပွဲကြီးမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့ အားကစားသမားတွေဟာ ကမ္ဘာ့အဆင့်ပြိုင်ပွဲမှာ အဆင့် ၁ မှ ၈ အထိ ရရှိသူတွေသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အားကစားသမား လေးဦးသာ ယှဉ်ပြိုင်ခွင့်ရှိထားပါတယ်။ မြန်မာအနေနဲ့ အနည်းဆုံးရွှေတံဆိပ်တစ်ခု ရရှိဖို့ မျှော်မှန်းထားပါတယ်" ဟု မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်ဆွေဆွေသန့်က ပြောသည်။

ပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲ ၁၁ မျိုး၊ အမျိုးသမီးပြိုင်ပွဲ ၁၁ မျိုး ပါဝင်မည်ဖြစ်ကြောင်း၊ ဆုကြေးအနေဖြင့် ပထမဆု ယွမ် ၁၀၀၀၀၊ ဒုတိယဆု ယွမ် ၆၀၀၀၊ တတိယဆု ယွမ် ၃၀၀၀ သတ်မှတ်ထားကြောင်း၊ မြန်မာအားကစားသမားများအဖြစ် ငြိမ်းချမ်းကိုကို (ထိုက်ချီချွမ်နှင့် ထိုက်ကျိကျန့်)၊ သိန်းနိုင်ဦး (နန်းသောင်းနှင့်နန်းကုန်း)၊ စန္ဒာဦး (ကျန်စုနှင့်ချမ်းစု)၊ အေးသစ္စာမြင့် (နန်းကွန်းနှင့် နန်းသောင်း)တို့က အားကစားနှစ်မျိုးစီဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ အိမ်ရှင်အားကစားသမားများအနေဖြင့် ဆုများဆွတ်ခူးရန် မျှော်မှန်းထားကြောင်း သိရသည်။

**မြင့်မောင်စိုး**

## ရန်ကုန်မြို့ ရွာသာကြီး စိတ်ကျန်းမာရေးဆေးရုံကြီးမှ အနေကြာပိုင်ရှင်မဲ့ လူနာများအား ဘုရားဖူးပို့ဆောင်ပေးမည်

**ရန်ကုန် နိုဝင်ဘာ ၁၀**
ရန်ကုန်တိုင်းဒေသကြီး ရွာသာကြီးရှိ စိတ်ကျန်းမာရေးဆေးရုံမှ ဆေးရုံအုပ်ကြီးဦးဆောင်ပြီး အနေကြာပိုင်ရှင်မဲ့ လူနာများကို စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်တစ်ခုအဖြစ် ဘုရားဖူးပို့ခြင်း၊ အပျော်ခရီးပို့ခြင်းများအား ဝန်ထမ်းသူနာပြုများက စောင့်ကြပ်ကြည့်ရှု၍ နိုဝင်ဘာ ၁၅ ရက်တွင် ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ စိတ်ကျန်းမာရေးချို့တဲ့သူများကို စိတ်ကျန်းမာရေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဦးဆောင်သော ဆရာဝန်များ၊ သူနာပြုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းနည်းပြများ၊ အခြားဝန်ထမ်းများပါဝင်ကာ လူမှုကူညီရေးအသင်း(သဃ်န်းကျွန်း)၏ လူအား၊ ငွေအား၊ စေတနာအား ပံ့ပိုးကူညီမှုများဖြင့် ရန်ကုန်မြို့ ရွှေတိဂုံစေတီ၊ ကမ္ဘာအေးစေတီ၊ စွယ်တော်မြတ်စေတီ၊ ပဲခူးမြို့ ရွှေမော်ဓောစေတီ၊ ရွှေသာလျောင်းဘုရား၊ စိန်သာလျောင်းဘုရားတို့ကို ဘုရားဖူးပို့ဆောင်ပေးလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ခြောက်ကြိမ်မြောက်ရှိနေပြီဖြစ်ကြောင်း ပို့ဆောင်ရေးတာဝန်ခံ ပါမောက္ခဒေါက်တာ ဆန်းလင်းထံမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ပဋိဇီဝဆေးယဉ်ပါးခြင်းအန္တရာယ် ကာကွယ်ရေး နှိုးဆော်ချက်(၁)

ပဋိဇီဝဆေးဆိုသည်မှာ-
- ဘက်တီးရီးယားပိုးမွှားများကြောင့်ဖြစ်သော ရောဂါများကို ကုသနိုင်သောဆေး(တစ်နည်းအားဖြင့်)ပိုးသတ်ဆေးဖြစ်ပါသည်။

ပဋိဇီဝဆေးယဉ်ပါးခြင်းဆိုသည်မှာ-
- ပဋိဇီဝဆေးများကိုဘက်တီးရီးယားပိုးများကခံနိုင်ရည်ရှိလာခြင်းဖြစ်သည်။ ပဋိဇီဝဆေးယဉ်ပါးခြင်းကြောင့် ကူးစက်ရောဂါများကို ကုသနိုင်စွမ်းလျော့နည်းလာသည်။
တစ်နည်းအားဖြင့် ဆေးမတိုးတော့ခြင်းဖြစ်ပါသည်။

- ပဋိဇီဝဆေးသုံးစွဲတိုင်းရောဂါပျောက်သည်မဟုတ်ပါ။
- ပဋိဇီဝဆေးများကို သုံးစွဲရန်လိုအပ်ပါက နားလည်တတ်ကျွမ်းသော ကျန်းမာရေးစောင့်ရှောက်သူများ၏လမ်းညွှန်မှု၊ အကြံပြုချက်များကို ခံယူပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ဘယ်လ်ဂျီယံနိုင်ငံတွင် ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များ၏ နျူကလီးယားဗုံးဒဏ်သင့် ဓာတ်ပုံပြပွဲ ကျင်းပ

**ဘရပ်ဆဲလ် နိုဝင်ဘာ ၁၀**

ဘယ်လ်ဂျီယံနိုင်ငံအနောက်ပိုင်းရှိ မြို့တစ်မြို့တွင် ဒုတိယကမ္ဘာစစ်အတွင်းက နျူကလီးယား ဗုံးဒဏ်သင့်ခဲ့သည့် ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များ၏ ကရုဏာသက်ဖွယ်ပုံရိပ်များပါသော မှတ်တမ်းဓာတ်ပုံပြပွဲ အခမ်းအနားတစ်ခုကို ကျင်းပလျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါပြပွဲအခမ်းအနားကို ဘယ်လ်ဂျီယံနိုင်ငံ အရှေ့ပိုင်းရှိ ရေ့ပ်စ်မြို့၌ နိုဝင်ဘာ ၁၀ ရက်က စတင်ကျင်းပလျက်ရှိပြီး ပထမကမ္ဘာစစ်အတွင်းက အဆိုပါမြို့သည် နျူကလီးယားဗုံးဒဏ်ခံခဲ့ရသည့် မြို့တစ်မြို့ဖြစ်သည်။

နျူကလီးယားဗုံးဒဏ်သင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာခြင်းအားဖြင့် စစ်ဖြစ်ပွားမှု၏ အိမ်မက်ဆိုးများနှင့် ပထမကမ္ဘာစစ်အတွင်း အသုံးပြုခဲ့သည့် ကာကွယ်ရေးလက်နက်နှင့်ခဲယမ်းများကို သိရှိနိုင်မည်ဖြစ်သည်။

ဘယ်လ်ဂျီယံနိုင်ငံ ရေ့ပ်စ်မြို့ကို နျူကလီးယားဗုံးများဖြင့် တိုက်ခိုက်ခဲ့ပြီးနောက် ၂၇ နှစ်အကြာတွင် ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များသို့ နျူကလီးယားဗုံးများကြဲချခဲ့ခြင်းဖြစ်သည်ဟု ပြပွဲအခမ်းအနားဖွင့်ပွဲတွင် ဘယ်လ်ဂျီယံ နိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး ဟာဂျင်းမိ ဟေယာရှိက ပြောကြားခဲ့ကြောင်း သိရသည်။ ပြပွဲမှရရှိခဲ့သော ဗဟုသုတနှင့် စစ်ပွဲသံဝေဂ အတွေးအမြင်များကို အခြားသူများအား မျှဝေသွားရန်လိုအပ်သည်ဟု သံအမတ်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

နျူကလီးယားဗုံးဒဏ်သင့် မြို့နှစ်မြို့ဖြစ်သည့် ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များ၏ ရှုခင်းပုံရိပ်များနှင့် ဗုံးဒဏ်သင့်သူများ၏ မှတ်တမ်းပုံရိပ်များကို ပြပွဲတွင် ခင်းကျင်း ပြသထားကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**




# တူရကီစစ်အခြေစိုက်စခန်းတစ်ခု၌ ခဲယမ်းမီးကျောက်များပေါက်ကွဲ စစ်သည် ၂၅ ဦးထက်မနည်း ဒဏ်ရာရပြီး ခုနစ်ဦးပျောက်ဆုံး



**အန်ကာရာ နိုဝင်ဘာ ၁၀**

တူရကီနိုင်ငံအရှေ့တောင်ပိုင်း ဟက်ကာရီခရိုင်ရှိ စစ်အခြေစိုက်စခန်းတစ်ခုတွင် နိုဝင်ဘာ ၉ ရက်က ခဲယမ်းမီးကျောက်များ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းကြောင့် စစ်သည် ၂၅ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ပြီး ခုနစ်ဦးပျောက်ဆုံးနေကြောင်း တူရကီကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ယင်းစစ်အခြေစိုက်စခန်းတွင် ပစ်ခတ်မှုများလေ့ကျင့်နေစဉ်အတွင်း ခဲယမ်းမီးကျောက်များပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ဟု ကနဦးရရှိသော သတင်းများအရ သိရှိရကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

ယင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများအား ဆေးရုံသို့ တင်ပို့ပေးထားပြီး ပျောက်ဆုံးနေသူ ခုနစ်ဦးကို ရှာဖွေမှုများ ဆက်လက်ပြုလုပ်နေကြောင်း တူရကီစစ်ဘက်က ပြောကြားသည်။

**ဆင်ဟွာ**

# အမေရိကန်ဦးဆောင်သည့် လေကြောင်းမှတိုက်ခိုက်မှုကြောင့် ဆီးရီးယားအရှေ့ပိုင်းတွင် အရပ်သား ၂၆ ဦး သေဆုံး

**ဒမတ်စကတ် နိုဝင်ဘာ ၁၀**

ဆီးရီးယားနိုင်ငံအရှေ့ပိုင်း ဒီယာအယ်လ်ဇောပြည်နယ်တွင် နိုဝင်ဘာ ၉ ရက်က အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့က လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၂၆ ဦး သေဆုံးခဲ့ရကြောင်း ဆီးရီးယားနိုင်ငံပိုင် ဆာနားသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဒီယာအယ်လ်ဇောပြည်နယ်အရှေ့ဘက်ပိုင်းရှိ ဟာဂျင်မြို့အား ပစ်မှတ်ထား၍လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ပြီး သေဆုံးသူများတွင် အမျိုးသမီးနှင့် ကလေးများပါဝင်ကြောင်း ဆာနားသတင်းတွင် ဖော်ပြထားသည်။

အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များက အစ္စလာမ့်စ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)တို့ ထိန်းချုပ်ထားသည့် နောက်ဆုံးဒေသအား တိုက်ခိုက်မှုများကြောင့် ရလဒ်များ မထွက်ပေါ်မီတွင် အရပ်သားများ သေဆုံးရကြောင်း သတင်းများ ထွက်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်က ထောက်ခံအားပေးသည့် ကာဒစ်များဦးဆောင်သော ဆီးရီးယားဒီမိုကရက်တစ် တပ်ဖွဲ့များက အီရတ်နိုင်ငံ နယ်နိမိတ်အနီး ယူဖရေးတီးမြစ်၏ အရှေ့ဘက်ကမ်းဒေသရှိ အိုင်အက်စ်တို့အပေါ် တိုက်ခိုက်လျက်ရှိသည်။

ယခုနှစ်စက်တင်ဘာ ၁၀ ရက်က ယင်းဒေသအတွင်းရှိ အိုက်အက်စ်တို့အား ဆီးရီးယား ဒီမိုကရက်တစ်တပ်ဖွဲ့များက တိုက်ခိုက်မှုမအောင်မြင်ခဲ့ခြင်းကြောင့် အိုင်အက်စ်တို့အား ဒုတိယအကြိမ်တိုက်ခိုက်ရန် စီစဉ်လျက်ရှိနေစဉ် အဆိုပါဒေသတွင်းသို့ အမေရိကန်ဦးဆောင်သည့် လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုများကို မကြာသေးမီကစ၍ အသစ်တစ်ဖန်ပြုလုပ်လာခဲ့ကြသည်။

**ဆင်ဟွာ**





# လစ်ဗျားနိုင်ငံ အနောက်ဘက်ကမ်းလွန်ဒေသ၌ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၄၄ ဦးအား ကယ်တင်

**ထရီပိုလီ နိုဝင်ဘာ ၁၀**

လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီနှင့် ကီလိုမီတာ ၁၂၀ ကွာဝေးသည့် ကမ်းရိုးတန်းဆိပ်ကမ်းမြို့ ဇူဝါရာ ကမ်းလွန်ပင်လယ်ပြင်အတွင်း၌ နိုဝင်ဘာ ၉ ရက်က တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ၄၄ ဦးကို လစ်ဗျားကမ်းခြေစောင့်တပ်ဖွဲ့က ကယ်ဆယ်ခဲ့ရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

လစ်ဗျားနိုင်ငံ အနောက်ပိုင်း ပင်လယ်ပြင်မှ ဥရောပတိုက်သို့ သွားရောက်သည့် ရေကြောင်းလမ်းတွင် ၎င်းတို့စီးနင်းလာသည့် ရော်ဘာစက်လှေနစ်မြုပ်သွားသည့် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများအား လစ်ဗျားကမ်းခြေစောင့်တပ်ဖွဲ့မှ ကင်းလှည့်ရေယာဉ်ဖြင့် ကယ်ဆယ်ခဲ့ရကြောင်း ဇူဝါရာမြို့ လုံခြုံရေးဆိုင်ရာဌာနမှ ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

အာဖရိကတိုက်သား လူမျိုးနွယ်မတူသူများ ပါဝင်သည့် ယင်းတရားမဝင်ရွှေ့ပြောင်းနေထိုင်သူများထဲတွင် အမျိုးသမီးလေးဦးနှင့် ကလေးတစ်ဦးတို့ ပါဝင်ကြောင်း၊ ၎င်းတို့သည် ဇူဝါရာမြို့သို့ ဆိုက်ရောက်လာချိန်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မရှိမဖြစ် လိုအပ်ချက်များကို ထောက်ပံ့ပေးထားကြောင်း ၎င်းကြေညာချက်တွင် ဖော်ပြသည်။

ဥရောပတိုက်သို့ သွားရောက်ကြသည့် ထောင်ပေါင်းများစွာသော တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများသည် မြေထဲပင်လယ်အား ဖြတ်ကူးကာ ဥရောပတိုက်ကမ်းခြေများသို့ သွားရောက်ရန်အတွက် လစ်ဗျားနိုင်ငံကို ရွေးချယ်လာခဲ့ကြသည်။

၂၀၁၈ခုနှစ်ဆန်းပိုင်းမှ လက်ရှိကာလအထိ လစ်ဗျားနိုင်ငံမှ ဥရောပတိုက်ကမ်းခြေများသို့ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူဦးရေ ၂၂၀၀၀ အထိ ရောက်ရှိခဲ့ပြီး ရွှေ့ပြောင်းနေထိုင်သူ ၁၂၆၇ ဦးမှာ အဆိုပါလမ်းကြောင်းမှ သွားလာစဉ် ရေနစ်သေဆုံးခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာအသင်းက ပြောကြားသည်။ **ဆင်ဟွာ**




# တောင်ပံကစားသမား စတာလင် စာချုပ်သစ်ချုပ်ဆိုခဲ့ခြင်းကြောင့် တစ်ပတ်လုပ်ခလစာ ပေါင်သုံးသိန်းရရှိမည်

မန်စီးတီးအသင်း၏ တောင်ပံကစားသမား စတာလင်သည် လက်ရှိကလပ်အသင်းနှင့် သုံးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ချုပ်ဆိုလိုက်ကြောင်း မန်စီးတီးအသင်းက ထုတ်ပြန်ကြေညာခဲ့သည်။

တောင်ပံကစားသမား စတာလင်သည် ယခုချုပ်ဆိုလိုက်သော စာချုပ်အရ ၂၀၂၃ ခုနှစ်အထိ မန်စီးတီးအသင်းတွင် ဆက်ရှိနေမည်ဖြစ်ပြီး တစ်ပတ်လုပ်ခ ပေါင်သုံးသိန်းရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

မန်စီးတီးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီကတည်းက စာချုပ်သစ်ချုပ်ဆိုရန် စီစဉ်ခဲ့သော်လည်း အင်္ဂလန်ကြယ်ပွင့်စတာလင်အား ယခုနှစ်ရောက်မှသာ စာချုပ်သစ်ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၃ နှစ်အရွယ်ရှိ တောင်ပံကစားသမား စတာလင်သည် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဟု သတင်းများထွက်ပေါ်ခဲ့သူဖြစ်ပြီး စာချုပ်သစ်တစ်ရပ် ချုပ်ဆိုခဲ့ခြင်းကြောင့် မန်စီးတီးအသင်းတွင် နောက်ထပ်ငါးနှစ်ကြာသည်အထိ ဆက်ရှိနေမည်ဖြစ်ကြောင်းလည်း သိရသည်။

စတာလင်သည် ၂၀၁၅ ခုနှစ်က လီဗာပူးအသင်းမှ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး မန်စီးတီးအသင်းနှင့်အတူ ဘောလုံးရာသီလေးရာသီကစားခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။

အင်္ဂလန်ကြယ်ပွင့်စတာလင်သည် ပရီမီယာလိဂ်၏ ထိပ်တန်းကစားသမားများအနက် တစ်ဦးအပါအဝင်ဖြစ်လာခဲ့သည့်အပြင် မန်စီးတီးအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလားနှင့် ကာရာဘာအိုဖလားတို့ကိုလည်း ဆွတ်ခူးထားနိုင်ခဲ့သူဖြစ်သည်။

စတာလင်သည် မန်စီးတီးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီက ပြိုင်ပွဲအရပ်ရပ်တွင် ၄၆ ပွဲပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၂၃ ဂိုးသွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု ၁၇ ကြိမ်အထိရှိခဲ့ကြောင်းလည်း သိရသည်။

# အာဆင်နယ်တိုက်စစ်မှူး အူဘာမီယန် အောက်တိုဘာတစ်လတာအကောင်းဆုံးဆု ဆွတ်ခူး

အာဆင်နယ်အသင်း တိုက်စစ်မှူး အူဘာမီယန်သည် အောက်တိုဘာလအတွင်းက အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် ပရီမီယာလိဂ်၏ အောက်တိုဘာတစ်လတာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဂါဘွန်တိုက်စစ်မှူး အူဘာမီယန်သည် အောက်တိုဘာလအတွင်းက အာဆင်နယ်အသင်းအတွက် သွင်းဂိုး ငါးဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်ပေးနိုင်ခဲ့သူလည်း ဖြစ်သည်။

အာဆင်နယ်တိုက်စစ်မှူး အူဘာမီယန်သည် အောက်တိုဘာအတွင်းက အာဆင်နယ်အသင်းအတွက် ဖူလ်ဟမ်အသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုး နှစ်ဂိုး၊ လက်စတာစီးတီးအသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုး နှစ်ဂိုးနှင့် ခရစ္စတယ်ပဲလေ့အသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုးအသီးသီး သွင်းယူခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ရာသီအစတွင် နှစ်ပွဲဆက်တိုက်ရှုံးနိမ့်ခဲ့သော်လည်း လက်ရှိတွင် ရှုံးပွဲမရှိစံချိန်တင်ထားကာ ရမှတ် ၂၃ မှတ်ဖြင့် ပရီမီယာလိဂ်အမှတ်ပေးဇယား၏ ထိပ်ဆုံးမှ မန်စီးတီးအသင်းနှင့် ခြောက်မှတ်အကွာ၊ အဆင့်လေးတွင်ရပ်တည်နေသည့် စပါးအသင်းနှင့် တစ်မှတ်အကွာ အနေအထားဖြင့် အဆင့်ငါးနေရာတွင် ရပ်တည်လျက်ရှိကြောင်းလည်း သိရသည်။

အာဆင်နယ်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက အဆင့်လေးအတွင်း ဝင်ရောက်နိုင်ခဲ့ခြင်းမရှိခဲ့သော်လည်း ယခုနှစ်တွင် အဆင့်လေးဝင်ရန် မျှော်လင့်လျက်ရှိကြောင်းလည်း သိရသည်။







# မန်ယူကွင်းလယ်ကစားသမား ဂျူအန်မာတာ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့မည်ဟုဆို

မန်ယူအသင်းကွင်းလယ်ကစားသမား မာတာသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် လက်ရှိကလပ်မန်ယူအသင်းမှ ထွက်ခွာကာ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း သိရသည်။

စပိန်ကွင်းလယ်ကစားသမား မာတာသည် ၂၀၁၄ ခုနှစ်က ချယ်လ်ဆီးအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

ကွင်းလယ်ကစားသမား မာတာသည် ဂျူဗင်တပ်အသင်းကို မန်ယူအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့သော်လည်း နည်းပြမော်ရင်ဟို၏လက်ထက်တွင် ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးနေဆဲဖြစ်ကြောင်းလည်း သိရသည်။ ထို့ကြောင့် နွေရာသီအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှ ထွက်ခွာကာ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဟု ဆိုသည်။

အာဆင်နယ်အသင်းနည်းပြ အမ်မရီနှင့် ကွင်းလယ်ကစားသမား မာတာတို့သည် ၂၀၁၂ ခုနှစ်အတွင်းက ချယ်လ်ဆီးအသင်းသို့ မာတာမပြောင်းရွှေ့မီ အတူလက်တွဲခဲ့ဖူးကြောင်းလည်း သိရသည်။

# အာဆင်နယ်အသင်း တိုက်စစ်မှူး ဝဲလ်ဘက် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့

အာဆင်နယ်အသင်း တိုက်စစ်မှူး ဝဲလ်ဘက်သည် အာဆင်နယ်အသင်းနှင့် စပို့တင်းလစ္စဘွန်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ယူရိုပါလိဂ်ပွဲစဉ်တွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ကြောင်း အာဆင်နယ်အသင်းက ပြောကြားခဲ့သည်။

အသက် ၂၇ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဝဲလ်ဘက် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သည့် ယူရိုပါလိဂ်ပွဲစဉ်တွင် အာဆင်နယ်အသင်းနှင့် စပို့တင်းလစ္စဘွန်းအသင်းတို့သည် ဂိုးမရှိသရေရလဒ်သာထွက်ပေါ်ခဲ့ကြောင်းလည်း သိရသည်။

တိုက်စစ်မှူး ဝဲလ်ဘက်သည် အင်္ဂလန်လက်ရွေးစင်အသင်းနှင့်အတူ ၄၂ ပွဲပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုး ၁၆ ဂိုးအထိ သွင်းယူထားနိုင်ခဲ့ပြီး အမေရိကန်အသင်း၊ ခရိုအေးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်များတွင်လည်း အင်္ဂလန်အသင်းနှင့်အတူ ပါဝင်လာမည်ဖြစ်ကြောင်းလည်း သိရသည်။

တိုက်စစ်မှူးဝဲလ်ဘက်သည် ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်အသင်းနှင့်အတူ ၁၄ ပွဲပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုးငါးဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့သူဖြစ်သည်။

ဝဲလ်ဘက်သည် မန်ယူအသင်းနှင့်အတူ ၂၀၀၈ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ကစားခဲ့ရာတွင်လည်း ၉၂ ပွဲတွင် သွင်းဂိုး ၂၀ အထိ သွင်းယူထားနိုင်ခဲ့ပြီး ဆန်းဒါးလန်းအသင်းတွင်လည်း တစ်ရာသီကြာ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ကြောင်း သိရသည်။




ငွေကြယ် - ရေးသားသည်

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀ ဒသမ ၀၅ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၃၇၇ သန်း) စုစုပေါင်းတားဆီးမှု ၁၂ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၆ ဒသမ ၄၂၇ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး၊ အပိုင်းအစ၊ ဖြတ်စဆိုဒ်စုံနှင့် ယာဉ်ကို တွေ့ရစဉ်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် နိုဝင်ဘာ ၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က Toyota Porte ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်၏ အောက်ကြမ်းခင်းတွင် အံဝှက်ပြုလုပ်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံး၊ အပိုင်းအစ၊ ဖြတ်စဆိုဒ်စုံ ၅၅၁ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်လာသော ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၀ ဒသမ ၀၅ သန်းကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အောင်ကျော်မြင့်နှင့် ဒေါ်နန်းဖော်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# မောင်တောမြို့နယ်၌ စီးကရက်စက္ကူပုံးကြီး ၄၉ ပုံးနှင့် ၅၉ တောင့် သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

မောင်တောမြို့နယ် နယ်မြေ ၂ ရှိ မင်းခမောင်းကျေးရွာနှင့် မင်္ဂလာညွန့်ကျေးရွာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ယနေ့နံနက် ၁၀ နာရီခွဲခန့်တွင် မင်္ဂလာညွန့်ကျေးရွာ အနောက်တောင်ဘက်၌ သစ်ပင်ချုံနွယ်များဖြင့် ဖုံးအုပ်ထားသည့် မသင်္ကာဖွယ်ရာ စက္ကူပုံးများ တွေ့ရှိ၍ စစ်ဆေးရာ Man San တံဆိပ်ပါ စီးကရက် ၄၂ တောင့် (တစ်တောင့်လျှင် ၁၀ ဘူးပါ)၊ Marble တံဆိပ်ပါ စီးကရက်စက္ကူပုံးအကြီး ၄၉ ပုံး(တစ်ပုံးလျှင် အတောင့် ၅၀ ပါ)နှင့် ၁၇ တောင့်(တစ်တောင့်လျှင် ၁၀ ဘူးပါ) စုစုပေါင်း တန်ဖိုးငွေကျပ် ၅၉၉၇၆၀၀ ခန့်အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သဖြင့် အောင်ဇူနယ်မြေရဲစခန်း၌ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

**ရပ်စောက်**

ပင်ဖြစ်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၉ ရက် နံနက် ၅ နာရီခွဲတွင် ရပ်စောက်မြို့နယ် ဆပ်သေကျေးရွာအဝင်ရှိ နတ်စင်အနီး၌ ခွန်မောင်မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေစဉ် ၎င်းက အထုပ်တစ်ထုပ်အား လွှင့်ပစ်လိုက်သည်ကို တွေ့ရှိ၍ ရှာဖွေရာ အထုပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၅၆ ပြားကိုလည်းကောင်း။

**သိန်းနီ**

အလားတူ နံနက် ၇ နာရီတွင် မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သိန်းနီမြို့ အမှတ် ၂ ရပ်ကွက် နတ်စင်လမ်းနေ ဖော်အောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူအလေးချိန် ၉၉ ဒသမ ၁ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၃၀ နှင့် ငွေကျပ် ၁၅၀၀၀၀ တို့ကိုလည်းကောင်း။

**သီပေါ**

အလားတူ ယင်းနေ့နံနက် ၇ နာရီတွင် သီပေါမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သီပေါမြို့နယ် ပန်မိတ်ကျေးရွာအုပ်စု ကွန်ဟိုင်းကျေးရွာနေ ဒေါ်နိုင်းအိမ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ သားဖြစ်သူ စိုင်းကျော်ထွန်းအား တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၈၃၀၅ ပြား၊ ငွေကျပ် ၁၅ သိန်းနှင့် ရွှေထည်ပစ္စည်းများကိုလည်းကောင်း၊ အလားတူ နံနက် ၈ နာရီက ပူးပေါင်းအဖွဲ့သည် တစ်ရွာတည်းနေ အောင်ကျော်မြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူဇနီးဖြစ်သူ ဒေါ်နန်းဖော်အားတွေ့ရှိရပြီး ဘိန်းဖြူ ၆၀ ဒသမ ၂ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၂၃၅ ပြား၊ ငွေကျပ် ၁၂၈၄၀၀ နှင့် ရွှေထည်ပစ္စည်းများကို လည်းကောင်း။

**တာချီလိတ်**

ထို့အတူ ညနေ ၅နာရီတွင် မူးယစ်တပ်ဖွဲ့စု ၃၀ တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု လွယ်စီတုံကျေးရွာအဝင်တွင် အောင်မိုးဟိန်းမောင်းနှင်၍ မဘူးဒို လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပင်လောင်း၊ ဖယ်ခုံ၊ ဆီဆိုင်၊ နမ့်စန်၊ မိုင်းကိုင်နှင့် လွိုင်လင်မြို့နယ်တို့၌ ဘိန်းခင်းများ ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် ထီတလိကျေးရွာ အနောက်ဘက် နှစ်မိုင်ခွဲခန့်အကွာရှိ ဘိန်းစိုက်ခင်း ၁၉ ဧကခန့်အား နိုဝင်ဘာ ၉ ရက်တွင် ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်ဟံ ဦးစီးသည့် ပူးပေါင်းအဖွဲ့က လည်းကောင်း၊ ဖယ်ခုံမြို့နယ် ငုပလိုင်ကျေးရွာမြောက်ဘက် တစ်မိုင်ခွဲခန့်အကွာရှိ ဘိန်းစိုက်ခင်း ၁၄ ဧက ခန့်အား ဖယ်ခုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးလင်းနိုင် ဦးစီးသည့် ပူးပေါင်းအဖွဲ့က လည်းကောင်း၊ ဆီဆိုင်မြို့နယ် နားစေးစောက်ကျေးရွာ အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာရှိ ဘိန်းစိုက်ခင်း ၁၄ ဧကခန့်အား ဆီဆိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူး တင်ဝင်းအောင် ဦးစီးသည့် ပူးပေါင်းအဖွဲ့ကလည်းကောင်း၊ နမ့်စန်မြို့နယ် တွန်ကျိုင်းကျေးရာ အနောက်မြောက်ဘက် ၁၂ မိုင်ခန့်အကွာရှိ ဘိန်းစိုက်ခင်း ၁၀ ဧကခန့်အား နမ့်စန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က လည်းကောင်း၊ မိုင်းကိုင်မြို့နယ် နောင်ဟွယ်ကျေးရွာအနီးရှိ ဘိန်းစိုက်ခင်း ၅ ဒသမ ၅ ဧကခန့်အား မိုင်းကိုင်မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သန်းဝင်း ဦးစီးသည့် ပူးပေါင်းအဖွဲ့က လည်းကောင်း၊ လွိုင်လင်မြို့နယ် ပင်လုံမြို့ ကျူနိမ့်ကျေးရွာ အနောက်တောင်ဘက် သုံးဖာလုံခန့်အကွာရှိ ဘိန်းစိုက်ခင်း တစ်ဧကခန့်အား ပင်လုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က လည်းကောင်း ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ကားခိုးမှုကျူးလွန်သူအား ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၁၀**

မရမ်းကုန်းမြို့နယ် အမှတ် ၅ ရပ်ကွက် ပြည်လမ်းတွင် နေထိုင်လျက်ရှိသော ဦး---သည် ၎င်းပိုင်ယာဉ်အမှတ် 4E/---- တိုယိုတာယာဉ်အား နေအိမ်ရှေ့တွင် ရပ်ထားရာမှ အောက်တိုဘာ ၃၁ ရက် နံနက် ၇ နာရီတွင် ပျောက်ဆုံးသွားသဖြင့် မရမ်းကုန်းမြို့မရဲစခန်း၌ အမှုဖွင့်တိုင်တန်းခဲ့ကြောင်း သိရသည်။

အနောက်ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနစုနှင့် မရမ်းကုန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အခင်းဖြစ် ပတ်ဝန်းကျင်နှင့် Control Center မှ CCTV မှတ်တမ်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ယာဉ်သွားလာရာမှတ်တမ်းနှင့် ယာဉ်မောင်းနှင်သူ၏ ဓာတ်ပုံများအား ယာဉ်ပိုင်ရှင်ထံပြသရာ လွန်ခဲ့သော နှစ်လခန့်က ယာဉ်ငှားရမ်းစီးဖူးသူ စိုးမိုးဇင် ဓမ္မစေတီလမ်း မြေနီကုန်းတောင်ရပ်ကွက် စမ်းချောင်းမြို့နယ်နေသူက ခိုးယူမောင်းနှင်သွားခြင်းဖြစ်ကြောင်း သိရှိရ၍ စုံစမ်းရှာဖွေရာ နိုဝင်ဘာ ၄ ရက် ည ၁၁ နာရီ ၄၅ မိနစ်တွင် စမ်းချောင်းမြို့နယ် ဓမ္မစေတီလမ်းနှင့် ပြည်လမ်းထောင့်အနီးတွင် ဖမ်းဆီးရမိခဲ့ပြီး သက်သေခံယာဉ်အား လှိုင်သာယာမြို့နယ် နဝဒေးအိမ်ရာလမ်းမပေါ်တွင် ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကာ ပြစ်မှုကျူးလွန်သူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တာချီလိတ်မြို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**တာချီလိတ် နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ရဲတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၀ ရက် မွန်းလွဲ ၁၂ နာရီ ၅ မိနစ်က ဝမ်ကောင်းရပ်ကွက်ရှိ သီရိဟံသာဘုန်းကြီးကျောင်းအနီး ကွင်းပြင်ထဲတွင် မသင်္ကာဖွယ်တွေ့ရှိသူ ဇေယျာမောင်ကို ရှာဖွေရာ ဘောင်းဘီအိတ်အတွင်းမှ ဘိန်းဖြူ ၃ ဒသမ ၅ ဂရမ်ခန့်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ ပြားတို့ကို တွေ့ရှိသဖြင့် ၎င်းအား တာချီလိတ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# ခိုးမှုကျူးလွန်သူနှစ်ဦးအား စစ်ဆေးရာမှ ခိုးမှုနှင့်လုယက်မှု ငါးမှု ထပ်မံဖော်ထုတ်ဖမ်းဆီးရမိ



**ရန်ကုန် နိုဝင်ဘာ ၁၀**

ခိုးမှုကျူးလွန်သူနှစ်ဦးအား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က စစ်ဆေးရာ မြို့နယ်သုံးခုမှ ဆိုင်ကယ်ခြောက်စီး ခိုးမှုနှင့်လုယက်မှုများအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ လှော်ကားနယ်မြေရဲစခန်းတွင် ခိုးမှုဖြင့်အရေးယူခံရသူ ရွှေပြည်သာမြို့နယ် ထ/၁၆ ရပ်ကွက် နေသူများဖြစ်သည့် မင်းချစ်သူ(ခ) ချစ်မင်းသူနှင့် ငြိမ်းချမ်းထွေးတို့ နှစ်ဦးအား အခြားခိုးမှုများ ရှိ မရှိ စစ်ဆေးရာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၈ ခုနှစ် အောက်တိုဘာလအထိ ရွှေပြည်သာမြို့နယ်အတွင်းရှိ သာစုကန်ဘုရား ကန်ပေါင်နေရာတွင် လူငယ်များထံမှ ဆိုင်ကယ်နှစ်စီး လုယူခဲ့ကြောင်း၊ ထ/၁၆ ရပ်ကွက် ကိုးနဝင်းစေတီအနီးရှိ နေအိမ်ရှေ့တွင်ရပ်ထားသော ဆိုင်ကယ်တစ်စီးနှင့် ၇ လမ်းထိပ်တွင် ရပ်ထားသော ဆိုင်ကယ်တစ်စီးအား ခိုးယူခဲ့ကြောင်း၊ ထန်းတပင်မြို့နယ် ရိုးကြီးကျေးရွာလမ်းမပေါ်တွင်ရပ်ထားသော ဆိုင်ကယ်တစ်စီးနှင့် လှိုင်သာယာမြို့နယ် ကမ်းနားလမ်းတွင်ရပ်ထားသော ဆိုင်ကယ်တစ်စီးတို့အား ခိုးယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်ခဲ့သည်။

အဆိုပါဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူနှစ်ဦးအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၁၁-၁၁-၂၀၁၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၁၅ လေ့လာစရာစုံလင်အမိမြန်ပြည် တစ်ခွင် “ရွှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျောက်ကလပ်စေတီတော်”
၈း၁၅ တရုတ်ကာတွန်း “တောပျော် မျောက်ကလေးကျွမ့်ကျွမ့်” (အပိုင်း-၁၃)
၉း၂၅ “ဆူဇူကီးဖလားနှင့်မြန်မာအသင်း”
၉း၃၅ MRTV Travelogue
၁၀း၀၀ Sunday Talk
၁၀း၃၀ မြန်မာအသိုက်အဝန်းထဲမှ အမျိုးသမီးများ
၁၁း၀၀ လှပစုံလင်အာဆီယံတစ်ခွင်
၁၁း၀၅ ကဗျာရိပ်မြုံ “ဗျိုင်းနှင့်လိပ်ပြာ”
၁၁း၃၀ ကျန်းမာရေးမဂ္ဂဇင်း “ဆီးချိုသွေးချိုရောဂါအကြောင်း သိကောင်းစရာ”
၁၂း၃၀ မြန်မာဂန္ထဝင်ရုပ်ရှင် “ချစ်ရေစင်” (မောင်တင်မောင်၊ မေရှင်) (ဒါရိုက်တာ-မောင်တင်မောင်)
၁၄း၄၅ ၂၀၁၈ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၁၉) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဗိုလ်လုပွဲ) (ရှမ်းပြည်နယ်အသင်းနှင့်ရန်ကုန်တိုင်းဒေသကြီး အသင်း)

**ညပိုင်း**

၁၈း၂၅ လေ့လာစရာစုံလင်အမိမြန်ပြည် တစ်ခွင် “ချင်းတောင်တန်းများရဲ့ မိခင်ခေါ်နူးစုမ်ဆီ”
၁၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်ကြွေးမပြေ” (အပိုင်း-၃၉)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ “ကျောက်မျက်ရတနာသင်တန်းကျောင်း”
-တမ်းတမ်းတတ ဖြစ်ခဲ့ရသော ရုပ်ရှင်တေးများ
-“တို့ကျေးရွာရဲ့ ချစ်မိတ်ဆွေ” (ကျော်ကျော်၊ အံ့သစ်ကျော်၊ ထက်ထက်ဆုလှိုင်၊ သဲချစ်မြင့်မိုရ်) (ဒါရိုက်တာ- ချစ်စံဝင်း၊ အေးအေးဟန်)
-အစီအစဉ်ပြီး၏။


## ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို လွိုင်ကော်မြို့ လူထုစုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲ

**လွိုင်ကော် နိုဝင်ဘာ ၁၀**

ကယားပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် လူထုလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ ဒုတိယပတ်ကို နိုဝင်ဘာ ၁၀ ရက် နံနက် ၅ နာရီခွဲက လွိုင်ကော်မြို့ နာရီစင်မှစတင်၍တာထွက်ပြီး လွိုင်ကော် ပြည်သူ့ဆေးရုံကြီးရှေ့လမ်း၊ ချိုကယ်လမ်း၊ ထိုမှ လွိုင်ကော်-ရှားတော လမ်းမကြီးအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး ကန္တာယောဝန်ပန်းခြံရှိ ကန္တရဝတီကျောက်သား ရင်ပြင်တွင် ကိုယ်ကာယကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ (၁၊ ၂) နှင့် ဇွန်ဘာလေ့ကျင့်ခန်းတို့ကို တပျော်တပါး ဆောင်ရွက်ကြကြောင်း သိရသည်။

လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ လွိုင်ကော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်စည်သူ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများ၊ တိုင်းရင်းသားပြည်သူများ စုစုပေါင်းအင်အား ၈၇၀၀ ကျော် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

**ထွန်းလေး**



## ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲ ကြည့်ရှုအားပေး

**ဘားအံ နိုဝင်ဘာ ၁၀**

(၆၃)နှစ်မြောက် ကရင်ပြည်နယ်နေ့ ပွဲတော်ကို ဒုံးအကပြိုင်ပွဲများ၊ စင်တင်တေးဂီတဖျော်ဖြေပွဲများ၊ ဇာတ်သဘင်အကအလှများ၊ မုန့်ဈေးရောင်းပွဲနှင့်ကုန်စည်ပြပွဲကြီးများ၊ အားကစားပြိုင်ပွဲများ၊ အသိပညာဗဟုသုတဆိုင်ရာ ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ပြခန်းများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် နိုဝင်ဘာ ၉ ရက် ညပိုင်းက ဒုံးအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။



(၆၃)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲ၏ တတိယမြောက်ညတွင် လာရောက်ကြည့်ရှုအားပေးသည့် ပရိသတ်များ အထူးစည်ကားများပြားခဲ့ပြီး ဒုံးအကပြိုင်ပွဲအစီအစဉ်ကို ညနေ ၆ နာရီတွင် စတင်ရာ အမှတ်(၁) ဘားအံမူလတန်းကြိုကျောင်း၊ လွန်းည (ပန်းမမ)ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ရင်သွေးငယ်များ၏ ကလေးဒုံးအက၊ ကရင်ကျောင်းသားများရိပ်သာမှ ကရင်ရိုးရာကချေဒုံးအက၊ လှိုင်းဘွဲမြို့နယ် အင်းနီကျေးရွာမှ မူးနောင်ရှာ(အမျိုးသမီး)ဒုံးအက၊ ထော့ကိုကိုးအထူးဒေသ အလကကျောင်းမှ စကောကရင်ရိုးရာ ဝါးညှပ်အကတို့ဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြသည်။ ည ၈ နာရီခွဲတွင် ဒုံးအကပြိုင်ပွဲကို စတင်ကျင်းပရာ ချစ်သူမြိုင် အပန်းဖြေဥယျာဉ်ယဉ်ကျေးမှုဒုံးအဖွဲ့၊ အိန္ဒူ-မိဖီတိုက်နယ်ကိုယ်စားပြု နောင်ပလိန်ကျေးရွာစုပေါင်းဒုံးအဖွဲ့၊ ကော့ကရိတ်မြို့နယ် နယ်ခြားစောင့်တပ် တပ်နယ်(၃) ယဉ်ကျေးမှုဒုံးအဖွဲ့၊ မြဝတီခရိုင်ကိုယ်စားပြု ယဉ်ကျေးမှုဒုံးအဖွဲ့၊ ဘားအံမြို့တော် ယဉ်ကျေးမှုဒုံးအဖွဲ့၊ လှိုင်းဘွဲမြို့နယ် ကိုယ်စားပြုယဉ်ကျေးမှုဒုံးအဖွဲ့၊ ဂျိုင်း(ဇာသပြင်)တိုက်နယ်ကိုယ်စားပြု သာမည ကျေးရွာ စုပေါင်းဒုံးအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု ပုလောမြို့နယ် ယဉ်ကျေးမှုဒုံးအဖွဲ့၊ ကော့ကရိတ်မြို့နယ် ကိုယ်စားပြု ယဉ်ကျေးမှုဒုံးအဖွဲ့၊ ဖူးတခေတ်ယဉ်ကျေးမှုဒုံးအဖွဲ့တို့က မြူးမြူးကြွကြွဖြင့် သီဆိုကပြဖျော်ဖြေ ယှဉ်ပြိုင်ခဲ့ကြသည်။

ထိုသို့ ဖျော်ဖြေရေးဒုံးအဖွဲ့များနှင့် ပြိုင်ပွဲဝင်ဒုံးအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေယှဉ်ပြိုင်မှုများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ရိုးရာယဉ်ကျေးမှု ဒုံးအကပြိုင်ပွဲကို ချစ်ခင်မြတ်နိုးကြသည့် တိုင်းရင်းသားပြည်သူများ ကြည့်ရှုအားပေးခဲ့ကြပြီး ဖျော်ဖြေရေးနှင့် ပြိုင်ပွဲဝင်ဒုံးအဖွဲ့များအား ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် သစ်တောလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်

**မုံရွာ နိုဝင်ဘာ ၁၀**

မုံရွာမြို့ စိန်နန်းတော်ဟိုတယ်၌ နိုဝင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က "လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဖို့ ရာသီဥတုနဲ့ ဂေဟစနစ်တွေ တည်ငြိမ်မှုတဖို့အတွက် အရေးပါတဲ့ သစ်တောသယံဇာတ ပြုန်းတီးမှု လျှော့ချနိုင်ဖို့နဲ့ ပြန်လည်တိုးတက်လာစေဖို့ဒေသခံတွေ အပါအဝင် ဆက်စပ်ပတ်သက်တဲ့သူအားလုံးပါတဲ့ သစ်တောစီမံ အုပ်ချုပ်မှုစနစ်တစ်ခုအကောင်အထည်ဖော်ဖို့လိုအပ်ပါကြောင်း" ပြောကြားခဲ့သည်။

သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်း ပြန်လည်တိုးပွားလာစေရန် လက်ရှိရင်ဆိုင်နေရသော သစ်တောပြုန်းတီးမှုနှုန်း လျှော့ချရမည်ဖြစ်သလို သဘာဝနယ်မြေများ တိုးပွားလာစေရန် စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်မှုစနစ်ကို ပိုမိုကျစ်လျစ်ခိုင်မာလာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနညွှန်ကြားရေးမှူး ဦးသန်းစိုးထံမှ သိရသည်။

FAO အဖွဲ့၏ ၂၀၁၅ ခုနှစ် သစ်တောသယံဇာတ ဆန်းစစ်ချက် အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းရှိပြီး ၂၀၁၀ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အကြား နှစ်စဉ် သစ်တောပြုန်းတီးမှုသည် ၁ ဒသမ ၇၂ ရာခိုင်နှုန်းအထိရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း**

## တိုတိုထွာထွာဖတ်စရာ

### မုဒုံတွင် ရွှေ့လျားစာကြည့်တိုက်မှ စာအုပ်များငှားရမ်းပေး

**မုဒုံ**

မုဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းရွေ့လျားစာကြည့်တိုက်တို့ပူးပေါင်း၍ သုတ၊ ရသစာအုပ်စာစောင်များကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက အမှတ် (၁) အထက်တန်းကျောင်းသို့ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် အမှတ် (၃) အထက်တန်းကျောင်းသို့လည်းကောင်း သွားရောက်ငှားရမ်းပေးခဲ့သည်။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွေ့လျားစာကြည့်တိုက်မှ အခြေခံပညာကျောင်းများသို့ ငှားရမ်းထားသော သုတ၊ ရသစာအုပ်များကို ရက်သတ္တနှစ်ပတ်ကြာမှ ပြန်လည်သိမ်းဆည်းပြီး စာအုပ်၊ စာစောင်အသစ်များကို ပြန်လည်ငှားရမ်းပေးမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ထုံးထည့်မြေပြုပြင်ခြင်းနှင့် ပတ်သက်၍ ဖျာပုံတွင်ဆွေးနွေး

**ဖျာပုံ**

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး ၊မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းနှင့်အဖွဲ့သည် ဘိုကလေးမြို့နယ် သကံဝကျေးရွာရှိ ထုံးထည့်မြေပြုပြင်ခြင်း စံပြစိုက်ကွက်သို့ နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီက ကွင်းဆင်းကြည့်ရှုကာ တောင်သူများနှင့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီး ဦးတင်အောင်ဝင်းက "မြေဆီလွှာပြုပြင်ခြင်းက လယ်သမားတွေအတွက် အချိန်တိုအတွင်း စပါးအထွက်တိုးလာ၍ ရေတို အကျိုးထိရောက်မှုရှိသလို မြေချဉ်ငန်ဓာတ်ပြုပြင်ပေးခြင်းအားဖြင့် ရေရှည်အကျိုးပြုမယ့် ဆောင်ရွက်ချက်ဖြစ်ပါတယ်"ဟု ပြောသည်။

ဖျာပုံခရိုင်အတွင်း၌ ထုံးထည့်စိုက်ပျိုးထားသည့် စံပြစိုက်ကွက်ပေါင်း ၂၂ ကွက်ရှိကြောင်း ဖျာပုံခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်လှိုင်ထံမှ သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

### ပျဉ်းမနားမြို့တွင် ဆိုင်ကယ်စီးဦးထုပ် အခမဲ့လှူဒါန်း

**ပျဉ်းမနား**

အရည်အသွေးပြည့်မီသော မော်တော်ဆိုင်ကယ်စီးဦးထုပ် ၂၀၀ အခမဲ့ပေးအပ်လှူဒါန်းခြင်းကို နိုဝင်ဘာ ၉ ရက် နံနက် ၈ နာရီက ပျဉ်းမနားမြို့ ပျဉ်းမနား-တောင်ညို လမ်းမကြီး၏ ဆင်ရတနာအနီးတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပျဉ်းမနားမြို့ ပျဉ်းမနား-တောင်ညိုလမ်းမကြီးပေါ်တွင် ဖြတ်သန်းမောင်းနှင်လျက်ရှိသော ဆိုင်ကယ်စီးဦးထုပ်ဆောင်းထားပြီး နောက်ကြည့်မှန်၊ နံပါတ်ပြား၊ ဆိုင်ကယ်လိုင်စင်၊ လူလိုင်စင်ပါရှိသော စည်းကမ်းပြည့်ဝသည့် ဆိုင်ကယ်မောင်းနှင်သူဦးရေ ၂၀၀ ကို ပေးအပ်ခြင်းဖြစ်ကာ အဆိုပါ ဆိုင်ကယ်စီးဦးထုပ် ၂၀၀ ကို ပျဉ်းမနားမြို့ ယောက်သွားအင်းရပ်ရှိ "လန်းလန်း" မော်တော်ဆိုင်ကယ်ရောင်းဝယ်ရေးမိသားစုမှ ယာဉ်ထိန်းရဲတပ်ဖွဲ့သို့ ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်ဌေးလွင်(ခ)နေမျိုးသူရက ပြောသည်။ **ကိုကိုရူပ (နေပြည်တော်)**

## နွားထိုးကြီးမြို့ အထက်တန်းကျောင်းတွင် ကလေးစာပေပွဲတော် ဖွင့်ပွဲကျင်းပ




**နွားထိုးကြီး နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကလေးစာပေပွဲတော်ဖွင့်ပွဲကို နိုဝင်ဘာ ၁၀ ရက် နံနက် ၈ နာရီက ကျင်းပသည်။


နွားထိုးကြီးမြို့တွင် ကလေးစာပေပွဲတော်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ ဦးဆောင်မှု၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ရာ ဖွင့်ပွဲကို အခြေခံပညာအထက်တန်းကျောင်းရှေ့ မုခ်ဦး၌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ထူးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ငြိမ်းသက်နွယ် (မဲဆန္ဒနယ်-၁)နှင့် ဦးစိန်ကျော်မိုး(မဲဆန္ဒနယ်-၂)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်နန်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်လှလှအေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။


ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင်က ကလေးများဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန် ကလေးစာပေပွဲတော်ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။


ကလေးစာပေပွဲတော်တွင် စာအုပ်ဆိုင်များ၊ ကလေးများအတွက် ဓာတုဗေဒဆိုင်ရာ လက်တွေ့စမ်းသပ်ခန်းများ၊ ကျောင်းသား ကျောင်းသူများအတွက် ဓာတုဗေဒဆိုင်ရာ လက်တွေ့စမ်းသပ်ခန်းများ၊ ရူပဗေဒဆိုင်ရာ လက်တွေ့ဆောင်ရွက်ခြင်းများ၊ အိမ်တွင်းမှုလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးပြခန်းများ၊ ဆေးရောင်ခြယ်ခြင်း၊ စက္ကူခေါက်ခြင်း၊ ဂိမ်းကစားခြင်းများ၊ IT ပစ္စည်းများ၊ ကွန်ပျူတာဘာသာရပ်ကို လက်တွေ့ဆောင်ရွက်ခြင်းများနှင့် အခြားပျော်ရွှင်စရာ ကစားနည်းများ၊ လေ့လာမှတ်သားစရာ ပြခန်းများဖြင့် စည်ကားစွာခင်းကျင်းပြသထားကြောင်း သိရသည်။

အဆိုပါ ကလေးစာပေပွဲတော်တွင် အဆိုပြိုင်ပွဲများ၊ အကပြိုင်ပွဲများ၊ ကဗျာရွတ်ပြိုင်ပွဲများ၊ ပုံပြောပြိုင်ပွဲများကို နိုဝင်ဘာ ၁၀ ရက်မှစတင်ပြီး နှစ်ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည့်အပြင် အခြားပျော်ရွှင်စရာ ကစားနည်းများကိုလည်း စီစဉ်ပေးထားသဖြင့် လာရောက်ကြသူတိုင်း ပျော်ရွှင်ကြည်နူးလျက်ရှိကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**













# ထိန်းကျောင်းပြုပြင် ဒီမိုလမ်းစဉ်

ကိုရင်ညြ

အမေရိကန်ပြည်ထောင်စု၏ သက်တမ်းဝက် အထွေထွေရွေးကောက်ပွဲများကို နိုဝင်ဘာ ၆ ရက်က ကျင်းပခဲ့၏။ ယခုကျင်းပသော ရွေးကောက်ပွဲများသည် သမ္မတဒေါ်နယ်ထရန့်၏ အစိုးရအဖွဲ့အပေါ် ပြည်သူတို့၏ ထောက်ခံမှု မည်မျှရှိသည်ကို စမ်းသပ်နိုင်မည့် ရွေးကောက်ပွဲများအဖြစ် နိုင်ငံရေး ဆန်းစစ်လေ့လာသူများက သုံးသပ်ပြောဆိုလျက်ရှိကြ၏ ဟူသောသတင်း တစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရသောအခါ ရွေးကောက်ပွဲ ရလဒ်၏ အကျိုးသက်ရောက်မှုများမည်သို့ရှိလာအံ့နည်းဟု စေ့ငုလေ့လာမိလေ၏။

ယခုကျင်းပသော ရွေးကောက်ပွဲတွင် သက်တမ်းနှစ်နှစ်ရှိ အောက်လွှတ်တော် အမတ်နေရာ ၄၃၅ နေရာစလုံးအတွက်လည်းကောင်း၊ အမတ်နေရာ ၁၀၀ ရှိ အထက်လွှတ်တော်၏ အမတ်နေရာ ၃၅ နေရာအတွက်လည်းကောင်း ပြည်သူတို့ မဲပေးရွေးချယ်ကြသည်။

အထွေထွေ ရွေးကောက်ပွဲများတွင် အမေရိကန်ပြည်ထောင်စု၏ ပြည်နယ် ၅၀ အနက် ၃၆ ပြည်နယ်တွင် အုပ်ချုပ်ရေးမှူး နေရာများအတွက်လည်း ပြည်သူတို့ မဲပေးရွေးချယ်ကြသည်။

သမ္မတဒေါ်နယ်ထရန့်သည် သက်တမ်းဝက်ရွေးကောက်ပွဲများ မကျင်းပမီ အကြိတ်အနယ်ဖြစ်နေသော မြောက်ပိုင်းပြည်နယ်များတွင် နောက်ဆုံးမဲဆွယ်စည်းရုံးမှုများ ပြုလုပ်ခဲ့သည်။

ရီပတ်ဘလစ်ကန် ကိုယ်စားလှယ်လောင်းများကို မဲပေးကြရန် ၎င်းက အကြီးအကျယ် မဲဆွယ်စည်းရုံးခဲ့သည်။

ဂျော်ဂျီယာပြည်နယ် မာကွန်မြို့၌ နိုဝင်ဘာ ၄ ရက်က ပြုလုပ်သော လူထု အစည်းအဝေးတွင် သမ္မတထရန့်က မဲဆွယ်စည်းရုံးခဲ့သည်။ သက်တမ်းဝက်ရွေးကောက်ပွဲများအတွက် ရီပတ်ဘလစ်ကန် ကိုယ်စားလှယ်လောင်းများ အထက်နှင့် အောက်လွှတ်တော်တို့တွင် အခြေအနေကောင်းလိမ့်မည်ဟု ၎င်းက အလေးထားပြောကြားခဲ့သည်။

သက်တမ်းဝက် ရွေးကောက်ပွဲ အကြိုနေ့အထိ ရီပတ်ဘလစ်ကန် အမတ်လောင်းများအတွက် ထောက်ခံမှုရရန် သမ္မတထရန့်က နိုင်ငံအနှံ့ လှည့်လည်ပြီး မဲဆွယ်စည်းရုံးခဲ့သကဲ့သို့ ဒီမိုကရက်အမတ်လောင်းများ အနိုင်ရရှိရေးအတွက် သမ္မတဟောင်း အိုဘားမားက လှည့်လည်မဲဆွယ်စည်းရုံးခဲ့သည်။

## လက်ရှိအနေအထား

ရွေးကောက်ပွဲ မကျင်းပမီ အနေအထားအရ အမတ်နေရာ ၄၃၅ နေရာရှိ အောက်လွှတ်တော်တွင် ရီပတ်ဘလစ်ကန်အမတ် ၂၃၅ ဦး၊ ဒီမိုကရက်အမတ် ၁၉၃ ဦးရှိသည်။

အမေရိကန်ပြည်နယ်များရှိ အုပ်ချုပ်ရေးမှူး ၃၆ ဦးအနက် ၂၆ ဦးမှာ ရီပတ်ဘလစ်ကန်တို့က ထိန်းချုပ်ထားခဲ့ပြီး ကိုးဦးမှာ ဒီမိုကရက်တို့က ထိန်းချုပ်ထားသည်။

အမေရိကန်ပြည်ထောင်စု၌ သက်တမ်းလယ်ကာလ ရွေးကောက်ပွဲရလဒ်အရ ဒီမိုကရက်တစ်ပါတီက အောက်လွှတ်တော်ကို ထိန်းချုပ်လိုက်နိုင်ပြီဖြစ်ကြောင်း နိုဝင်ဘာ ၈ ရက်တွင် သတင်းများ ပေါ်ထွက်လာခဲ့သည်။ တစ်ချိန်တည်းမှာပင် လာမည့်နှစ်များ၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ နိုင်ငံရေးမူဝါဒ မည်သို့မည်ပုံ အပြောင်းအလဲများရှိလာနိုင်မည်ကို ကမ္ဘာ့နိုင်ငံများက သုံးသပ်လေ့လာလျက်ရှိကြသည်။


ဓာတ်ပုံ- lavozweb

ရွေးကောက်ပွဲတွင် အနိုင်ရရှိသူ ကိုယ်စားလှယ်များအားလုံးအတွက် ဝမ်းမြောက်ဂုဏ်ယူရကြောင်း ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူးဒေါက အင်တာနက် လူမှုကွန်ရက်မီဒီယာ တွစ်တာမှတစ်ဆင့် ပြောကြားခဲ့သည်။ အောက်လွှတ်တော်တွင် အမျိုးသမီးအမတ်လောင်းများ စံချိန်တင် အရေအတွက်အထိ ရွေးချယ်တင်မြှောက်ခံရခြင်းမှာ ထူးခြားလှကြောင်း ဝန်ကြီးချုပ်ထရူးဒေါက ဆိုသည်။

ရွေးကောက်ပွဲရလဒ်အရ အောက်လွှတ်တော်တွင် ပထမဆုံးအကြိမ် အမျိုးသမီးလွှတ်တော်အမတ် ၁၀၀ ကျော်အထိရှိလာနိုင်ခြေရှိနေသည်။

ကယ်လီဖိုးနီးယားပြည်နယ်တွင် ၃၁ နှစ်အရွယ် ကေတီဟေးလ်ဆိုသူ ရွေးချယ်ခံခဲ့ရပြီး အောက်လွှတ်တော်၌ အမျိုးသမီးအမတ် စုစုပေါင်း ၁၀၀ ကျော်ရှိလာမည်ဖြစ်ကြောင်း အမေရိကန်မီဒီယာများက ဖော်ပြသည်။ ရွေးကောက်ပွဲ မတိုင်မီ အမျိုးသမီးအမတ် ၈၄ နေရာရှိခဲ့ရာမှ အမျိုးသမီးအမတ်ဦးရေ တိုးလာခြင်းဖြစ်သည်။ အမျိုးသမီးလွှတ်တော်အမတ် စုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းမှာ ဒီမိုကရက်တို့ဖြစ်ကြပြီး ၎င်းတို့အနက် အသက်အငယ်ဆုံးမှာ ၂၉ နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်ပြီး မွတ်စလင် အမျိုးသမီးနှစ်ဦးနှင့် အမေရိကန်ဒေသခံလူမျိုးစု အမျိုးသမီးနှစ်ဦးတို့မှာ သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ရွေးချယ်ခံခဲ့ကြရသည်။

လိင်ပိုင်းဆိုင်ရာ အရှက်ရစေမှုကို ဆန့်ကျင်သော မီတူး (Me Too) လှုပ်ရှားမှု ကျယ်ပြန့်လာနေပြီး သမ္မတ ဒေါ်နယ်ထရန့်က အမျိုးသမီးများကို အကြိမ်ကြိမ် နှိမ့်ချပြောဆိုခဲ့ခြင်း၏ တုံ့ပြန်မှုသဘောတရားအရ အမျိုးသမီးကိုယ်စားလှယ်လောင်းများ သိသိသာသာ တိုးလာစေခဲ့ပုံရသည်။

သို့ရာတွင် အောက်လွှတ်တော်၌ အမျိုးသမီးအမတ် ၂၃ ရာခိုင်နှုန်းသာရှိသေးသည်။ ရွေးကောက်ပွဲတွင် ပန်းရောင်လှိုင်း (Pink wave) ဟု တင်စားခေါ်ဝေါ်ရသည် အထိ အမျိုးသမီးအမတ်များ အများအပြား ရွေးချယ်ခံခဲ့ရသည်။ သို့ရာတွင် မဲဆန္ဒရှင်တစ်ဝက်ခန့်မှာ အမျိုးသမီးများဖြစ်နေခြင်းကြောင့် ဖော်ပြပါ အရေအတွက်မှာ လုံလောက်မှုမရှိသေးဟု အမေရိကန် မီဒီယာများက ဆိုသည်။

အိမ်နီးချင်းနိုင်ငံကြီးဖြစ်သော ကနေဒါသည် အမေရိကန်ပြည်နှင့် စီးပွားရေးဆက်ဆံမှု တိုးတက်ရန် အလေးထားသည်။ အဆိုပါ နှစ်နိုင်ငံသည် မက္ကဆီကိုနိုင်ငံနှင့်အတူ မကြာသေးမီက ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့သည်။ ကနေဒါနိုင်ငံသည် အမရိကန်ပြည်ထောင်စုသို့ သံမဏိနှင့် အလူမီနီယံထုတ်ကုန်များ တင်ပို့သော နိုင်ငံဖြစ်ပြီး သမ္မတထရန့်အစိုးရအဖွဲ့၏ ကြီးလေးသော ကုန်သွယ်စည်းကြပ်ခွန်များကြောင့် နှစ်နိုင်ငံ ကုန်သွယ်ရေးပဋိပက္ခ ဖြစ်ပေါ်ခဲ့ရသည်။

ထိုစဉ်အတွင်း ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ပြောခွင့်ရပုဂ္ဂိုလ် ဒီမစ်ထရီ ပက်စကော့က အမေရိကန် ရွေးကောက်ပွဲလွန်ကာလ နှစ်နိုင်ငံ ဆက်ဆံရေး အလားအလာနှင့် ပတ်သက်၍ မှတ်ချက်ပြုပြောကြားခဲ့သည်။

လတ်တလောအနေအထားအရ ရုရှားနှင့် အမေရိကန်အကြား နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်လာမည့် အလားအလာများကို မိမိတို့ မတွေ့မြင်ရဟု ပက်စကော့က ပြောကြားသည်။ သမ္မတထရန့်နှင့် သမ္မတပူတင်တို့အကြား ဆွေးနွေးညှိနှိုင်းမှုများ ဖြစ်ပေါ်လာရန် လိုအပ်လိမ့်မည်ဟုလည်း သူက ဆိုသည်။

သမ္မတထရန့်သည် ရုရှားနှင့် ဆက်ဆံရေး တိုးတက်ရန် ကြိုးပမ်းခဲ့လင့်ကစား ဆီးရီးယားပြည်တွင်းစစ်နှင့် ပတ်သက်၍ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့မှာ ဆီလျော်မတည့် တွဲဖက်မညီ ဖြစ်နေခဲ့ကြသည့်အပြင် အဏုမြူလက်နက်လျှော့ချရေးစာချုပ်မှ နုတ်ထွက်ရန် အမေရိကန် ခြေလှမ်းပြင်မှု၊ ပြီးခဲ့သည့် အမေရိကန်၏ သမ္မတ ရွေးကောက်ပွဲတွင် ရုရှားက ကြားဝင်နှောက်ခဲ့သည်ဆိုသော စွပ်စွဲချက် အသံဗလံများ ပေါ်ထွက်ခဲ့မှုတို့ကလည်း ဆက်ဆံရေး ပြန်လည်နွေးထွေးမှုဖြစ်ပေါ်ရေးကို အဟန့်အတားဖြစ်စေခဲ့သည်။

## သံတမန်ရေးနည်းလမ်း

အမေရိကန်ရွေးကောက်ပွဲရလဒ်အရ သမ္မတဒေါ်နယ်ထရန့်သည် အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခနှင့်ပတ်သက်၍ သဘောတူညီချက်တစ်ရပ် ရရှိလာစေရေးအတွက် နိုင်ငံတကာ သံတမန်ရေးနည်းလမ်းဘက်သို့ ဦးလှည့်လာနိုင်ကြောင်း အစ္စရေးအစိုးရအဖွဲ့က မှတ်ချက်ပြုပြောကြားသည်။

အမေရိကန်ရွေးကောက်ပွဲရလဒ်သည် အရှေ့အလယ်ပိုင်းဒေသ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပြောင်းလဲမှုမဖြစ်စေသင့်ကြောင်း အစ္စရေးအစိုးရအဖွဲ့က ပြောကြားသည်။ သို့ရာတွင် ဒီမိုကရက်များက ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်အောင် လုပ်ဆောင်ကြမည်ဖြစ်သဖြင့် အပြောင်းအလဲများ ဖြစ်ပေါ်နိုင်ကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်၏ အကြံပေးပုဂ္ဂိုလ် နာဘီရှားက ပြောကြားသည်။

## ဂျပန်

ရွေးကောက်ပွဲရလဒ် မည်သို့ပင်ရှိစေကာမူ အမေရိကန်ပြည်ထောင်စုနှင့် မဟာမိတ်ဖွဲ့မှု ခိုင်မြဲမြဲ ခိုင်မြဲနေမည်သာဖြစ်ကြောင်း ဂျပန်အစိုးရအဖွဲ့ ဒုတိယအတွင်းဝန်ချုပ် ယာဆုတိုရှိနီရှိမူယာက ပြောကြားသည်။ ကိုရီးယားကျွန်းဆွယ်၌ အဏုမြူလက်နက် ဖျက်သိမ်းရေးလုပ်ငန်းစဉ်အတွက် အမေရိကန်ပြည်ထောင်စုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဟုဆို၏။

သို့ရာတွင် ဂျပန်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်ရေးဆက်ဆံမှုတွင် တစ်ဖက်သတ် အလျှော့ပေးလိုက်လျောမှု ပြုလုပ်မည်မဟုတ်ကြောင်း နီရှိမူယာက ပြောကြားသည်။

ဂျပန်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်ရေးအရ ပဋိပက္ခဖြစ်ပွားနေဆဲဖြစ်သည်။ ထိုစဉ်အတွင်း သမ္မတဒေါ်နယ်ထရန့်မှာ ဂျပန်နှင့် ကုန်သွယ်ရာတွင် ယခုအချိန်အထိ တင်းမာသော သဘောထားရပ်တည်ချက်ကို ကိုင်စွဲထားပုံရသည်။

အစောဆုံး ဇန်နဝါရီလ၌ စတင်မည့် အမေရိကန်-ဂျပန် ကုန်သွယ်ရေးဆွေးနွေးညှိနှိုင်းမှုများတွင် မိမိအနေဖြင့် တင်းမာပြတ်သားသော ရပ်တည်ချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အရိပ်အမြွက်ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံနှင့်ပြုလုပ်သော ကုန်သွယ်ရေးနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတွင် သမ္မတထရန့်က ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် မိတ်ဆွေကောင်းတစ်ဦးဖြစ်ပြီး သူ၏ အရင်းနှီးဆုံးမိတ်ဆွေတစ်ဦးဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့ရာတွင် ဂျပန်သည် အမေရိကန်နှင့် ကုန်သွယ်ရေးလုပ်ဆောင်ရာတွင် မျှတမှုမရှိကြောင်း သမ္မတထရန့်က ပြောကြားသည်။ ဂျပန်နိုင်ငံသည် သန်းနှင့်ချီအရေအတွက်ရှိ မော်တော်ကားများကို အလွန်သက်သာသည့် အခွန်နှုန်းထားဖြင့် အမေရိကန်သို့ တင်ပို့ရောင်းချနေသည်ဆို၏။

ဂျပန်အပေါ် သူအပြစ်မတင်လိုကြောင်း၊ သို့ရာတွင် ဂျပန်နှင့် ကုန်သွယ်ရာတွင် အမေရိကန်ဘက်မှ ကုန်သွယ်ရေးလိုငွေ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ နီးပါး ရှိနေကြောင်း သမ္မတထရန့်က ထောက်ပြသည်။

## ထူးခြားချက်

သက်တမ်းဝက်ကာလ ရွေးကောက်ပွဲရလဒ်အရ အောက်လွှတ်တော်ကို ဒီမိုကရက်တစ်ပါတီက ပြန်လည်ထိန်းချုပ်နိုင်ခြင်းမှာ ထူးခြားချက်အဖြစ် ရှုမြင်ကြရသည်။

သက်တမ်းဝက် ရွေးကောက်ပွဲတွင် မဲပေးသူ လူငယ်များ ပိုမိုများပြားလာခြင်းကြောင့် ရှစ်နှစ်အတွင်း ပထမဦးဆုံးအဖြစ် ဒီမိုကရက်တစ်ပါတီက အောက်လွှတ်တော်တွင် အများစုနေရာရရှိစေကြောင်း သုတေသနအုပ်စုတစ်စု၏ လေ့လာချက်တွင် ဖော်ပြထားသည်။

ယခုအချိန်အထိ သိရှိရသော မဲရလဒ်အရ အထက်လွှတ်တော်တွင် ရီပတ်ဘလစ်ကန်တို့က ၅၁ နေရာ၊ ဒီမိုကရက်တို့က ၄၆ နေရာ ရရှိထားသည်။ အောက်လွှတ်တော်တွင်မူ ရီပတ်ဘလစ်ကန်က ၂၀၁ နေရာနှင့် ဒီမိုကရက်တို့က ၂၂၄ နေရာ ရရှိထားသည်။

အသက် ၁၈ နှစ်မှ ၂၉ နှစ်အကြား လူငယ်များ၏ ပျမ်းမျှ ၃၁ ရာခိုင်နှုန်းသည် ယခုတစ်ကြိမ် သက်တမ်းဝက်ရွေးကောက်ပွဲတွင် မဲပေးခဲ့ကြပြီး လွန်ခဲ့သော လေးနှစ်က ၂၁ ရာခိုင်နှုန်းရှိခဲ့ခြင်းနှင့် နှိုင်းယှဉ်လျှင် ပိုမိုများပြားလာကြောင်း မက်ဆာချူးဆက်ပြည်နယ် မစ်ဖို့ဒ်မြို့ အခြေစိုက် ပုဂ္ဂလိကပိုင်သုတေသနတက္ကသိုလ်တစ်ခုဖြစ်သော တပ်စ်တက္ကသိုလ်၏ လေ့လာချက်တွင် ဖော်ပြထားသည်။

ဖေဖော်ဝါရီလက ဖလော်ရီဒါပြည်နယ် အထက်တန်းကျောင်းတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ပေါ်ပေါက်ခဲ့သော သေနတ်ထိန်းချုပ်ရေး လှုပ်ရှားမှုနှင့် ဒီမိုကရက်တို့၏ မဲပေးရေးလှုံ့ဆော်မှုများအရ လူငယ်များ မဲပေးလာစေရန် တွန်းအားပေးခဲ့ကြောင်း လေ့လာချက်တွင် ဖော်ပြထားသည်။

လူငယ်များက ဒီမိုကရက် ကိုယ်စားလှယ်များအား ထောက်ခံမှုနှင့်အတူ မဲပေးမှု အကြီးအကျယ် တိုးလာခဲ့ခြင်းကြောင့် အောက်လွှတ်တော်တွင် ဒီမိုကရက်တို့ အများစုနေရာပြန်ရရန် အထောက်အကူဖြစ်စေခဲ့သည်။

ရွေးကောက်ပွဲရလဒ်အရ အောက်လွှတ်တော်ကို ဒီမိုကရက်တို့ ထိန်းချုပ်နိုင်တော့မည်ဖြစ်ရာ သမ္မတဒေါ်နယ်ထရန့်၏ မူဝါဒများကို လွှတ်တော်က အပြန်အလှန် ထိန်းကျောင်းနိုင်တော့မည်ဟု တွေးတောမိရင်း "ထိန်းကျောင်းပြုပြင် ဒီမိုလမ်းစဉ်" ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

Ref:
World reacts to U.S. midterm elections (CBC)




မိတ္ထီလာမြို့၊ အ.ထ.က(၂) ၉-တန်း(A) (ဒိုးပတ်ဝိုင်း)၁၉၇၁-၇၂ မှ
စိုးသိန်း(ကြီးကြပ်)၊ မြဝင်း(အက)၊ ဓအးကို(ဒိုးပတ်)၊ကိုလေး(ဘာဂျာ)၊
? (လင်းကွင်း) တို့ ဆရာပူဇော်ပွဲ အမီ
အမြန်ဆက်သွယ်ပါရန်
ဓမ္မသန်းဓွေ့(ငြိမ်း) ၀၉-၂၅၈၅၆၁၂၅၃

**လုံးချင်း၊မြေ - အရောင်းသီးသန့် (ပွဲစားမလို)**

| | | | |
|---|---|---|---|
| ၁။နဝဒေးအိမ်ရာ | (60' x 60') | RC2 | 2000 သိန်း |
| ၂။ကံ့ကော်ရိပ်သာ(ဇေကမ္ဘာ) | (100'x100') | မြေဂရံ | 2300 သိန်း |
| ၃။မဒဂုံ၊တော်ဝင်အိမ်ရာ | (100'x100') | မြေဂရံ | 2750 သိန်း |
| ၄။လှိုင်၊လမ်းသန့် | (50' x 69') | မြေဂရံ | 2950 သိန်း |
| ၅။လှိုင်၊သုရိန္ဒရိပ်မွန်အိမ်ရာ | (50' x 70') | မြေပါမစ် | 3200 သိန်း |
| ၆။မရမ်းကုန်း၊မင်းဓမ္မလမ်းနီး | (45'x 110') | မြေပိုင် | 4800 သိန်း |

မြို့နယ်ရှိ စက်မှု ဂိုဒေါင်များ ရောင်းဝယ်ငှားရမ်းလိုပါက ဆက်သွယ်နိုင်ပါသည်။
09-5041674, 09-420252761, 09-420222143

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ခုနှစ်၊တရားမကြီးမှုအမှတ်-၉**

ဦးမောင်မောင်ခင်(ခ)ချင်ကျင်ပွေး နှင့် ၁။ ဦးအောင်ဇော်ခင်
၂။ ဦးအောင်ဝင်း

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်-၁၉၂နေ ဦးအောင်ခင်ဇော်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၄)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၁၈၇)နေ ဦးအောင်ဝင်း(ယခုနေရပ်လိပ်စာမသိသူများ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက နစ်နာကြေးငွေကျပ်သိန်း(၄၆၅၀)တိတိရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ ၆ရက်(၁၃၈၀ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူသည် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ဤရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် က တင်သွင်းရမည်။

၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ ၆ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ကျော်)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

**တစ်ဦးတည်းဖြစ်ကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ဝက်လှကလေးကျေးရွာနေ မအိအိဖွေး [၇/မလန(နိုင်)၁၂၀၈၃၁] ၏ ဖခင် ဦးဝင်းဗိုလ်နှင့် ဦးစန်းအောင် [၇/မလန (နိုင်)၁၀၉၃၅၄]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဝင်းဗိုလ်(ခ)ဦးစန်းအောင်**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/မြောက်၊ မြေကွက်အမှတ်-၃၄၉/က/ခ၊ မြေဧရိယာ(၂၄၀၀)စတုရန်းပေ အတိုင်းအတာပေ(၄၀×၆၀) မြေကွက်တည်နေရာအမှတ်-၃၄၉/က/ခ၊ ထူပါရုံ(၂၁)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးအေးမောင် (CD-၀၄၆၈၇၃)၊ ဒေါ်သန်း(TTN-၁၂၆၅၅၄)၊ [၉/မထလ(နိုင်)၀၁၁၂၅၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးအေးမောင်(ခင်ပွန်း)သည် ၂၉-၃-၁၉၉၅ ရက်တွင် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဒေါ်သန်း (TTN-၁၂၆၅၅၄) [၉/မထလ(နိုင်)၀၁၁၂၅၈]မှတစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း အခြားသော ဇနီးမယား တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ၎င်းကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ၂၂-၆-၂၀၁၈ ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စု လူဦးရေစာရင်း၊ ဦးအေးမောင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးအေးမောင်၊ ဒေါ်သန်းအမည်ပေါက်နှစ်(၆၀)ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် တစ်ထပ်ခွဲ ပျဉ်ထောင်အဆောက်အအုံတစ်လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင်နေထိုင်သဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သွေးသည်အသက်**




mazda
MYANMAR CAR OF THE YEAR
2018
CX-5
COMPACT SUV
DRIVE
MYANMAR
CAR OF THE YEAR
2018
WINNER
CX-3
MAZDA 3
CROSSOVER
DRIVE
MYANMAR
CAR OF THE YEAR
2018
WINNER
COMPACT SEDAN
DRIVE
MYANMAR
CAR OF THE YEAR
2018
WINNER
DRIVING MATTERS®
Distributed by Automobile Alliance Co.,Ltd. and Services by Cycle & Carriage Automobile Myanmar Co.,Ltd.
Yangon – No.96, Kabaraye Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
Mandalay – No.10(A), The Corner of 77th & 35th Street, Maharaungmyay Township. Hotline: 09 456 1111 04, 09 456 1111 05
SKYACTIV
TECHNOLOGY

## ကြော်ငြာ


### ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့
### ၂၀၁၉ခုနှစ် လုပ်ငန်းများဆောင်ရွက်ရန် ဈေးပြိုင်ကြော်ငြာ

ရွှေတိဂုံစေတီတော် ဝတ္တကမြေအတွင်း ဘုရားဖူးများအဆင်ပြေစေရန် ဂေါပကအဖွဲ့က စီမံဆောင်ရွက်ထားသော အောက်ဖော်ပြပါ လုပ်ငန်းများသည် ၃၁-၁၂-၂၀၁၈ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါ၍ ၂၀၁၉ ခုနှစ်အတွက် လုပ်ငန်းများချထားပေးရန်ရှိပါသည်။ ယင်းလုပ်ငန်းများကို ဈေးပြိုင်စနစ်ဖြင့် ချထားပေးမည်ဖြစ်၍ လုပ်ငန်းဆောင်ရွက်လိုသူများသည် ဈေးနှုန်းအဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ၁၀၀၀၀/-နှုန်းဖြင့် ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်းဝယ်ယူပြီး ၆-၁၂-၂၀၁၈ရက်တွင် သတ်မှတ်ချိန်အတိုင်း ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**မှတ်ချက်။** ၄-၁၂-၂၀၁၈ရက် မွန်းတည့်(၁၂:၀၀)နာရီ **(နောက်ဆုံး)**ထား၍ ဈေးနှုန်းအဆိုပြုလွှာ စည်းကမ်းချက်များ ရောင်းချပေးမည်။ အာမခံငွေများကို မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၄)တွင် ပေးသွင်းခြင်းအပါအဝင် အသေးစိတ်အချက်အလက်များကို အဆိုပြုလွှာတင်သွင်းသူများ လိုက်နာရန် စည်းကမ်းတွင်ထည့်သွင်းဖော်ပြပေးမည်။

**ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန်လုပ်ငန်းများ**

(၁) ဓာတ်ပုံလုပ်ငန်း
(၂) ရွှေဆိုင်းရောင်းချခြင်းလုပ်ငန်း
(၃) စားသောက်ဆိုင်လုပ်ငန်းများ
(၄) လက်ဆောင်ပစ္စည်းရောင်းချခြင်းလုပ်ငန်း
(၅) ပန်းဆိုင်ရောင်းချခြင်းလုပ်ငန်းများ
(၆) နိဗ္ဗာန်ကုန်ရောင်းချခြင်းလုပ်ငန်းများ
(၇) အုန်းပွဲ/ငှက်ပျောပွဲရောင်းချခြင်းလုပ်ငန်း
(၈) လိပ်စာ/ငါးစာ ရောင်းချခြင်းလုပ်ငန်း
(၉) အုန်းသီး/ထန်းသီးခူးဆွတ်ရောင်းချခြင်းလုပ်ငန်း
(၁၀) ကားကွင်းများ၌ ထီကားရပ်နားရောင်းချခြင်းလုပ်ငန်းများ
(၁၁) ကုန်မျိုးစုံဆိုင်ရောင်းချခြင်းလုပ်ငန်း
(၁၂) ဂုဏ်ပြုလွှာမှန်ဘောင်သွင်းခြင်းလုပ်ငန်း
(၁၃) Money Exchange Counterနှင့် ATM စက်ဖွင့်လှစ်ခြင်းလုပ်ငန်း

**ဂေါပကအဖွဲ့**



### အောင်ပါစေဆရာတော်ဘုရားကြီး၏ ထူးခြားသည့်ကိုးနဝင်း(၇)ချက် ဗုဒ္ဓအလှူပွဲ
### သာသနာပြုမှတ်တမ်း(၆)နှစ်တာကာလ (၁၁)ကြိမ်မြောက်ဗုဒ္ဓရုပ်ပွားတော်လှူဒါန်းပွဲ

**ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ဝါးသင်္ချိုင်းကျေးရွာအုပ်စုရှိ ဗုဒ္ဓဘာသာ ကရင်ရွာတွေမှ နေအိမ်များသို့ ဗုဒ္ဓမြတ်စွာရုပ်ပွားတော်များ ကြွချီ၍ထာဝရသီတင်းသုံးတော့မည်။**

(၁) အောင်ပါစေ= ၁+၅+၃ = ၉
(၂) ဗုဒ္ဓရုပ်ပွားတော်များ ဉာဏ်တော်အမြင့် = ၉လက်မ
(၃) တစ်ဆူ၏ကုန်ကြစရိတ် = ၉ထောင်
(၄) ဆရာတော်၏ယခုသက်တော်(၈၁)နှစ်=၈+၁ = ၉
(၅) သာသနာပြုနှစ်(၆)နှစ်= ၇၂လ= ၇+၂ = ၉
(၆) ယခုလှူမည့်အရေအတွက်(၅၄၀)= ၅+၄+၀ = ၉
(၇) ၅၀၀၀ ပြည့်ရန်လိုအပ်သောဘုရား ၁+၂+၅+၁=၉

နဝင်း(၇)ချက် စီးပွားတက်ထက်မြက်တဲ့အောင်ပွဲဖြစ်၍ ဆရာတော်၏အဓိဋ္ဌာန်(၅၀၀၀)ပြည့်ရန် (၁၂၅၁)ဆူသာလိုတော့၍ လိုအပ်ချက်ဖြည့်စွက်လှူဒါန်းလိုပါက ဆရာတော်နှင့်ဆက်သွယ်ပါ။

➡ ငါး၊ ပုစွန်၊ ငါးခြောက်၊ ပုစွန်ခြောက်များနှင့် အခြားကုန်ပစ္စည်းများအား အအေးခန်းတွင် သိုလှောင်လိုသူများအတွက် HACCP, BRC လက်မှတ်ရရှိထားသော အအေးခန်းစက်ရုံမှ COLD STORE WAREHOUSE SERVICE များဝန်ဆောင်မှုပေးလျက်ရှိပါသည်။

➡ အအေးခန်းသိုလှောင်မှုဝန်ဆောင်ခအဖြစ် (1Kg) အတွက် တစ်ရက်လျှင် (၁ကျပ်ပြား၅၀)နှုန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ အခန်းပြတ် ငှားရမ်းလိုသူများအတွက်လည်း ညှိနှိုင်းဆောင်ရွက်ပေးပါသည်။

➡ ငါး၊ ပုစွန်ပြုပြင်အေးခဲပြီး **(Export)** ဆောင်ရွက်လိုသူများအတွက် အေးခဲခြင်း **(Freezing)** ဝန်ဆောင်မှုများနှင့် အေးခဲပြီးငါး၊ ပုစွန်များ သယ်ယူပို့ဆောင်ခြင်းအတွက် အအေးခန်းကားများငှားရမ်းပေးခြင်း၊ **(Export)** တင်ခြင်း။ ဝန်ဆောင်မှုများကို **(One Stop Service)** ဖြင့်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန် - **Ph : 01-3685331 ,01-3685780, 01-3685320**
**- Hp: 09-5014727**
လိပ်စာ – ရွှေယမုံအအေးခန်းစက်ရုံ
အမှတ်(**174-B**)ဆိပ်ကမ်းသာလမ်း၊ လှိုင်သာယာ၊ စက်မှုဇုန်(4)လမ်း၊ ရန်ကုန်မြို့။

ဝတ္ထုတို

## မြင့်ငွေ
## (စစ်ကိုင်းပညာရေးကောလိပ်)




(၁)

ဆောင်းမှ ကုန်ခါစသာသာရှိသေး။ ပူလိုက်တာကလည်း လွန်ပါရော။ နေမင်းကြီးက အပူချိန်အမြင့်ဆုံးခလုတ်ကိုများ မှားနှိပ်မိလေသလားပဲ။ ဖွင့်ထားတဲ့ ကားအဲကွန်းကလည်း ဒီအပူကို မတွန်းလှန်နိုင်။ ပြောလို့သာ ပြောရတာ ကားရဲ့အဲကွန်းကလည်း သိပ်ကောင်းတော့တာမှမဟုတ်ဘဲ။ ကားဝပ်ရှော့ ဆရာရဲ့ ကားဆိုတော့ သည်လောက်တော့ ရှိမှာပေါ့။ အိုးသည်အိုးကောင်းမကိုင်ရသလို ကားဝပ်ရှော့ဆရာလည်း ကားကောင်းမစီးရပါဘူး။ ခါတိုင်းလိုဆိုရင်တော့ ဒီအပူလောက်ကို မညည်းတွားမိပါဘူး။ ခုဟာက အဲကွန်းက မကောင်း၊ နေကပူ၊ ရင်ထဲကအပူပါဆုံမိတော့ ကားပေါ်ကဆင်းပြီး သစ်ပင်ရိပ်တစ်ခုမှာ ငုတ်တုတ်ထိုင်နေလိုက်ရရင် အကောင်းသားလို့တောင် စိတ်ကူးမိပါသေးတယ်။ ထိုင်နေလို့ကလည်း မဖြစ်သေး။ ရွာကို အမြန်ဆုံးရောက်ချင်လှပြီလေ။ ဒီတော့လည်း ကားမောင်းတဲ့ တပည့်ကျော်ကိုသာ လီဗာနာနာနင်းခိုင်းရပါတော့တယ်။

(၂)

အကြီးကောင်ရဲ့လုပ်ပုံကလည်းကြည့်ပါဦး။ မနေ့ကမှ ဆယ်တန်းဖြေပြီးတယ်။ ဒီနေ့ မိန်းမခိုးပြေးသတဲ့။ ခိုးတဲ့မိန်းကလေးကလည်း ဘယ်သူမှတ်သလဲ။ ကျုပ်ရဲ့ဝပ်ရှော့မှာ အလုပ်သမားတွေအတွက် ထမင်းချက်ဖို့ခေါ်ထားတဲ့ ကောင်မလေး။ အမေ့ရွာဘက်က ရွာဆွေရွာမျိုးပေါ့။ သူ့အမေက ကျုပ်ကိုသေချာအပ်သွားတာ။ သူ့သမီးမဟုတ်တာလုပ်လို့ကတော့ ရိုက်သာရိုက်တဲ့။ ရည်းစားထားလို့ကတော့ ကြိုက်သလို ဆုံးမပါတဲ့။ ကောင်မလေးက အေးပါတယ်။ တည်တည်ငြိမ်ငြိမ်လေးပါ။ အမြင်မတော်တာမျိုးလုပ်တာ တစ်ခါမှမတွေ့မိပါဘူး။ ရိုးရိုးနေ ရိုးရိုးသွား စကားတောင် ကျယ်ကျယ်မပြောဘူး။ ခုတော့ တစ်သက်လုံးမှ တစ်ခါပဲ မှားဖူးတာပါ။ လှည်းသားငါးရာနဲ့ ဆိုသလိုအဖြစ်မျိုး။ ကျုပ်သားနောက်ခိုးရာလိုက်ပြေးသတဲ့လေ။ အသက်မှပြည့်သေးရဲ့လားမသိ။ ကျုပ်သားကလည်း တော်တော်မိုက်တဲ့ကောင်။ တွေ့လို့ကတော့ သေပြီသာမှတ်။ တကယ်ဆို ဘွဲ့လေးဘာလေးရပြီးမှဆို မပြောပါဘူး။ ခုတော့မလည်မဝယ်နဲ့။ မနက်က သိသိချင်း ရွာကအဖေ့ဆီ ဖုန်းဆက်မေးကြည့်တော့ "အေးကွ ငါ့မြေးကမိန်းမခိုးလာတာတဲ့ဟေ့ ဒီမှာရောက်နေကြပြီ" တဲ့လေ။ ဒီတော့လည်း အချိန်မီရွာရောက်အောင် ကားနဲ့ ထွက်လာခဲ့ရတာပေါ့။ ကျုပ်ရင်ထဲမှာက ဒေါသတွေ ဗလောင်ဆူနေတော့ ကားကိုကိုယ်တိုင်မမောင်းရဲတော့ပါဘူး။ ဝပ်ရှော့အလုပ်ရုံထဲမှာ အင်ဂျင်လုံးနေတဲ့ တပည့်ကျော်ကို ကားမောင်းဖို့ ခေါ်ခဲ့ရပါတယ်။

(၃)

ကားပေါ်မှာတော့ ဆရာတပည့် နှစ်ယောက်တည်းသာ။ လမ်းတစ်လျှောက်လုံး သူကလည်း ကျုပ်ကိုစကားမပြော၊ ကျုပ်ကလည်းသူ့ကို စကားမပြောနိုင်။ ကျုပ်အတွေးနဲ့ ကျုပ်မို့ လမ်းမှာ ကားကိုခဏအနားပေးဖို့တောင် ပြောဖို့မေ့နေခဲ့ပါတယ်။

မြင်ကွင်းတွေ ရိပ်ခနဲ ရိပ်ခနဲပြောင်းသွားပါတယ်။ မျက်လုံးဖွင့်ထားလို့သာ မြင်နေရပေမယ့် ဘာတွေရယ်လို့ ဘာသာပြန်မပေးနိုင်အောင်ကို စိတ်ကအလုပ်များနေပါတယ်။ တစ်ချက်တစ်ချက် တီခနဲ ကားဟွန်းသံကို တော့ကြားမိပါတယ်။ ကြားသာကြားရပေမယ့် ဘာမှမခံစားရသလိုပါပဲ။ အကြီးကောင်အပေါ် ဖြစ်နေတဲ့ ဒေါသတွေကသာ ရင်ထဲမှာ တလိပ်လိပ် တက်နေပါတော့တယ်။

"ဟ. . . . ကားက ဘာဖြစ်သွားတာလဲ"

"ဆီ ပြတ်သွားတာ ဆရာ"

ရွာကိုရောက်ဖို့ တစ်မိုင်သာသာလောက် အလိုမှာ ကားရပ်သွားတာပါ။ သားကိုဖြစ်နေတဲ့ ဒေါသအပေါ် နောက်ထပ်ဒေါသတစ်ခုက ထပ်ဆင့်လာပြန်ပါတယ်။

"အေး. . . . ဖြစ်ရမယ်၊. . . ဖြစ်ရမယ်. . ကားမထွက်ခင်က ဆီရှိ၊ မရှိ စစ်ပါလားကွ၊ မပြောရင်မပြောသလို၊ မင်းတို့လုပ်လိုက်ရင် ဒီလိုချည်းပဲ၊. . . . ခက်တယ်ကွာ"

လူတစ်ယောက်ကို မအော်ချင် မငေါက်ချင်ပါဘူး။ ကျုပ်ကို လာငေါက်ရင်လည်း မကြိုက်ဘူး။ ကျုပ်က အေးအေးချမ်းချမ်းနေချင်တဲ့ကောင်ပါ။ ခုဟာက ဒေါသထွက်လွန်းလို့ အော်မိတာ။ အင်းလေ ဆူနေ၊ ငေါက်နေ ပြောနေရုံနဲ့ ကိစ္စကပြီးသွားမှာမဟုတ်ဘဲ။ ရွာကိုရောက်ဖို့ကအရေးကြီးတယ်လေ။ ကားနဲ့ တပည့်ကျော်ကို ထားခဲ့ကာ ရွာဆီကို ခြေကျင်လျှောက်ရုံပဲပေါ့။

(၄)

"ဟာ သောင်းစိန်ကြီးပါလား။ ဟကောင် ရွာကို အလည်ပြန်လာတာလား။ မင်းကားက ဘာဖြစ်တာလဲ"

အသံကြားရာကို လှည့်ကြည့်လိုက်တော့ ကားဘေးနားရောက်လာတဲ့ လှည်းတစ်စီးနဲ့ လူတစ်ယောက်။ ရွာက ကျောင်းနေဖက် ငယ်သူငယ်ချင်း ထွန်းမောင်ကြီးပေါ့။

ထွန်းမောင်မေးတာကို ပြန်ဖြေမနေတော့ဘဲ သူ့လှည်းရဲ့ လှည်းရံတိုင်နှစ်ဖက်ကို လှမ်းဆွဲလိုက်ပြီး လှည်းနောက်မြီးကနေ စွေ့ခနဲ လှည်းပေါ် ခုန်တက်လိုက်ပါတယ်။

"ဟေ့ကောင် ထွန်းမောင် . . မောင်းကွာ မြန်မြန်မောင်း"

ထွန်းမောင်ခမျာ ကျုပ်ကို တအံ့တသြ ဖြစ်နေပါတယ်။ ကျုပ်က ဘာမပြော ညာမပြောဆိုတော့ သူလည်း ဘုမသိဘမသိ ဖြစ်ပြီပေါ့။ ကျုပ်ကို ဘုကြည့်ကြည့်ပြန်တယ်။ ပြောမနာ၊ ဆိုမနာ လည်ပင်းဖက်ပေါင်းခဲ့ဖူးတဲ့ သံယောဇဉ်တွေကြောင့်သာ သည်းခံလိုက်ပုံရတယ်။ သူ့မျက်နှာက မကြည်တစ်ဝက် ကြည်တစ်ဝက်နဲ့။ သူက လှည်းအိမ်ကြမ်းပြင်ပေါ်မှာ ချထားတဲ့ နှင်တံကို ကောက်လိုက်တယ်။ ပြီးတော့ နှင်တံကိုမြှောက် နွားကြီးတွေကို တောင့်လိုက်ပါတယ်။ နွားတစ်ရှဉ်းကလည်း သခင့်အလိုအတိုင်း ကဆုန်ပေါက်ကာ ရွာဆီဦးတည်ပြေးလို့၊ ဖုန်လုံးကြီးတွေကလည်း အိပ်ပျော်နေကြရာမှ လန့်နိုးလာကြကာ ခေါင်းထောင်ထကြည့်ကြလို့ လှည်းနောက် လမ်းတစ်လျှောက်လုံးမှာ ကျန်နေခဲ့ပါတော့တယ်။

(၅)

ထွန်းမောင်က သူ့နွားတွေအကြောင်း အမျှင်မပြတ်အောင်ပြောရင်း လှည်းကိုမောင်းနေပါတယ်။ သူကလှည်းရှေ့ပိုင်းမှာထိုင်တယ်။ ကျုပ်က သူ့နောက်နား လှည်းနောက်မြီးပိုင်းမှာထိုင်တယ်။ သူကသာကျုပ်ကိုစကားတွေပြောနေတာ။ ကျုပ်ကငုတ်တုတ် အင်း၊ အဲ တောင်ပြန်ပြောမိရဲ့လားကို မသိတော့။ သူပြောတာကို မကြားတစ်ချက် ကြားတစ်ချက်။

"အလှည့်က ကောင်ကို လှည်းကျင့်လာတာကွ။ ဒီကောင်က လှည်းမနပ်သေးဘူး။ ခြံပေါက်လေးကွ။ စိတ်တော့ဆတ်တယ်မောင်။ အတိုင်ဘက်ကကောင်ကတော့ ခြောက်ချောင်းပွဲပေါက်ရှိသေးတာကွ။ ခြေကျ၊ လက်ကျလည်းလှ၊ ဘို့လေးကလည်းထောင်၊ အလျားလည်း ကောင်းတော့ လိုချင်သူပေါ့သကွ။ ဟိုနေ့က တောင်းပိုင်းသား သာအေးလေ ဆယ့်ငါးသိန်းပေးမယ်တဲ့။ မရောင်းသေးပါဘူးကွာလို့ပြောလိုက်ရတယ်။ ဒီအချိန်မှာ ပြန်ရှာရရင် မလွယ်ဘူးကွ။ ဒီလိုကောင်မျိုး ပြန်ရဖို့က"

ထွန်းမောင်က နွားသမားတစ်ပိုင်း တောင်သူ တစ်ပိုင်းပေါ့။ နွားချင်း အလဲအထပ်လည်း လုပ်တယ်။ နွားအရောင်းအဝယ်လည်း လုပ်တယ်။ တွက်ခြေအကိုက်ကြီးတော့မဟုတ်ပါဘူး။ ရှုံးတဲ့အခါရှုံး၊ မြတ်တဲ့အခါတော့မြတ်သတဲ့။ ခုပဲကြည့်လေ။ ပြောလည်းပြောနိုင်ပါပေ့ဗျာ။ ကျုပ်ကို တစ်ချက်ကလေးတောင် လှည့်မကြည့်။ နွားအကြောင်းပြောရလို့ကတော့ ထမင်းမေ့ ဟင်းမေ့ ပြောတယ်ဆိုတာ ထွန်းမောင်လိုကောင်မျိုးပေါ့။

(၆)

ညနေပိုင်း ကျနေမို့ နေ့လယ်ကလောက်တော့ မပူတော့ပါဘူး။ ဒါပေမယ့် ထွန်းမောင်ကြောင့် နားကတော့ကွက်ပြီး ပူနေရတုန်းပါ။ ကြာနီကန်ဆရာတော်ရဲ့ တရားတော်ထဲက မြက်ရိတ်တဲ့ကုလားလေးရဲ့အဖြစ်နဲ့ ကျုပ်အဖြစ်က ထပ်တူပါပဲ။ မြက်ရိတ်ရတာက နေပဲပူတာပါ။ တရားနာရတာက ခါးလည်းပူတယ်၊ နားလည်းပူသတဲ့။ ခုလည်း သူ့လှည်းစီးမိပါတယ်။ နားလည်းပူ၊ လှည်းဆောင့်လို့ ခါးလည်းပူနေပြီပေါ့။

ဟော. . ပြောရင်းဆိုရင်း ရွာထဲကို ရောက်လာပါပြီ။ လှည်းက လမ်းအမြောင်တစ်ခုကို ချိုးကွေ့အဝင်မှာ အကွေ့မှာရှိတဲ့ အိမ်ရဲ့ ဝင်းထရံကို တိုက်မိပါလေရော။ ဝင်းထရံက ထန်းပလပ်ပြားနဲ့ ရက်ထားတာရော၊ ဟောင်းနေတာရောကြောင့် လှည်းနဲ့တိုက်မိတယ်ဆိုရင်ပဲ ပြိုလဲပျက်စီးသွားပါတယ်။ ဒီတော့ ထွန်းမောင်ဒေါသထွက်ပြီပေါ့။

"ကဲကွာ. . . ကဲကွာ. . . သေကြစမ်း။ ဒါလေးတောင်လွတ်အောင် မသွားတတ်ဘူးလား"

"ဖြန်း. . . . . . ဖြန်း. . . . . . ."

ထွန်းမောင်တစ်ယောက်မှာ နွားတွေကို ပါးစပ်ကလည်းဆဲဆို အော်ငေါက်ရင်း လက်ကလည်း နှင်တံနဲ့ရိုက်ရင်း ပေါက်ကွဲနေပါတော့တယ်။

ကြည့်စမ်းပါဦးဗျာ။ သူ့လက်ထဲမှာ လိုရာထိန်းကျောင်းဖို့ နွားကြိုးတွေက ကိုင်ထားသေး၊ နှင်တံက ကိုင်ထားသေးတယ်လေ။ သူကောင်းကောင်းမထိန်းကျောင်းနိုင်လို့ ဒီလိုဖြစ်ရတာပေါ့။ သူသာ ဂရုတစိုက်လှည်းမောင်းခဲ့ရင် ဘယ်တိုက်မတုံး။ ကိုယ့်လုပ်ရပ်ကို ကိုယ်ပြန်မကြည့်ဘဲနဲ့ နွားတွေကိုအော်ငေါက်ပြီး ရိုက်တာကတော့ သူလွန်တာပေါ့။ ကိုယ့်မျက်ချေး ကိုယ်မမြင်ဆိုတာ ဒီလိုလူတွေကို ခေါ်တာပါ။ အကြီးကောင်ကိစ္စ ရှင်းပြီးရင်တော့ မပြန်ခင် ဒီကောင့်ကို မှန်ကြည့်ဖို့သတိပေးခဲ့ဦးမှပါ။

### ဆောင်းငွေ့နဲ့တူ ပြုအလှူ

ဆောင်းဦးအဝင် နွှဲဆင်ယင်
ငွေနှင်းသဘင် ခင်းပြီလေ့။
ငွေနှင်းသဘင် သီးမှည့်ဆင်
စပါးရွှေစင် ဝင်းပြီလေ့။
စပါးရွှေစင် ထွက်တိုးလျှင်
တောင်သူသခင် ပျော်ပြီလေ့။
တောင်သူသခင် မြူးကြွရှင်
စီးပွားစုံလင် တိုးပြီလေ့။
စီးပွားစုံလင် တောင်သူရှင်
မွန်မြတ်ဖြူစင် လှူပြီလေ့။
မွန်မြတ်ဖြူစင် ကုသိုလ်တွင်
မဂ်လမ်းနိဗ္ဗာန် ဝင်ပြီလေ့။
မဂ်လမ်းနိဗ္ဗာန် ဆောင်းသဏ္ဍာန်
အေးမြအမှန် ချမ်းသာတွေ့။
အေးမြအမှန် မြတ်နိဗ္ဗာန်
စိတ်မှာရည်သန် လှူမယ်လေ့။
လှူမယ်လေ့ လှူမယ်ဟေ့။

နောင်ရိုး(ကန့်ဘလူ)


## မျိုးဆက်သစ်ရင်ပြင်
## လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင် ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

***မျိုးဆက်သစ်ရင်ပြင်*** သို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

(စာတည်းအဖွဲ့)

ဆောင်းပါး

# စာပေတန်ခိုးဖြင့် နိုင်ငံ့ဂုဏ်မြင့်စေမည်

## ကျော်သူရ

ပုသိမ်တက္ကသိုလ်တွင်ကျင်းပသော ကလေးစာပေပွဲတော်နောက်ဆုံးနေ့၌ ကြိတ်ကြိတ်တိုးစည်ကားဟူသော သတင်းကိုဖတ်ရှုရသည်။ တလောက သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်တချို့ တဖြည်းဖြည်းနှင့်ကျဆုံးကုန်ဟူသော အသံကိုကြားလိုက်ရသည်။ သို့တိုင်အောင် ဖတ်ရှုရသော နေ့စဉ်သတင်းများနှင့်ပတ်ဝန်းကျင်၌ မြင်တွေ့နေရသော မြေပြင်အခြေအနေများအရ နိုင်ငံအဝန်း စာပေကိုစိတ်ဝင်စားသည့် နှုန်းထားအနည်းငယ် မြင့်တက်လာသည်ဟု ထင်မြင်မိသည်။

သို့ပါလျက် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်တချို့ အဘယ်ကြောင့်ကျဆုံးနေရသနည်း။ အကြောင်းကိုရှာကြည့်လျှင် စာပေကိုစိတ်ဝင်စားသည့် နှုန်းထားလျော့နည်းကျဆင်းသွား၍တော့ မဟုတ်တန်ရာ။ အခြားအခြားသောအကြောင်းရင်းများကြောင့်သာ ဖြစ်တန်ရာပါသည်။ နိုင်ငံအဝန်းစာပေပွဲတော်များ၊ စာပေစကားဝိုင်းများ ခပ်စိပ်စိပ်ပြုလုပ်လာသည်နှင့်အမျှ ကလေးသူငယ်၊ လူငယ်၊ လူရွယ်နှင့် လူကြီးများပါမကျန် စာပေကိုစိတ်ပါဝင်စားလာကြသည်။ စာဖတ်ရကောင်းမှန်းသိလာကြသည်။ မိမိတို့၏ သားငယ် သမီးငယ်များကို စာဖတ်ဖို့တိုက်တွန်းရကောင်းမှန်း သိလာကြသည်။ နောင်အနာဂတ် နိုင်ငံတော်ကြီး စည်ပင်သာယာဝပြောလာရေးကို ရှုမြင်လိုသူများအတွက် မုဒိတာပွားစရာပင်။ စာပေ၏ အကျိုးကျေးဇူးက အနမတဂ္ဂ အဖိုးထိုက်တန်ပေစွ။ စိတ်ကူးယဉ်ဆန်ရေပေါ်အရုပ်ရေး၊ လေပေါ်တိုက်အိမ်ဆောက်သည့် ပုံပမာနှယ် မဟုတ်ဘဲ စာပေ၏အကျိုးကျေးဇူးကို ထဲထဲဝင်ဝင်သိမြင်၍ စွမ်းစွမ်းတမံ ပုံဖော်ဆောင်ရွက်နေသူများ၏ ကျေးဇူးတရားက ကြီးမားလှသည်ဟု ဆိုချင်မိသည်။

လောကဥ္စနှုတ်ဖြင့် (ရှီးရှမ်းပြောပြီး)လုပ်ဆောင်သောအလုပ်မှာ အလွယ်ကူဆုံးဖြစ်၍ လက်တွေ့ကျကျ ထဲထဲဝင်ဝင်လုပ်ဆောင်ရသောအလုပ်သည် အခက်ဆုံးပင်ဖြစ်သည်။ နှုတ်ဖြင့် လေထဲတိုက်အိမ်ဆောက်ချင်သလား။ ဆောက်၍ရပါသည်။ နှုတ်ဖြင့် ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်ချင်သလား။ ကျော်၍ဖြတ်၍ရပါသည်။ အခြားတစ်ဖက်၌ အလွန်သေးငယ်သည့်အလုပ်ပင်ဖြစ်နေပါစေ၊ လက်တွေ့ကျကျ လုပ်ဆောင်တော့မည်ဆိုလျှင် ခက်ခဲနေတတ်ပါသည်။ အခက်အခဲများကြုံတွေ့ရမည်မှာ လောကဓမ္မတာပင် ဖြစ်ပါသည်။

သို့သော် တကယ်လုပ်လျှင် အဟုတ်ဖြစ်သည် စကားရှိပါသည်။ လူကြားကောင်း တရားကိုသာနာ၍ နှုတ်ဖြင့်အလုပ်လုပ်ခြင်းမဟုတ်ဘဲ တကယ်လက်တွေ့လုပ်ဆောင်နေခြင်းဖြင့် စစ်မှန်သော အကျိုးကျေးဇူးများရရှိလာမည်မှာ မလွဲဧကန် ဖြစ်ပါသည်။ ယနေ့သည် မနက်ဖြန်အတွက် သမိုင်းဖြစ်သည်ဆိုလျှင် စာပေဖတ်ရှုမှုနှုန်း မြင့်မားလာရေးကို စွမ်းစွမ်းတမံဆောင်ရွက်မှုများသည် နောင်တစ်ချိန်၌ သမိုင်းများပင် မဟုတ်ပါလော။ အနောက်ဥရောပနိုင်ငံတစ်နိုင်ငံတွင် ညအိပ်ရာဝင်ချိန်၌ ကလေးများကို မိဘများက စာအုပ်များဖတ်ကြားပြသပေးသည်ဟု မှတ်သားဖူးသည်။ ကောင်းမွန်မှန်ကန်သော လုပ်ဆောင်ချက်ပင်ဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အမျိုးသားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အနုပညာ စသည်တို့ကို တရားသေအယူအဆများဖြင့် လက်သီးလက်မောင်းတန်း၍ အာပေါင်အာရင်းသန်သန် အလှမ်းကျယ်ကျယ်

> နိုင်ငံအဝန်း စာပေပွဲတော်များ၊ စာပေစကားဝိုင်းများ ခပ်စိပ်စိပ်ပြုလုပ်လာသည်နှင့်အမျှ ကလေးသူငယ် လူငယ်လူရွယ်နှင့် လူကြီးများပါမကျန် စာပေကို စိတ်ပါဝင်စားလာကြသည်။ စာဖတ်ရကောင်းမှန်းသိလာကြသည်။ မိမိတို့၏ သားငယ် သမီးငယ်များကို စာဖတ်ဖို့တိုက်တွန်းရကောင်းမှန်း သိလာကြသည်။ နောင်အနာဂတ် နိုင်ငံတော်ကြီး စည်ပင်သာယာဝပြောလာရေးကို ရှုမြင်လိုသူများအတွက် မုဒိတာပွားစရာပင်။

မြင့်တင်ဖို့ ကြွေးကြော်နေခြင်းမျိုး မဟုတ်သောကြောင့် ကောင်းမွန်မှန်ကန်သော လုပ်ဆောင်ချက်ဟု ဆိုရခြင်းဖြစ်သည်။

စာပိုးဝင်၍ စာပေနှင့်စွဲမြဲစွာ အသက်အထက်ဆုံးနေထိုင်သွားသူအဖို့ မည်သည့်စနစ်၊ မည်သည့်ဝါဒမျှ ရိုက်သွင်းပေးနေစရာမလို။ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်သွားပါလိမ့်မည်။ တစ်ခုပဲရှိသည်။ လေ့လာသိရှိသော သုတ၊ ရသကို အခြေခံပြီး ဆပွားတွေးခေါ်မြော်မြင်မှု အလေ့အထများ အားကောင်းလာဖို့သာ အရေးကြီးသည်။ ဆိုရလျှင် စာပေမှာမွေ့လျော်အောင်၊ စာပေကို စွဲမြဲအောင်ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ပေးခြင်းသည် ကျွဲကူးရေပါဆိုသကဲ့သို့ တစ်ချက်ခုတ် အချက်ပေါင်းများစွာပြတ်သော ဆောင်ရွက်မှုတစ်ခုဖြစ်သည်။ စာဖတ်တတ်ပြီး စာမဖတ်သော မျိုးဆက်လက်သို့ နိုင်ငံကို ဝကွက်အပ်ခဲ့ရမည်ဆိုလျှင် စိတ်ချနိုင်ကြမည်မဟုတ်ဘဲ စာအုပ်စာပေကို ငယ်စဉ်မှစ၍ စွဲစွဲမြဲမြဲဖတ်ရှုသော အလေ့အထများနှင့် ထွန်းကားခဲ့သော မျိုးဆက်လက်သို့ ထားခဲ့ရမည်ဆိုလျှင် အလုံးစုံစိတ်ချနေမည်ဟု ယုံကြည်သည်။

သည့်အတွက်လည်း စာရေးဆရာအသီးသီးတို့က ရှုထောင့်အသွယ်သွယ်ဖြင့် သတင်းစာ၊ ဂျာနယ် စာမျက်နှာပြင်များပေါ်မှတစ်ဆင့် စာဖတ်ရှိန်မြင့်တက်လာစေရေးအတွက် စေ့ဆော်တိုက်တွန်းရေးသားနေကြသည်။ ထိုနည်းတူ နိုင်ငံတော်အနေဖြင့်လည်း အလေးထားဆောင်ရွက်နေသည်ကို သတင်းများ၌ တွေ့မြင်ဖတ်ရှုနေရသည်။ ဤသို့သော အဘက်ဘက်မှ စေ့ဆော်တိုက်တွန်းမှုများကြောင့် ယခုဆိုလျှင် ကျွန်တော်လက်လှမ်းမီရာ လက်တစ်ကမ်း ပတ်ဝန်းကျင်၌ စာအုပ်စာပေကို အပြိုင်အဆိုင်ဖတ်ရှုလာမှုများ တွေ့လာရသည်။

အထူးသဖြင့် ကျွန်တော်ရောက်နေကျ မြို့နယ်စာကြည့်တိုက်ဆိုလျှင် လူစည်ကားလာသည်။ တစ်နည်းအားဖြင့် စာကြည့်တိုက် အသုံးပြုသူများလာသည်။ ညနေပိုင်းဆိုလျှင် ကျောင်းသား ကျောင်းသူများဖြင့် တိုးမပေါက်ဖြစ်နေသည်။ ကျွန်တော်သည် အနီးစာကြည့်တိုက်ကို လွန်ခဲ့သော ငါးနှစ်ခန့်လောက်ကတည်းက အသုံးပြုလာခဲ့သူဖြစ်သဖြင့် ယနေ့ ကျောင်းသား ကျောင်းသူများနှင့် စာကြည့်တိုက်အသုံးပြုသူများပြားလာသည်ကို ကောင်းကောင်းသတိပြုမိပါသည်။ သူတို့အသုံးပြုပုံက ရေငတ်ချိန် ရေတွင်းထဲ ကျသူများနှယ်ဖြစ်ပါသည်။ လူတွေ စာငတ်နေကြသည်။ ခေတ်အဆက်ဆက် စာအုပ်စာပေနှင့် ဝေးခဲ့ရတော့ အငမ်းမရဖြစ်ကာ စာကိုဖတ်ချင်နေကြသည်။ အဲဒီအတွက် စာအုပ်များ လက်တစ်ကမ်းအလိုမှာ ရှိနေဖို့လိုလာသည်။ စာအဖတ်လိုက်လာသည့်အခါ စာအုပ်တွေရှိနေဖို့ လိုလာသည်။ အဲဒီအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနက အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနေမည်ဟု ယုံကြည်မိသည်။

အချုပ်ဆိုရလျှင် စာဖတ်ရှိန်မြင့်တင်ရေးဆောင်ရွက်ချက်များသည် ကောင်းမွန်မှန်ကန်သည့် ရည်ရွယ်ချက်ဖြစ်သကဲ့သို့ အချိန်ကောင်းအခါကောင်းလည်း ဖြစ်နေပါသည်။ ထပ်မံတိုးမြှင့်လုပ်ဆောင်သွားမည်ဟု ကြားသိရပါသည်။ မျှော်လည်းမျှော်လင့်ပါသည်။ ရေရှည်သွားနိုင်ပါစေဟုလည်း ဆုမွန်ကောင်းတောင်းနေမိပါသည်။ ။

## စုပေါင်းလှူချိန် ဘုံကထိန်

ဘုံကထိန် အလှူပွဲသို့
တူနှဲလို့ ပျော်ကြမယ်။
တို့မြန်မာရိုးရာဓလေ့မို့
စည်ကားလှတယ်။
လှူဒါန်းပေါ့ အလှူ့ပယ်
ပစ္စည်းအမယ် မျိုးစုံလှ။
စိတ်သဒ္ဓါရည် မွန်မြတ်ကောင်းလို့
စုပေါင်းလှူကြ။ ။
ကျေးရွာမကျန် ရပ်ကွက်အစ
တတ်စွမ်းသမျှ ကုသိုလ်ဝင်။
မြို့နယ်ပြည် တိုင်းဒေသများရဲ့
စုပေါင်းအားအင်။
များလှတဲ့ ပဒေသာပင်
နိဗ္ဗာန်ဝင် ရည်မျှော်မှန်း။
ရဟန်းရှင် သံဃာမြတ်တို့ကို
ဆက်ကပ်လှူဒါန်း။ ။

ရိုးရိုးလှ (ပျော်ဘွယ်)

## သစ်ပင်ကလေးများစိုက်ကြမယ်

သစ်ပင်လေးများ ပျိုးစိုက်ပါ
ဥတုချိန်မှန်မှာ
သဘာဝဘေး လွန်စွာဝေး
သစ်ပင်စိုက်ပျိုးပေး
ငှက်ကလေးများ ခိုနားရာ
အဲဒီသစ်ပင်မှာ
အရိပ်ရလာ အပွင့်သီး
အသက်ရှည်တဲ့နည်း။

နတ်သျှင် (ရွှေဂူ)

# ဒသဂီရိစိတ်ဓာတ်နှင့် လစ်ဗင်းတူဂဲသား

## မျိုးမင်းလတ်(မြို့သစ်)

၁

ဒသဂီရိအကြောင်းကို စာအုပ်ထဲတွင် ကျွန်တော်တို့ ဖတ်ဖူးကြသည်။ ဒသဂီရိက အချစ်ကြီးသည့်ဘီလူးပင်။ ရာမမင်းသား၏ကြင်ယာတော် သီတာဒေဝီမင်းသမီးလေးကို ချစ်ခင်မြတ်နိုးသူ။ လေးတင်ပွဲတွင် ရှုံးနိမ့်ခဲ့သည့် အကြွေးက မကျေနပ်ချင်စရာ။ ကောင်းခြင်းငါးဖြာ ခြောက်ပြစ်ကွာသည့် သီတာဒေဝီကို ရာမမင်းသားက သိမ်းပိုက်သွားသဖြင့် ဒသဂီရိ၏နှလုံးသားသည် စွေ့စွေ့ခုန်နေလိမ့်မည်။ မော်ရုံတောမှာတော့ ဒသဂီရိသည် မယ်သီတာကို ခိုးယူသွားနိုင်ခဲ့သည်။ နှစ်ကာလအတော်အတန်ကြာသည်အထိ မယ်သီတာသည် ဒသဂီရိ၏ လက်ထဲမှာပင်။ ရာမမင်းသားက ဒသဂီရိကို တိုက်ခိုက်အောင်မြင်သောအခါ မယ်သီတာကို ခေါ်ယူလာခဲ့သည်။ မယ်သီတာသည် ဒသဂီရိနှင့် တစ်စုံတစ်ရာ ကျူးလွန်ထားဖူးခြင်းမရှိကြောင်း မီးပုံထဲဆင်းကာ ရာမမင်းသားကို သက်သေပြခဲ့သည်။ ဤတွင် ဒသဂီရိဘီလူး၏စိတ်ဓာတ်က ချီးကျူးစရာပင်ဖြစ်သည်။ မိမိချစ်ခင်မြတ်နိုးသောမယ်သီတာအား အနိုင်ကျင့်ကာ အမှားတစ်စုံတစ်ရာ မကျူးလွန်ဘဲ စောင့်ထိန်းနိုင်ခဲ့လေသည်။

၂

ကျွန်တော်တို့လူငယ်များအကြားတွင် သမီးရည်းစားကိစ္စ အရှုပ်အရှင်းပြသနာများကို ကြားသိရသည့်အခါတိုင်း ဆရာမောင်သာချို၏ စာပေဟောပြောပွဲအသံဖိုင်လေးကို သတိရမိသည်။ ဆရာမောင်သာချို တာဝန်ထမ်းဆောင်ဖူးသည့် ကျောင်းတစ်ကျောင်းနားမှအဖြစ်အပျက်။ တက္ကသိုလ်ကျောင်းရှေ့ရှိ လက်ဖက်ရည်ဆိုင်၌ ဆရာမောင်သာချို ထိုင်နေချိန်တွင် ဆရာနှင့်ရင်းနှီးသော လက်ဖက်ရည်အဖျော်ဆရာက ဆရာ့ကိုလာတိုင်သည်။

တစ်နေ့က တက္ကသိုလ်ကျောင်းသားနဲ့ကျောင်းသူ စုံတွဲတစ်တွဲ လာထိုင်ကြောင်း၊ ထို့နောက် လူငယ်လေးက အဖျော်ဆရာထံလာကာ "ဦးလေး ကျွန်တော့်ကောင်မလေးသောက်မယ့် အအေးခွက်ထဲမှာ ဒီ(စိတ်နိုးကြွစေသော) ဆေးလေးထည့်ပေးပါဟု လာခိုင်းသော်လည်း အဖျော်ဆရာက ထည့်မပေးခဲ့သည့်အကြောင်း" ပြောသွားခဲ့သည်။ သတင်းစကားက လန့်လောက်စရာမို့ ဆရာမောင်သာချိုက ခပ်ကြမ်းကြမ်းမှတ်ချက်တွေ ပြောသွားခဲ့သည်။ "တက္ကသိုလ်ကျောင်းသားဖြစ်ပြီး ဒီစိတ်ဓာတ်တွေ ထားနေကြပြီလား။ ကိုယ်ချစ်ခင်မြတ်နိုးတန်ဖိုးထားမိသူကိုတောင်မှ အနုနည်းနှင့်မရလျှင် အကြမ်းနည်းနှင့် ချိုးဖျက်ကျူးလွန်ဖို့ ကြိုးစားသည့်စိတ်ဓာတ်"ဟူ၍ပင်။ ဤအဖြစ်အပျက်ကို ဦးတည်၍ ဆရာမောင်သာချိုက ဆောင်းပါးတစ်ပုဒ်လည်း ရေးထားဖူးသည်။ ခေါင်းစဉ်က "ဒသဂီရိကြားရင် ဖျားသွားမယ်"ဟူသတည်း။

၃

ကျွန်တော်တို့ရွာနားကမောင်ဖြူ (နာမည်လွှဲ) မင်္ဂလာဆောင်တော့ မင်္ဂလာဆောင်ပြီး ၁၀ ရက်ပင်မကြာလိုက်သေး အမျိုးသမီးတွင် ကိုယ်ဝန်နှစ်လရှိနှင့်နေပြီဖြစ်ကြောင်း သတင်းစကားထွက်လာသည်။ ထိုသတင်းကြားတော့ ကျွန်တော်တို့သူငယ်ချင်းတစ်စုသည် လစ်ဗင်းတူဂဲသား (မရခင် အတူနေခြင်း) အကြောင်းဆွေးနွေးမိကြသည်။ ပထမသူငယ်ချင်းက မောင်ဖြူတော်သည်ဟု ချီးကျူးလာသည်။ "ဒီခေတ်တွင် ကိုယ့်တာဝန်ကိုယူတတ်သူသည် အလွန်ရှားလာပြီဖြစ်ကြောင်း၊ ကိုယ့်တာဝန်ကိုမယူချင်ဘဲ ရှောင်ပြေးသူတွေအများကြီးရှိကြောင်း" ပြောလာသည်။ ဒုတိယသူငယ်ချင်းကမူ မောင်ဖြူ၏လုပ်ရပ်သည်မကောင်းကြောင်း ပြောလာသည်။ "ရည်းစားဆိုတာ ကိုယ်ချစ်ခင်မြတ်နိုးရသူဖြစ်ကြောင်း၊ မိမိချစ်ခင်မြတ်နိုးရသူကို လက်မထပ်ခင် ကြုံတင်အခွင့်အရေးမယူသင့်ကြောင်းနှင့် ချစ်သူ၏ရှေ့ရေးကို ရှေးရှု၍ အမြတ်တနိုးတန်ဖိုးထားသင့်ကြောင်း" ဆွေးနွေးလာသည်။ ကျွန်တော်သည် ဒုတိယသူငယ်ချင်းဘက်ကရပ်တည်ကာ "ကိုယ်ချစ်ခင်မြတ်နိုးသူအား ကြုံတင်အခွင့်အရေးယူခြင်းကို မလုပ်သင့်ကြောင်း၊ အတည်ယူမည်ဟုပြောကာ ကျူးလွန်ချင်ကြသော်လည်း ဘဝဟူသည်အတည်အမြဲမရှိသဖြင့် တခြားတစ်ယောက်နှင့် အိမ်ထောင်ကျမှ အနှောင့်အယှက်ဖြစ်တတ်ကြောင်း၊ အချို့သောသူများသည် ရည်းစားအများကြီးထားကာ လိုက်လံကျူးလွန်နေကြကြောင်းနှင့် နှစ်ဦးစလုံးကျင့်ဝတ်စောင့်ထိန်းခြင်းသည်အကောင်းဆုံးဖြစ်ကြောင်း" ဆွေးနွေးခဲ့သည်။ အကြောင်းကြောင်းကို ထောက်ဆလျှင် သမီးရည်းစားဘဝ(မရခင်)အတူနေခြင်း (living together)သည် အပြစ်မြောက်များစွာပင် ရှိနေသည်။

၄


ကျွန်တော်တို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးများသည် အခြေခံအကျဆုံးဖြစ်သော ငါးပါးသီလကို ထိန်းသိမ်းသူများဖြစ်သည်။ သေချာတွက်စစ်ပါလျှင် သူတစ်ပါးသားပျို သမီးပျိုနှင့် သားမယားဖျက်ဆီးခြင်းသည် ကာမေသုကံမြောက်ပါသည်။ အပြစ်ကျူးလွန်သူသည် "ငရဲမှာအပ ဝဋ်မှာအမြဲ"ဟူသော စကားကို သတိရသင့်သည်။

နှမသားချင်းကိုယ်ချင်းစာသင့်သည်။ သားသမီးချင်းကိုယ်ချင်းစာတရားထားကာ မကောင်းသည့်အပြုအမူကို တားဆီးသင့်သည်။ ထို့ကြောင့် အပြစ်ကျူးလွန်ခြင်းမှ ရှောင်ရှားသင့်လှပါသည်။

သမီးရည်းစားဘဝသည် ဖြူစင်သန့်ရှင်းသည်။ ဖြူစင်သန့်ရှင်းမှုကို အရောင်မဆိုးသင့်ပေ။ အလှဗေဒအရကြည့်လျှင်ပင် ချစ်သူဆိုသည်မှာ လေးစားတန်ဖိုးထားအပ်သည့် ပန်းကလေးတစ်ပွင့်ဖြစ်သည်။ထိုပန်းကလေးအား ချစ်ခင်မြတ်နိုးတန်ဖိုးထားခြင်းသည် အလှတရားဖြစ်သည်။အလှတရားသည် သစ္စာတရားပင်ဖြစ်သည်။ သစ္စာတရားကိုရင်ဝယ်ပိုက်လျက် မိမိချစ်မြတ်နိုးသော ပန်းကလေးအား တန်ဖိုးထား၍ဆံမြိတ်လည်းပြေပန်းလည်းကြွေကာ အညွန့်တုံးသွားစေမည့် အဖြစ်ဆိုးမှ ကာကွယ်စောင့်ရှောက်သွားရမည် မဟုတ်ပါလား ။ ။

ဝတ္ထုတို

## ■ မင်းကို(မြောက်ဦး)



ရင့်ရင့်သီးသီး ဆဲရေးတိုင်းထွာနေသည်။ ထိုမျှနှင့် အားမရသေးဘဲ ကိုယ်ထိလက်ရောက်ပါ ထိုးလိုက်သေးသည်။ အထိုးခံရသူသည် ဟန်ချက်မထိန်းနိုင်တော့ဘဲ ထိုင်နေသည့်ခုံနှင့်အတူ ပြိုလဲသွားသည်။

"အရှက်မရှိ သူများမယားကို အချောင်ကြံတဲ့ကောင် မင်းကို အသေတောင် သတ်ပစ်ချင်တာကွ"

ပြောဆိုသူ၏ မျက်လုံးများက ဒေါသအရှိန်ကြောင့် မီးဝင်းဝင်း တောက်လောင်နေသလို။ ဆဲဆိုကြိမ်းမောင်းနေရင်းနှင့် ဘေးဘီကိုတစ်ချက် ဝေ့ကြည့်သည်။ ထို့နောက် ဘယ်သူ့ကိုမှ ဂရုမစိုက်ဟန်ဖြင့် ဆိုင်အပြင်သို့ ရုတ်တရက် ထွက်သွားလေသည်။ ဆူညံနေခဲ့သော စားသောက်ဆိုင်သည် မီးကိုရေနှင့် ငြှိမ်းသတ်လိုက်သလို တိတ်ဆိတ်ငြိမ်သက်သွားသည်။

အထိုးခံရသူသည် ပါးစပ်တွင် ပေကျံနေသော သွေးစများကို လက်ခုံဖြင့်သုတ်ပြီး လဲနေရာမှ ကုန်းရုန်းထသည်။ ထရပ်နိုင်သော်လည်း ခန္ဓာကိုယ်က ဟန်ချက်မညီဘဲ ဘယ်ညာယိမ်းထိုးသွားသည်။ ထို့နောက် ဘေးဘီကို ဝေ့ကြည့်လာသည်။ အထိုးခံရသူ၏ မျက်နှာကို သေချာမြင်လိုက်ရသောအခါ၌ ကျွန်တော် အံ့သြသွားသည်။ ကိုမင်းဆွေ။ ဟုတ်သည်။ကျွန်တော် သိပ်တွေ့ချင်နေသော ကိုမင်းဆွေပင်။ သို့သော် ကိုမင်းဆွေဟု ယုံနိုင်စရာ မရှိတော့။ အပြောင်းလဲကြီး ပြောင်းလဲနေသည်။ တစ်ချိန်တုန်းက အသွေးအရောင်မျိုးမဟုတ်တော့။ မျက်နှာကို ရင်းရင်းနှီးနှီးသိထားသူမို့သာ ကိုမင်းဆွေဟု သေချာပြောနိုင်ခြင်းဖြစ်သည်။ ပိန်လှီပါးလျသောကိုယ်ခန္ဓာက ကိုမင်းဆွေဟု ယုံချင်စရာကို မရှိတော့ပေ။

ကိုမင်းဆွေအကြည့်က ကျွန်တော့်ဆီသို့ တစ်ချက်ရောက်လာသည်။ သို့သော်လည်း ကျွန်တော့်ကို မှတ်မိပုံတော့မရ။ သူ့မျက်လုံးများက အရက်ရှိန်ကြောင့် ရီဝေဝေဖြစ်နေပုံရသည်။ ရေချိန်တော်တော် ကိုက်နေပုံရသည်။ ဆိုင်တွင်းရှိ လူအားလုံးကိုကြည့်၍ တစ်ချက်ပြုံးသည်။ ကျွန်တော် မနေနိုင်တော့။

" ခင်ဗျား ကိုမင်းဆွေ မဟုတ်လား"

ကျွန်တော့်အမေးကြောင့် ထိုလူ၏ ပြုံးနေသောမျက်နှာတစ်ချက် တည်သွားသည်။ ထို့နောက် နှုတ်ခမ်းက တဖြည်းဖြည်း ပြန်လည်ပြုံးယောင်သန်းလာပြီးနောက် တဟားဟားနှင့် အတောမသတ်ရယ်မောလေသည်။

"ဟားဟားဟားဟား ဘယ်က ကိုမင်းဆွေလဲ ဘယ်သူလဲ ကျုပ်မသိဘူး ကျုပ်ဘာမှ မသိဘူး"

ရယ်မောရင်းနှင့်ပင် ထိုလူသည် ဆိုင်အပြင်သို့ ထွက်သွားတော့သည်။

"ကိုမင်းဆွေ ကိုမင်းဆွေ"

ကျွန်တော် မည်သို့ပင် အော်ခေါ်သော်လည်း လုံးဝလှည့်မကြည့်တော့ပေ။

သူ့အမည်က မင်းဆွေ။ လူပုံက အသားဖြူဖြူ အရပ်မြင့်မြင့် တုတ်တုတ်ခိုင်ခိုင်နှင့်။ သူ့ကို ကြည့်လိုက်တိုင်း တက်ကြွလန်းဆန်းသော ပုံစံနှင့် ဖော်ရွေသော အပြုံးတစ်ခုကို ဆင်မြန်း၍ တွေ့မြင်ရစမြဲပင်။

ကျွန်တော်တို့ရပ်ကွက်တွင် ကိုမင်းဆွေကို မခင်မင်သူဟူ၍ ရှိမည်မထင်ချေ။ ခင်မင်စရာကောင်းလောက်အောင်လည်း ကိုမင်းဆွေက လူတကာကို လိုအပ်လျှင် လိုအပ်သလို ကူညီပေးတတ်သူဖြစ်သည်။ ကိုမင်းဆွေ၏ နောက်ထပ်ထူးခြားသော အရည်အချင်းတစ်ခုမှာ လစဉ်ထုတ်မဂ္ဂဇင်းများတွင် ဝတ္ထုတိုများ၊ ကဗျာများ ရေးသားခြင်းဖြစ်သည်။ ကိုမင်းဆွေ၏ ဝတ္ထုတိုများ၊ ကဗျာများက အတွေးနက်ရှိုင်းသည်။ လောကကို စူးရှသောအမြင်နှင့် ရေးဖွဲ့နိုင်သည်။ စကားလုံး အသုံးအနှုန်းများကိုလည်း ထိထိမိမိ သုံးတတ်သည်။ ထိုအချိန်က ဝေနောင် ကလောင်အမည်ခံ ကိုမင်းဆွေ၏ ဝတ္ထုတိုများ၊ ကဗျာများ တစ်ခေတ်ဆန်းခဲ့သည်ဟုဆိုလျှင် လွန်မည်မထင်။

"ခင်ဗျား ရေးတဲ့စာတွေ၊ ကဗျာတွေ သိပ်ကောင်းတာပဲ ကိုမင်းဆွေ။ ကျွန်တော်လည်း ခင်ဗျားလို ရေးတတ်ချင်တယ်ဗျာ။ ကျွန်တော့်ကို သင်ပေးပါလားဟင်"

ကျွန်တော် ထိုကဲ့သို့ပြောလျှင် ကိုမင်းဆွေသည် အသာအယာ ပြုံးလျက်

"စာရေးတတ်ချင်ရင် စာများများ ဖတ်ပေါ့ကွာ၊ ရော့ ဒီစာအုပ်တွေဖတ်" ဟုပြောကာ သူ၌ အသင့်ပါလာသော ဝတ္ထုတိုစာအုပ်များ၊ ကဗျာစာအုပ်များကို ကျွန်တော့်အား ပေးသည်။

"အဲဒီစာအုပ်တွေဖတ်ပြီး မင်းရဲ့ ခံစားချက်၊ မင်းရဲ့ ယူဆချက်၊ မင်းရဲ့အမြင်တွေကို ငါ့ကိုပြောပြ"

"ဟုတ်ကဲ့ပါ ကိုမင်းဆွေ ကျွန်တော် သေသေချာချာ ဖတ်ကြည့်ပါ့မယ်"

သို့နှင့်ပင် ကိုမင်းဆွေဆီမှ ဝတ္ထုတိုသဘောတရားများ၊ ကာရန်ကဗျာ၊ ခေတ်ပေါ်ကဗျာများ၏ သဘောသဘာဝများ စသည်များကို သိရှိခွင့်ရခဲ့သည်။

ကိုမင်းဆွေတွင် ညီညီလှိုင်ဟုခေါ်သော ဝါသနာတူ သူငယ်ချင်းတစ်ဦးရှိသေးသည်။ ကိုညီညီလှိုင်သည် စာဖတ်သန်ကာ စာပေအကြောင်းများကို ဆွေးနွေးနိုင်သော်လည်း သူကိုယ်တိုင်က စာရေးသူတစ်ယောက် မဟုတ်ချေ။ သို့သော် စာပေကို လေးစားသူမို့ ကျွန်တော်တို့သုံးယောက် အတူတကွ ပေါင်းဖြစ်ခဲ့သည်။ လက်ဖက်ရည်ဆိုင်တွင် အတူဆုံဖြစ်ကြရင်း စာအကြောင်းပေအကြောင်း ပြောဆိုဖြစ်ကြသည်။ သို့သော်လည်း အချိန်ကာလတို့၏ ရွေ့လျားမှုနှင့်အတူ ကျွန်တော် တက္ကသိုလ်ဒုတိယနှစ်အရောက်တွင် အဖေတာဝန်ကျရာနယ်သို့ မိသားစုတစ်ခုလုံး ပြောင်းရွှေ့ခဲ့ကြရသည်။ မပြောင်းမီ တစ်ရက်အလိုက ကျွန်တော်နှင့် ကိုမင်းဆွေ စကားတွေ ပြောဖြစ်ခဲ့ကြသည်။

"ခုလို ခွဲခွာရမယ်ဆိုတော့ ကျွန်တော့် စိတ်ထဲ မကောင်းဘူးဗျာ။ ရင်ထဲမှာ တစ်မျိုးကြီးပဲ"

ကျွန်တော့်စကားကြောင့် ကိုမင်းဆွေ ပြုံးသည်။ ထို့နောက် တည်ငြိမ်သော လေသံဖြင့် ပြောသည်။

"တွေ့ဆုံကြတဲ့သူတိုင်း အချိန်တန်ရင် ခွဲခွာကြရတာ မမွှတာပဲကွ။ ဒါဟာ ဝမ်းနည်းစရာ မဟုတ်ဘူး။ အဓိကက ကိုယ်ဝါသနာပါတဲ့ အလုပ်နဲ့ လူတွေအတွက် အကျိုးပြုပေးနိုင်တဲ့လူ ဖြစ်ဖို့ပဲလိုတယ်။ ဒါမှလည်း လောကအတွက် တန်ဖိုးရှိတဲ့ လူတစ်ယောက် ဖြစ်လာမှာပေါ့။ အဲ ကံမကုန်လို့ ပြန်ဆုံတဲ့ တစ်နေ့မှာ အဖိုးတန်တဲ့ လူတွေအဖြစ်နဲ့ တို့တစ်တွေ ဆုံကြတာပေါ့ကွာ"

အတွေးမည်မျှ လွန်နေသည် မသိ။ ကျွန်တော့်အနားတွင် တစ်စုံတစ်ယောက် လာရပ်သောကြောင့် အတွေးစများ ပြတ်တောက်ကာ မော့ကြည့်လိုက်သည်။

"ဟင် ကိုညီညီလှိုင်"

ဝမ်းသာအားရ ခေါ်လိုက်မိသည်။ ဟုတ်သည်။ အနားတွင် လာရပ်သူက အခြားသူမဟုတ်။ ကျွန်တော် နောက်ထပ်တွေ့ချင်သူ တစ်ဦးဖြစ်သည့် ကိုညီညီလှိုင်ပင်ဖြစ်သည်။ ကိုညီညီလှိုင်က ကျွန်တော့်ကို ပြုံးကြည့်ရင်း ပြောလာသည်။

"ငါမင်းကို အဝေးက တူပါတယ်လို့ ကြည့်နေတာကွ"

"ထိုင်ဗျာ ကိုညီညီလှိုင်"

ကိုညီညီလှိုင်သည် ကျွန်တော့်ဘေးမှ ထိုင်ခုံတစ်ခုံကို ဆွဲယူထိုင်လိုက်သည်။

"ဒါနဲ့ မင်း ဒီကိုလာတာ အလည်သက်သက်ပဲလား. . အလုပ်အကိုင်တွေကော အဆင်ပြေရဲ့လား"

"လာတာကတော့ အလည်သက်သက်လို့ ပြောရမလားပဲ။ ကိုညီညီလှိုင် အလုပ်အကိုင်ကတော့ စာရေးတာပေါ့ဗျာ။ အခုလည်း ကိုယ့်ဒေသအကြောင်း လုံးချင်းဝတ္ထုရေးမလို့ ကုန်ကြမ်းလာရှာတဲ့ သဘောလည်း ပါတာပေါ့"

ကိုညီညီလှိုင် မျက်ခုံးတစ်ချက် ပင့်သွားသည်ကို ကျွန်တော်မြင်လိုက်ရသည်။

"ဟုတ်လှချည်လားကွာ။ ဒါနဲ့ လုံးချင်းဝတ္ထုတွေကို မင်း ဘာနာမည်နဲ့ရေးနေတာလဲ"

"လင်းဝေမိုး နာမည်နဲ့ပါ "

ကိုညီညီလှိုင် အံ့သြသွားပုံရသည်။ ထို့နောက် လှိုက်လှဲဝမ်းသာသော လေသံဖြင့် ကျွန်တော့်လက်ကို ဆွဲကာ ပြောလာသည်။

"တကယ်ဝမ်းသာ တကယ်လေးစားသွားပြီ ညီရေ။ မင်းရေးတဲ့ဝတ္ထုတွေက ဒီမှာ တကယ်ပေါက်တယ်ကွ။ ငါက စာအုပ်အငှားဆိုင်ဖွင့်ထားတော့ ပိုသိတာပေါ့"

ကိုညီညီလှိုင်သည် ဝမ်းသာအားရ ပြောဆိုနေရင်း ရုတ်တရက် မျက်နှာညှိုးမှိန်သွားသည်။

"အဲကွာ မင်းအောင်မြင်နေတာကိုတော့ ဝမ်းသာပါရဲ့။ ဒါပေမယ့် ငါတို့မင်းဆွေတစ်ယောက်ကိုတော့ တကယ်နှမြောတယ်ကွာ"

ကျွန်တော် သက်ပြင်းတစ်ချက် ချလိုက်မိသည်။

"အေးဗျာ ကိုမင်းဆွေတစ်ယောက် ဘယ်လို ဖြစ်သွားရတာလဲ ဟင်"

"မင်းတွေ့လိုက်တဲ့ အတိုင်းပဲလေ။ သူ့မျက်လုံးမှာ အရက်ချည်း မြင်နေတော့တာ။ ငါ့ကိုတောင် မှတ်မိတော့တာ မဟုတ်ဘူး"

"ကိုမင်းဆွေရဲ့ အကြောင်း ကျွန်တော့်ကို ပြောပြပါဦး ကိုညီညီလှိုင်"

ကိုညီညီလှိုင်သည် အဝေးသို့ ဆွေးဆွေးမြည့်မြည့် ကြည့်သည်။

"မင်းသတင်းတွေ ငါ ကြားနေရတယ် မင်းဆွေ၊ မင်း ဘာတွေ လုပ်နေတာလဲကွာ"

မင်းဆွေ မျက်မှောင် ကြုတ်သည်။

"မင်း ဘာတွေ လာပြောနေတာလဲ ညီညီ. . . ငါ ဘာလုပ်နေလို့လဲ"

"မင်း မသောင်းညွန့်တို့ အိမ်ကို ဝင်ထွက်နေတယ်ဆို၊ ပတ်ဝန်းကျင်လူတွေက မင်းနဲ့ မသောင်းညွန့်ကို အမျိုးမျိုး ဝေဖန်ပြောဆိုနေကြပြီကွ"

"ကျွတ် ကျွတ်"

မင်းဆွေ စုတ်သပ်လိုက်သည်။

"လူတွေက တကယ်ခွကျတာပဲ. . ငါ မသောင်းညွန့်ကို ရိုးရိုးသားသား ကူညီနေတာပါကွာ။ မင်းသိတဲ့ အတိုင်းပဲလေ။ ကလေးနှစ်ယောက်နဲ့ မသောင်းညွန့်ကို သူ့ယောကျ်ားက မညှာမတာ ပစ်ပြေးသွားတာလေ။ သူ့မှာ တခြားဆွေမျိုးရင်းချာလည်းမရှိတော့ တကယ် ဒုက္ခရောက်နေရှာတာကွ"

သူ ခေါင်းရမ်းလိုက်သည်။

"မဟုတ်ဘူး မင်းဆွေ. . မင်း မှားနေပြီ။မသောင်းညွန့်ကို မကူညီနဲ့လို့ ငါ မပြောဘူး၊ အဲ ဒါပေမယ့် ပတ်ဝန်းကျင်က အမြင်မတော်လောက်အောင်တော့ မလုပ်နဲ့ပေါ့။ နောက်ပြီး မင်းရဲ့တစ်ဖက်သားအပေါ် သနားတတ်တဲ့စိတ်ကို အခွင့်ကောင်းယူသွားရင်"

"တော်တော့ ညီညီ. . မင်း ဆက်မပြောနဲ့တော့။ ငါ့သိက္ခာရော မသောင်းညွန့်ရဲ့သိက္ခာရော မင်းစော်ကားလိုက်တာပဲ"

"မဟုတ်ဘူး မင်းဆွေ၊ ငါပြောတာ အဲဒီလို သဘောမျိုးမဟုတ်ဘူး"

သူ ပျာပျာသလဲ ငြင်းလိုက်သည်။

"တော်ပြီ ညီညီ. . . ငါ သွားမယ်"

ပြောပြောဆိုဆို လှည့်ထွက်သွားသော မင်းဆွေ ကျောပြင်ကို ငေးကြည့်ရင်း သူ သက်ပြင်း တစ်ချက်သာ ချလိုက်မိသည်။ ခရီးရောက်မဆိုက် ကြားလိုက်ရသည့် စကားကြောင့် သူရင်ဆို့သွားသည်။ "မင်းဆွေနဲ့ မသောင်းညွန့်တို့ တရားရုံးမှာ လက်ထပ်လိုက်ကြပြီတဲ့။ မင်းဆွေရဲ့ အဖေနဲ့အမေလည်း ရှက်လွန်းလို့ မင်းဆွေကို သားအဖြစ်က အမွေပြတ် စွန့်လွှတ်လိုက်တယ်တဲ့"

သူတော်တော်စိတ်မကောင်း ဖြစ်သွားသည်။ ဤကဲ့သို့ ဖြစ်လာမည်စိုး၍ သူအတန်တန်တားမြစ်ခဲ့ခြင်းပင်။ ခရီးပန်းလာသော်လည်း မနားဖြစ်ဘဲ မင်းဆွေနှင့် တွေ့ရန် ထွက်ခဲ့သည်။ ယိုင်နဲ့နဲ့ အိမ်ငယ်ထက်တွင် ကလေးနှစ်ဦး ဆော့ကစား နေကြသည်။ မသောင်းညွန့်က အိမ်အပြင်တွင် အဝတ်လျှော်နေသည်။ သူခြံထဲသို့ ဝင်လာသည်နှင့် မသောင်းညွန့်က ခေါင်းမော့ကြည့်သည်။

"မင်းဆွေ အိမ်မှာ ရှိရဲ့လား. မသောင်းညွန့်"

"ရှိတယ်လေ. . . အိမ်ထဲ ဝင်သွား"

အိမ်ထဲသို့မဝင်ဘဲ အိမ်ပြင်မှ အော်ခေါ်လိုက်သည်။

"မင်းဆွေ သူငယ်ချင်း အောက်ခဏဆင်းခဲ့ပါကွ ငါ ညီညီလှိုင်ပါ" အိမ်တံခါးပွင့်သွားပြီး မင်းဆွေအိမ်ပေါ်မှ ဆင်းလာသည်။ မသောင်းညွန့်သည် အဝတ်လျှော်နေရာမှ ထလာကာ သူ့ကိုတစ်လှည့် မင်းဆွေကို တစ်လှည့် ကြည့်လျက် အိမ်ထဲသို့ ဝင်သွားလေသည်။ မင်းဆွေသည် သူ့မျက်နှာကို မကြည့်ဘဲ ခေါင်းငုံ့ထားသည်။

"အဆင်ပြေရဲ့လား သူငယ်ချင်း"

"ပြေပါတယ်ကွာ"

ပြေပါတယ်ဟုဆိုသော်လည်း မင်းဆွေအသံက ဟိုအရင်လို တက်တက်ကြွကြွ အသံမျိုးမဟုတ်သည်တော့ အမှန်ပင်။ သူ သက်ပြင်းတစ်ချက်ချကာ မင်းဆွေကို ငေးကြည့်နေမိသည်။ ထိုစဉ် ပြင်းရှရှအနံ့တစ်ခုက သူ့နှာခေါင်းထဲ ထောင်းခနဲ တိုးဝင်လာသည်။

"မင်း အရက်တွေ သောက်ထားတာလား မင်းဆွေ"

မင်းဆွေက သူ့အမေးကို မဖြေဘဲ စကားလွှဲကာ မေးလာသည်။

"မင်းပြန်ရောက်တာ ကြာပြီလား ညီညီ"

"ခုပဲ ရောက်တာကွ . . . ရောက်ရောက်ချင်း မင်းဆီ လာခဲ့တာပဲ"

နှစ်ဦးသား စကားသံများ ခေတ္တ တိတ်ဆိတ်သွားသည်။

"ဘာပဲဖြစ်ဖြစ် ဖြစ်လာတဲ့ ဘဝမှာ အဆင်ပြေအောင် နေပေါ့ သူငယ်ချင်း. . . စိတ်လည်း ညစ်မနေနဲ့တော့"

"အေးပါကွာ"

"ကဲ ကဲ ငါသွားလိုက်တော့မယ် မင်းဆွေ"

မင်းဆွေ ခေါင်းညိတ်ပြလျက် သူ့ကို ကျောခိုင်းကာ အိမ်ထဲသို့ ဝင်သွားသည်။

နောက်တော့ မင်းဆွေ အရက်သမားလုံးလုံး ဖြစ်သွားတာပဲကွာ။ မသောင်းညွန့်နဲ့လည်း နေ့တိုင်း ရန်ဖြစ်တယ်တဲ့။ အဲလေ နေ့တိုင်းလူမှန်းသူမှန်း မသိအောင် မူးနေမှတော့ ဘယ်မိန်းမနဲ့ တည့်မှာလဲ"

ကျွန်တော် သက်ပြင်းတစ်ချက် မသက်မသာ ချလိုက်သည်။ "ဒါနဲ့ ကိုမင်းဆွေကို ထိုးကြိတ်ပြီး ဆိုင်ထဲက ထွက်သွားတာ ဘယ်သူတုန်းဗျ"

"အဲဒါ မသောင်းညွန့်ရဲ့ အရင်ယောကျ်ား လှဖေ ပေါ့။ သူလည်း မူးမူးလာတိုင်း မင်းဆွေကို ပြဿနာရှာပြီး ထိုးကြိတ်နေတော့တာပါပဲကွာ"

ပြောနေရင်း ပြောနေရင်းနှင့် ကိုညီညီလှိုင်၏ အသံက တိမ်ဝင်သွားသည်။

"အေးဗျာ ဒီလို လူတော်တစ်ယောက် မထင်မှတ်ဘဲ ဘဝပျက်သွားရတာ တကယ် စိတ်မကောင်းဖြစ်မိတယ်ဗျာ"

"ဒါနဲ့ မင်းဆွေကို မင်း သွားတွေ့ဦးမှာလား"

"မတွေ့ချင်တော့ပါဘူးဗျာ။ သွားတွေ့ရင်လည်း စိတ်မကောင်းထပ်ဖြစ်ရုံပဲ ရှိမှာပေါ့။ အလုပ်တွေ ရှိသေးလို့ ကျွန်တော်သွားလိုက်တော့မယ် ကိုညီညီလှိုင်"

ပြောပြောဆိုဆို ကျွန်တော်သည် ထိုင်နေရာမှ ထရပ်လိုက်သည်။ ဆိုင်အပြင်မှ နုပျိုသန်မာနေဆဲ သစ်ပင်တစ်ပင်သည် မည်သူတို့၏ ခုတ်ထစ်ခြင်းကို ခံလိုက်ရသည်မသိ။ငုတ်တိတိ ဖြစ်နေလေ၏။ ။

ဆောင်းပါး

## မောင်နွေလွမ်း(ကချင်မြေ)

# မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းဖော်ခြင်း

ကျွန်တော်တို့နေထိုင်ရာ လူ့ဘောင်လောကတွင် ကလျာဏမိတ္တတည်းဟူသော မိတ်ကောင်းဆွေကောင်းမှာ မရှိမဖြစ်လိုအပ်လှသည်။ ကျွန်တော်တို့တွင် သူငယ်ချင်း အပေါင်းအသင်း အများအပြားရှိသော်လည်း မိတ်ဆွေစစ် မိတ်ဆွေကောင်းမှာ လက်ချိုးရေတွက်ကြည့်လျှင် အလွန်နည်းပါးကြောင်း တွေ့ရမည်ဖြစ်သည်။

လူဆိုသည်မှာ တစ်ဦးတစ်ယောက်တည်း နေ၍မရ။ လူမှုပတ်ဝန်းကျင် လူ့အသိုက်အဝန်းနှင့် ကင်းကွာ၍မရ။ ငယ်စဉ်တောင်ကျေး ကလေးဘဝမှစ၍ တစ်ဦးနှင့်တစ်ဦး စိတ်တူကိုယ်တူ၊ ဝါသနာတူသူအချင်းချင်း ပေါင်းသင်းကြသည်။ ကျွန်တော်တို့ မြန်မာလူမျိုးများမှာ ပို၍ပင် အပေါင်းအသင်းခုံမင်ကြသည်။ကလေးဘဝ ဆော့ကစားသည့်အချိန်မှ ဘုရားသွားကျောင်းတက်သည့်အချိန်ထိ မိတ်ဆွေ အပေါင်းအသင်းများနှင့် တတွဲတွဲ။

သို့သော်လည်း သူ့အကြောင်းကိုယ်သိ၊ ကိုယ့်အကြောင်းသူသိ ကိုယ့်အကျိုးကိုလိုလိုလားလား ဆောင်ရွက်ပေးတတ်သော မိတ်ဆွေကောင်းမှာ ရှားပါးလှသည်။

ကိုယ့်အကျိုးကိုသာကြည့်တတ်ပြီး သူ့အကျိုးကို မလိုလားသော မိတ်ဆွေမျိုးမှာ ကြာရှည်ပေါင်းသင်း၍မရနိုင်သလို ရေရှည်ခံမည်လည်း မဟုတ်ပေ။ မိတ်ဆွေနှစ်ဦး၏ ပေါင်းသင်းဆက်ဆံရေးတွင် "ငါးရံ့ရတော့အတူတူ ငါးခူရတော့ ခွဲခြားခွဲခြား"လုပ်၍မရစကောင်း။ သာသည့်အခါသာ နာသည့်အခါနာမည်သာ။ အသေးအဖွဲ့ကိစ္စလေးများမှစ၍ နားလည်မှုမပေးနိုင်ကြလျှင် မိတ်ဆွေကောင်း မဟုတ်တော့။

"မိတ်ဆွေကောင်း စစ်၊ မစစ်ကိုသိချင်လျှင် ခရီးရှည်ထွက်ကြည့်"ဟု ပြောကြသည်။ အမှန်တကယ်လည်း ခရီးရှည်ထွက်ကြည့်ပါက အခက်အခဲများနှင့် ကြုံတွေ့ခဲ့လျှင် ရှောင်ဖယ်သွားမည့်သူလား၊ အတူတူ ရင်ဆိုင်ဖြေရှင်းမည့်သူလားဆိုသည်မှာ အနည်းနှင့်အများတော့ မြင်တွေ့ရမည်ဖြစ်၏။

စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများကြားတွင် အတု အယောင်မိတ်ဆွေမှာ ပို၍ပင်များသေးသည်။သာပေါင်း ပေါင်းကြသည်ကများ၏။ သာသည့်အခါပေါင်းပြီး မသာသည့်အခါ၊ ဒုက္ခရောက်သည့်အခါတွင် ဖယ်ကြဉ်သွားကြသည်။ တကယ်ဒုက္ခရောက်သည့်အချိန်တွင် ကယ်မည့်သူမရှိ၊ ကူညီမည့်သူမှာ ရှာမှရှားဟု ဆိုချင်သည်။ ကိုယ်ဖြင့် ကူညီရန်မဆိုထားနှင့် နှုတ်ဖြင့်အားပေးမည့်သူပင် ရှားလှသည်။

အခါတစ်ပါး၌ အရှင်အာနန္ဒာမှာ အတွေးတစ်ခုဖြစ်သည်ဆို၏။ ထိုအတွေး မှန်၊ မမှန်ကို မြတ်ဘုရားအား လျှောက်ထားလေသည်။ "အရှင်ဘုရား အဆွေခင်ပွန်းကောင်းကို ပေါင်းဖော်ယှဉ်တွဲ အမှီသဟဲပြုရခြင်းကြောင့် အလွန်တရာ အကျိုးကြီးမားလှပါပေ၏။ ထိုကဲ့သို့ မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းဖော်ရခြင်းကြောင့် မိမိ၏ရည်မှန်းချက်ပန်းတိုင်မှာ ခရီးတစ်ဝက်(၅၀ ရာခိုင်နှုန်း)ပြီးမြောက်နိုင်ပါပေသည်ဟုဆိုလျှင် မှန်ကန်ပါသည်လား ဘုရား"ဟု လျှောက်ထားရာ မြတ်ဘုရားက "မဟုတ်သေးဘူး အာနန္ဒာ"ဟု ငြင်းပယ်တော်မူသည်။ အရှင်အာနန္ဒာမှာ သုံးကြိမ်သုံးခါ လျှောက်ထားသော်လည်း "မမှန်သေးဘူး အာနန္ဒာ"၊ "လိုသေးတယ် အာနန္ဒာ" ဟူ၍သာ သုံးကြိမ်သုံးခါ ငြင်းပယ်တော်မူသည်။

"ညီတော်အာနန္ဒာ မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းဖော်ယှဉ်တွဲ အမှီသဟဲပြုရခြင်းသည် မိမိ၏အကြံအစည် အောင်မြင်လိုသော လုပ်ငန်းစဉ်မှာ ခရီးလမ်းဆုံး (၁၀၀ ရာခိုင်နှုန်းထိ)ပြီးမြောက်အောင်မြင်နိုင်ပေသည်" ဟု မိန့်ကြားတော်မူသည်။ ကလျာဏမိတ္တခေါ် မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းဖော်မိ၍ အကျိုးစီးပွားဖြစ်ထွန်းသွားကြသူများရှိသကဲ့သို့ ပါပမိတ္တခေါ် မိတ်ဆွေယုတ်နှင့် ပေါင်းဖော်မိ၍ အကျိုးစီးပွားပျက်သုဉ်းကာ ဒုက္ခပင်လယ်ဝေခဲ့ကြသူများလည်း ယနေ့ခေတ်တိုင်ရှိနေဆဲ။(ဒေဝဒတ်ကို ဆရာတင်မိသည့် အဇာတသတ်မင်းသားမှာ အပယ်ငရဲတွင်ခံနေရဆဲ ဖြစ်သည်)

ဤတွင် ကျွန်တော့်ဘဝတစ်ဆစ်ချိုး ကိုယ်တွေ့အကြောင်းလေးတစ်ခုကို တင်ပြပါရစေ။

ကျွန်တော်သည် ၁၉၈၆ ခုနှစ်က ဆယ်တန်းအောင်ပြီး ဒေသလိုအပ်ချက်အရခန့်အပ်ပေး၍ မူလတန်းပြဆရာအဖြစ်ဝင်လုပ်ခဲ့သေးသည်။၁၉၉၀ မှာ အဆင့်တူ၊ ဌာနတူသူနှင့် အိမ်ထောင်ကျသည်။ အိုးပိုင် အိမ်ပိုင်မရှိ။ အခန်းငှားဖြင့်နေရသည်။ သုံးနှစ်ခန့်ကြာတော့ သမီးလေးတစ်ယောက်ရသည်။ ကလေးက ချူချာလွန်းသည်။ကလေးစရိတ်၊ နေစရိတ်၊ စားစရိတ်က ကျွန်တော်တို့နှစ်ယောက်လစာနှင့် အဆင်မပြေတော့။ ထိုသို့သောအကြောင်းကြောင့် ကျွန်တော်အလုပ်ထွက်လိုက်သည်။ ရှိသည့်ငွေလေးနှင့် ချေးငှားပြီး ကျွန်တော်ဈေးထဲတွင် ဆီးထုပ်၊ မက်မန်းပေါင်းထုပ်၊ နေကြာစေ့ထုပ် စသည်များ ရောင်းသည်။ ထိုက်သင့်သလောက်တော့ ရောင်းရသည်။ တစ်လနှစ်ကြိမ်ခန့် မန္တလေးဆင်းရသည်။ ဤတွင် မိတ်ဆွေ ကျန်းမာရေးမှူးက အကြံပေးလာသည်။

"ခင်ဗျား ဆေးရောင်းပါလား ကျွန်တော် ခင်ဗျားဆီက ဝယ်ပေးမယ်"တဲ့။ သို့နှင့် ကျွန်တော် ဆေးဆိုင်ကလေး ဖွင့်ဖြစ်ခဲ့သည်။

အရင်းအနှီးငွေ များများစားစားမရှိ၍ မိုးကောင်းဈေးအတွင်းက ကိုမျိုးဆေးဆိုင်မှဝယ်ကာ ကျွန်တော်ပြန်ရောင်းသည်။ ဤလိုနှင့် ကျွန်တော့်ဆိုင်ကလေး တစ်နှစ်ထက်တစ်နှစ် ရောင်းအားတက်လာသည်။ ကိုမျိုးနှင့်လည်း အတော် ရင်းနှီးလာခဲ့၏။ ထိုအခါ ကိုမျိုးက "မင်းဆိုင်ဝယ်လိုအားများလာတာပဲ၊ မန္တလေးမှာဆေးဝယ်မလားငါပြောပေးမယ်"ဟု ဆိုလာသည်။ကျွန်တော့်မှာ မယုံကြည်နိုင်အောင်ပင်။ ကျွန်တော့်မှာ သူ့ဆီဆေးဝယ်နေသူ သူ့ဖောက်သည်ဖြစ်နေသောကြောင့် အံ့သြမိခြင်းဖြစ်သလို၊ ဂေါ်ရခါးလူမျိုးဖြစ်နေသောကြောင့်ပင်။ လူမျိုးခြားတစ်ယောက်က သူ့ဖောက်သည်ကို ထိုကဲ့သို့အကြံပြုသည်မှာ အံ့သြစရာပင် မဟုတ်ပါလား။ တကယ်လည်း မန္တလေးက သူဝယ်နေကျဆိုင်ကို ပြောပေး၏။ ပြောပေးသည်ဆိုရာတွင် အကြွေးရအောင်ပင် အာမခံပေးသည်။ ကိုမျိုး၏ကူညီပေးမှုကြောင့် ကျွန်တော့်ဆေးဆိုင်မှာ ပို၍အောင်မြင်လာခဲ့သည်။ ၁၀ နှစ်ခန့်အကြာတွင် အိုးပိုင်အိမ်ပိုင်နှင့်ဖြစ်ခဲ့သည်။ ယခုအချိန်အထိလည်း သူနှင့်ကျွန်တော် ဆက်ဆံရေးမှာ မပြောင်းလဲ။ ညီရင်းအစ်ကိုပမာ ကျွန်တော်အဆင်ပြေသည်ကိုကြည့်၍သူ့မှာ မုဒိတာပွားမြဲ။

ဤသို့ဆိုလျှင် မိတ်ဆွေကောင်းမှာ ကျွန်တော်တို့အတွက် မရှိမဖြစ်လိုအပ်လှပါသည်။ မိတ်ဆွေကောင်းကြောင့် ကျွန်တော့်ဘဝ တိုးတက်ပြောင်းလဲခဲ့သည်ကို ကိုယ်တွေ့အဖြစ်အပျက်ကလေးနှင့် နမူနာပြခဲ့ခြင်းဖြစ်ပါသည်။

ဤတွင် မိမိပေါင်းသင်းဆက်ဆံသူများအား မိတ်ဆွေကောင်းလား၊ မိတ်ဆွေတုလားဆိုသည်ကို အသွင်အပြင်ကြည့်ရုံနှင့်မသိနိုင်။ သို့ဆိုလျှင် မိတ်ကောင်းဆွေကောင်းဟုတ်၊ မဟုတ်ကို မည်ကဲ့သို့ ခွဲခြားမည်နည်း။ ဤကိစ္စနှင့်ပတ်သက်၍လည်း မြတ်ဗုဒ္ဓက "အင်္ဂုတ္တရနိကာယ် မိတ္တသုတ်"၌ အကျယ်တဝင့် ဟောကြားထားသည်။ မိတ်ကောင်းဆွေကောင်းနှင့်ပတ်သက်၍ ခွဲခြားသိနိုင်ပုံလက္ခဏာများမှာ

(၁) ပေးနိုင်ခဲသည့်အရာကိုပေးတတ်ခြင်း၊

(၂) သာမန်ပုဂ္ဂိုလ်များ မလုပ်ပေးနိုင်သည့်အရာကို လုပ်ပေးခြင်း၊

(၃) သည်းခံနိုင်သည့်အရာကိုသည်းခံခြင်း၊

(၄) ဒုက္ခရောက်နေသည့်အခါမှာ စွန့်ခွာမသွားခြင်း၊

(၅) လျှို့ဝှက်ရမည့်ကိစ္စကို လျှို့ဝှက်ဖုံးဖိပေးတတ်ခြင်း၊

(၆) ဘယ်ကိစ္စမျိုးသည် လျှို့ဝှက်သင့်ကြောင်း ပြောပြပေးတတ်ခြင်း၊

(၇) ပစ္စည်းဥစ္စာ ဆင်းရဲနွမ်းပါးသည့်အခါလည်း မထီမဲ့မြင်မပြုခြင်းတို့ ဖြစ်သည်။

ဆိုခဲ့သည့်အတိုင်း မြတ်ဗုဒ္ဓ၏ အဆိုအမိန့်များကို ကြည့်ခြင်းအားဖြင့် နိဗ္ဗာန်ကိုအာရုံပြုရမည့်အရေးမှာပင် ကလျာဏမိတ္တဟူသော မိတ်ကောင်းဆွေကောင်းမှာ အရေးပါသည်ဆိုလျှင် လူ့ဘောင်လောက ကြီးပွားတိုးတက်ရာ တိုးတက်ကြောင်းကိစ္စများမှာ ပို၍အရေးပါ အရာရောက်နေဦးမည်မှာ အမှန်ပင်ဖြစ်ပါ၏။ ထို့ကြောင့် လူတိုင်းလူတိုင်း မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းဖော် လက်တွဲနိုင်ကြပါစေဟု ဆုတောင်းပေးလိုက်ပါသည်။ ။

## ဒီရိပ်ညို

# လမ်းထက်က ချောက်

လက်ဖက်ရည်ဆိုင်ထဲ ဝင်လိုက်တာနဲ့ နှာခေါင်းထဲကိုမွှေးပျံ့တဲ့ ထမင်းကြော်နံ့က တိုးဝင်လာတယ်။ ခုံလွတ်တစ်လုံးမှာဝင်ထိုင်ရင်း ကော်ဖီမစ်ပလိန်းတစ်ခွက်မှာလိုက်ပြီး အိတ်ကပ်ထဲပါလာတဲ့ပိုက်ဆံကို ထုတ်ရေကြည့်လိုက်တာ နှစ်ထောင်စွန်းစွန်းလေးသာ။ ရှေ့မှဖြတ်သွားတဲ့ စားပွဲထိုးလေးလက်ထဲက ဝက်သားဟင်းနဲ့ ထမင်းကြော်ကိုကြည့်မိရင်း တံတွေးကိုမြိုချမိရော။ ဒီဆိုင်က ဝက်သားနဲ့ ထမင်းကြော်က အလွန်စားကောင်းတယ်လေ။ ထမင်းကြော် ဝက်သားနဲ့တစ်ပွဲဆိုရင် ရှစ်ရာ၊ ပလိန်းနဲ့ဆို တစ်ထောင်ကျသွားမယ်။ စားလို့မဖြစ်သေး။ ကားထဲမှာလည်း ဆီလက်ကျန်သိပ်မရှိတော့။ ပလိန်းကို အမြန်မော့သောက်လိုက်ပြီး ဆေးပေါ့လိပ်ကိုမီးညှိကာ ဆိုင်ထဲက အမြန်ထွက်ခဲ့လိုက်တယ်။

ကားမောင်းရင်းမျက်လုံးကို ဘေးဘီဝဲယာကစားနေရတယ်။ ခရီးသည် မြန်မြန်ရမှဖြစ်မှာလေ။ ဆီဈေးက ခရီးသည်ပတ်ရှာနိုင်တဲ့ဈေးမျိုးမဟုတ်ဘူး။ မနေ့ကပဲ တစ်လီတာကို တစ်ထောင်ကျော်ဖြစ်နေပြီ။ ဆီကုန်သက်သာစေဖို့ ဟိုနေရာဝင်ထောက်၊ ဒီနေရာဝင်ထောက်နဲ့ ခရီးသည်ရှာရတာ။ ဆီဈေးကသာ ခေါင်ခိုက်နေပြီး ဈေးကျတော့မရဘူး။ တက္ကစီတွေကလည်း ဖင်ချင်းတိုက်အောင် ပေါ်နေတော့ ခရီးသည်တွေက တစ်စီးမလိုက် တစ်စီးလိုက်မှာပဲဆိုပြီး ဈေးကို နင်းကန်ဆစ်တယ်။ ဗထူးဈေးနားရောက်မှပဲ ခရီးသည်တစ်ယောက် ကားစတားတာကြုံတော့တယ်။

"ပါရမီကားဝင်းထိပ် သွားချင်တယ် ဘယ်လောက်လဲ"

"သုံးထောင့်ငါးရာပါ"

"သွားနေကျ သုံးထောင်ပါဗျာ သုံးထောင်ပေးမယ်"

နောက်ကားက ဈေးမတည့်ရင်တင်ဖို့ ကားခေါင်းထိုးချလာတာကို နောက်ကြည့်မှန်ကနေမြင်လိုက်ရတယ်။ ဈေးဦးပေါက်လည်းဖြစ်၊ ဆီထည့်ဖို့လည်းလိုနေတော့ တက်ခိုင်းလိုက်ရတာပေါ့။

ပါရမီကားဝင်းကို လိုက်ပို့ပြီးတာနဲ့ ဆီငါးထောင်ဖိုးဖြည့်လိုက်ရတယ်။ လက်ထဲမှာ အကြွေတချို့ပဲကျန်တော့လို့ သက်ပြင်းရှည်ကြီးတောင်ချမိရဲ့။ ဒီလိုအချိန် ခရီးသည်သာရလို့ ငါးထောင်တန်၊ တစ်သောင်းတန်သာပေးရင် အမ်းစရာတောင်မရှိ။

"ပုဇွန်တောင်ဈေးသွားမယ် ဘယ်လောက်လဲ"

"ငါးထောင်ပါခင်ဗျာ"

သားသားနားနား ဝတ်ဆင်ထားတဲ့လူက ဈေးမဆစ်ဘဲ ကားခေါင်းထဲဝင်ထိုင်လိုက်တယ်။ ဈေးမဆစ်တာကိုပဲ တော်တော်ဝမ်းသာနေရပြီ။

"အဲကွန်းဖွင့်ပါဗျ အပြင်လေကဖုန်ကပ်တယ်"

"ဆီဈေးတွေတက်နေလို့ပါ ဆရာရယ်၊ ဆီဈေးကအခုဆိုရင်"

"ခင်ဗျားကိုငှားလာတာ ဈေးမဆစ်ဘူးနော်"

"ဟုတ်ကဲ့ပါဗျာ၊ ဖွင့်ပေးပါ့မယ်"

ကားလမ်းတွေက ပိတ်ကျပ်နေပြီး တောင်ဥက္ကလာကနေ ပုဇွန်တောင်ဈေးကို တစ်နာရီလောက် မောင်းလိုက်ရတယ်။ အရင်တုန်းကလို ဟိုကျော် ဒီကျော် တိုးဝှေ့မမောင်းရဲ။ ယဉ်ထိန်းရဲနဲ့တွေ့လို့ကတော့ အနိမ့်ဆုံး တစ်သောင်းခွဲနှစ်သောင်း ဒဏ်တပ်ခံရမှာ။ ပုဇွန်တောင်ဈေးကနေ မြို့ထဲပိုင်းတက်ခဲ့လိုက်တယ်။ မြို့ထဲမှာဆိုရင် ထောင့်ငါးရာ နှစ်ထောင်ခရီးတိုလေးတွေ အရမ်းများတယ်လေ။ ကားလမ်းတွေကျပ်တာကြောင့် အဝေးမလိုက်တော့ဘဲ ခေါက်တိုလေးတွေပဲ ဆွဲနေလိုက်တယ်။ နေ့လယ်လောက်ရောက်တော့ နှစ်သောင်းဝန်းကျင်ရနေပြီ။ မနက်ကတည်းက ပလိန်းတစ်ခွက်နဲ့ ရပ်တည်နေရတော့ ဗိုက်ကလည်း ဆာလောင်နေတာနဲ့ ကားကို ရေကျော်ဘက် မောင်းထွက်ခဲ့လိုက်တယ်။

"ဝက်ထမင်းပေါင်းတွေ၊ ဘဲထမင်းပေါင်းတွေ"

"ညီလေး ဝက်နဲ့တစ်ပွဲချကွာ"

ကော်ရည်ပျစ်ပျစ်ဆမ်းထားပြီး ဝက်သားကင်လေး နည်းနည်းဖြူးထားတဲ့ တန်ဖိုးနည်းထမင်းတစ်ပွဲ ရှေ့ကိုရောက်လာတယ်။ ဆာလောင်နေတဲ့အချိန် ငရုတ်သီးချဉ်ဘူးလေး ဖွင့်ပြီး အားရပါးရစားလိုက်တာ ထမင်းတစ်ပွဲ ခဏလေးကုန်သွားတော့တယ်။ လိုက်ပွဲတစ်ပွဲ ထပ်မှာလိုက်ပြီး ဝမ်းမီးကိုငြိမ်းလိုက်ကာ ပိုက်ဆံထုတ်ရှင်းလိုက်တယ်။ ထမင်းတစ်ပွဲ လိုက်ပွဲနဲ့မှ တစ်ထောင်။ မြို့ထဲလိုနေရာမျိုးမှာ တန်လွန်းသည်ပဲ ဆိုရမယ်။ ကားကိုဆီထပ်ဖြည့်ပြီး မိသားစုရေးအတွက် ရှာရဦးမယ်။ ဆီဖိုးက ဒီဈေးနဲ့ တစ်ရက်တစ်သောင်းဖိုး အနည်းဆုံး ထည့်မှရတာ။ အခုဆီဖိုးနဲ့ အုံနာကြေး တစ်သောင်းတော့ရနေပြီ။ ကျန်တဲ့အချိန် မိသားစုအတွက် ရှာပေဦးတော့။ အချိန်က မွန်းလွဲ ၂ နာရီထိုးခါနီးမို့ ကားပေါ်ပြန်တက်ရပြန်ရော။ နေ့လယ်ခင်းရဲ့အပူရှိန်၊ ကားကူရှင်ရဲ့အပူရှိန်က အဆင်မပြေတဲ့မိသားစု အဆင်ပြေအောင် ပူရတဲ့အပူထက် သာမယ်မထင်။

ထမင်းစားပြီးကတည်းက မြို့ထဲပြန်ပတ်နေပေမယ့် အခုအချိန်ထိ တစ်ကြောင်းမှမရသေး။ ဆီကို အလကားသက်သက်ဖြုန်းနေသလိုဖြစ်နေပြီ။ ဒါကြောင့် ဆေးရုံကြီးရှေ့ထိုးကာ ခရီးသည် ရလိုရငြား စောင့်နေလိုက်တယ်။

"အစ်ကို ကားအားလား"

"အားတယ် ညီလေး၊ ဘယ်သွားချင်လို့လဲ"

"မြောက်ဥက္ကလာ နှစ်ဈေး အစ်ကို၊ ဘယ်လောက်ပေးရမလဲ"

"ခုနစ်ထောင်တော့ပေးရမယ် ညီလေး၊ ဆီဈေးကြောင့်ပါ"

"ငါးထောင်ပဲထားပါ အစ်ကို၊ ကျွန်တော် ပိုက်ဆံပြတ်သွားလို့ပါ အခုအရမ်းအရေးကြီးနေလို့သာ ငှားရတာ"

"ဒါဆို လမ်းမှာခရီးသည်တားလို့ လမ်းကြုံရင်တင်မယ်နော် အစ်ကိုလည်း မကိုက်လို့ပါ"

"ရတယ်အစ်ကို၊ ကျွန်တော်ခေါင်းခန်းမှာ ထိုင်ပေးမယ်"

အချိန်ကုန်ခံပြီး စောင့်နေရမယ့်အတူတူတော့ လမ်းမှာလူကြုံရလိုရငြား လိုက်ခဲ့လိုက်တယ်။ ညနေပိုင်းဆိုတော့ အဆင်းလူရနိုင်တယ်လေ။ ထင်တဲ့အတိုင်း ဗဟန်းရောက်တော့ အောင်မင်္ဂလာ အဝေးပြေးတစ်ယောက် ငါးထောင်နဲ့ထပ်ရလိုက်တော့ နည်းနည်း အသက်ရှူချောင်သွားတယ်။

အောင်မင်္ဂလာအဝေးပြေးရဲ့ ကားရပ်နားစခန်း အပြင်ဘက်ကားပါကင်မှာ ကားကိုထိုးပြီး ခရီးသည်အထွက် စောင့်နေလိုက်တယ်။ အတွင်းကားပါကင်က အပြင်ကားတွေ ရပ်မရဘူး။ ခရီးသည်တောင်မှ သူတို့မငှားဘဲ အပြင်ထွက်လာတဲ့သူမှရတာ။ အထဲထိသွားခေါ်မိလို့ကတော့ အုပ်စုလိုက်ဝိုင်းဆော်ခံရနိုင်တယ်။ ညနေ ၅ နာရီက ကျော်နေပြီ။ ကားပြန်အပ်ရမှာက ၆ နာရီ။ ဝေးဝေးလံလံ လိုက်မရတော့။ ကားက စပေါ်ငွေမတင်နိုင်တော့ အိမ်ပေးမရဘူး။ မနက် ၆ နာရီ ညနေ ၆ နာရီအထိပဲ။ တော်ရုံလောက်နောက်ကျရင် ဘာမှမဖြစ်ပေမယ့် ၁ နာရီလောက်ဆိုရင် အပြောခံရတယ်။ အခုမှ လာငှားတဲ့သူတွေကလည်း အဝေးတွေချည်းပဲ။ ဘယ်လိုမှလိုက်မရ။ နောက်ဆုံး မထူးဇာတ်ခင်းပြီး ပွဲစားကိုအပြန်လမ်းကြောတည့်တာရှာခိုင်းလိုက်တယ်။ သူတို့က လူခေါ်တာတော့ ကျွမ်းတယ်။ ပိုက်ဆံတော့ ပေးရတာပေါ့။ အပြန် ခါလီပြန်ရမယ့်အတူတူတော့ ဆီဖိုးရလည်းမနည်းဘူးလေ။ သိပ်မကြာလိုက်ဘူး မြောက်ဒဂုံသွားမယ့်နှစ်ယောက်လာပို့တယ်။ ငါးထောင်ထဲက ပွဲစားကို တစ်ထောင်ပေး လေးထောင်ကျန်တယ်။ မနည်းပါဘူး။ ခါလီမပြန်ရတာဘဲ စိတ်ချမ်းသာရပြီ။

အုံနာအိမ်ရောက်တော့ ၆ နာရီ စွန်းစွန်း။ ကားသော့ကိုပေးလိုက်ပြီး အုံနာကြေး ရှင်းလိုက်တယ်။ အုံနာက ကားကိုပတ်ကြည့်ပြီး နှာခေါင်းရှုံ့တာမြင်လိုက်ရလို့စိတ်ပူလိုက်ရသေးတယ်။ ဘာများထိမိလာလဲပေါ့။

"ကားကလည်း ညစ်ပတ်နေတာပဲကွာ၊ ရေလေးဘာလေး မဆေးဘူးလား"

"ကားဆွဲမကောင်းတော့ ပတ်နေရတာနဲ့ အချိန်မရလို့ပါဗျာ"

"ဒါဆိုလည်း အခုဆေးသွားကွာ ကားက ကားရှုပ်ကိုမထွက်တော့ဘူး"

သူ့ဆန္ဒစကားတော့လည်း ရဲရတော့တာပေါ့။ ရေပုံးလေးဆွဲပြီး သေချာဆေးနေရတာနဲ့ အချိန်တော်တော်လင့်သွားတယ်။ အိမ်က မိန်းမကတော့ မျှော်နေတော့မှာပဲ။ မနက်လင်းကတည်းက အခုအချိန်ထိ မနားရသေးတော့ ငြီးစော်တောင်နံလာပြီ။ ရေမိုးချိုးပြီး နားချင်လှပြီလေ။

"မိန်းမရေ ကို ပြန်ရောက်ပြီနော်"

"ရေမိုးချိုးပြီး ခဏနားနေလိုက်နော်ကို၊ မိန်းမ ဟင်းချက်နေတာကျက်တော့မယ်"

"သားလည်းမတွေ့ပါလား"

"လမ်းပေါ်မှာ ဆော့နေတယ်လေ၊ ပြီးမှပဲ ခေါ်လိုက်တော့မယ်"

ရေကိုတဝကြီးချိုးလိုက်မှ လူလည်း လန်းဆန်းသွားတော့တယ်။ အသင့်ပြင်ထားတဲ့ ထမင်းဝိုင်းမှာ ဝင်ထိုင်လိုက်ပြီး မိန်းမလက်ရာ ဟင်းတွေကို တစ်ချက်ကြည့်လိုက်တယ်။ ဝက်သားဟင်းလို့သာပြောတာ အဆီတွေများနေတဲ့ ဟင်းကတစ်ခွက်။ ကန်စွန်းရွက်ကြော်နဲ့ ငပိရည် တို့စရာ။

"ဝက်သားက အဆီတွေများလှချည်လား မိန်းမရဲ့"

"ဒါတောင် အရင်ကလို ထောင့်ငါးရာဖိုးဝယ်မရတော့ဘူးကိုရေ၊ နှစ်ထောင်ဖိုး အနည်းဆုံးဝယ်ရတာ၊ ကန်စွန်းရွက်ဆို တစ်စည်းသုံးရာ၊ ဆန်၊ ဆီနဲ့ဆို တစ်နေ့ လေးငါးထောင်တော့ကုန်တာပဲ၊ သားရဲ့ ကျောင်းမုန့်ဖိုး၊ ကျူရှင်ဖိုးတွေနဲ့ မိန်းမလည်း ကိုပေးသမျှလေးနဲ့ လောက်ငအောင် မနည်းသုံးနေရတယ်"

"ဟုတ်ပါတယ်၊ ကုန်ဈေးနှုန်းတွေက အစစအရာရာ အကုန်တက်နေတာကိုး၊ ရှေ့သားအသားတုံးစား၊ ဖေကြီးက အဆီကြိုက်တယ်"

ထမင်းစားသောက်ပြီးတော့ သိပ်မကြာဘူး သားကအိပ်သွားတယ်။ လင်မယားနှစ်ယောက်တည်း တီဗွီဇာတ်လမ်းလေးကို အပျင်းပြေထိုင်ကြည့်ရင်း ရှာလို့ရသမျှထဲက မနက်ကားထွက်လို့ အဆင်မပြေရင် လိုရမယ်ရဆီဖိုး ငါးထောင်နှုတ်ပြီး မိန်းမကိုပေးလိုက်တယ်။

"ဆီဈေးတွေကျရင်တော့ အဆင်ပြေမှာပါ မိန်းမရယ်"

ညကတော့ သူ့သဘာဝအရ ဖြည်းဖြည်းချင်း နက်လာပြီး အချိန်တန်ရင် ရောင်နီသန်းလာစမြဲပင်။ ရုန်းကန်ရတဲ့ ဘဝတွေကတော့ ညထက်တောင်မှ စုန်းစုန်းချုပ်နေပြီး ရောင်နီဆိုတာ ဘယ်ဆီနေမှန်းမသိ။ နက်ရှိုင်းစွာနဲ့ မှောင်မိုက်နေတော့တယ်။

လက်ဖက်ရည်ဆိုင် အဝင်ဝရောက်တာနဲ့ နေ့တိုင်းရနေကျ ထမင်းကြော်အနံ့သင်းသင်းလေးက နှာသီးဖျားကနေတစ်ဆင့် စားချင်စိတ်ကို လှုပ်ခါနှိုးလိုက်တယ်။ ပါးစောင်နှစ်ဖက်ကနေ စိမ့်ထွက်ကျလာတဲ့ အရည်တွေကို ပြန်မြိုချလိုက်ပြီး နောက်နေ့ဆိုင်ပြောင်းထိုင်ဖို့ ဆုံးဖြတ်လိုက်တော့တယ်။ ။